Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

Vol. 5 / No. 11 | Established in 2004 | ၁၃၇၉ ခုနှစ်၊ တန်ခူးလကွယ်နေ့ (Tuesday, April 25, 2017)

MAI

# NCA စာချုပ်ကို စကားလုံး ပြောင်းလဲပြင်ဆင်ရန်ပင် လက်ခံမည်မဟုတ်ဟု ဒု-တပ်ချုပ်ပြောကြား

**နေပြည်တော်၊ ဧပြီ ၂၄**

တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) စာချုပ်ကို စကားလုံး ပြောင်းလဲပြင်ဆင်ရန်ပင် လုံးဝလက်ခံမည်မဟုတ်ကြောင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောကြားလိုက်သည်။

"အချက်တွေအားလုံးကို စကားလုံးပေါ်မှာ ပြောင်းလဲဖို့ပြင်ဆင်ဖို့ စဉ်းစားဖို့ကို လုံးဝလက်သင့်ခံလို့ မရပါဘူး။ အပြင်ဘက်ကပဲ သွားမလိုလို အတွင်းပိုင်းကပဲ သွားမလို ဘယ်လိုပဲရှိနေနေ NCA စာချုပ်ပါအတိုင်းပဲ သွားရမှာပဲ ဖြစ်ပါတယ်။ တက်ရောက်လာတဲ့ လက်မှတ်ထိုးထားတဲ့ ခေါင်းဆောင်တွေက စာ 28

**'ငါပြောတာ၊ ငါလိုချင်တာရမှ' ဆိုသည့် စိတ်ဓာတ်များ ပြောင်းလဲလာပြီဟု ယူဆကြောင်း ဒေါ်အောင်ဆန်းစုကြည် ဆို** စာ 2

**တရုတ်လွှမ်းမိုးမှုအောက်က မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် (အပိုင်း ၁)** စာ 18



ဓာတ်ပုံ – အောင်ထက်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့မှ ခေါင်းဆောင်များ နေပြည်တော်တွင် ဧပြီလ ၂၄ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့သည်

**တန်ဖိုးသင့်၊ တန်ဖိုးနည်းတိုက်ခန်း တစ်သောင်းကျော် ယခုနှစ်ကုန်တွင် ရောင်းမည်** စာ 3

**မြန်မာ့ပထမဆုံး ညစ်ညမ်းဗီဒီယို (Porn Movie) ရိုက်ကူးသူများကို အရေးယူမည်** စာ 2

**အင်္ဂလိပ်တို့ သိမ်းယူခဲ့သည့် နန်းတွင်းရတနာစာရင်း လန်ဒန်ရှေ့နေများ အကူအညီဖြင့် ပြုစုရန် ပြင်ဆင်** စာ 11

## လွှတ်တော်တွင် YBS ကိစ္စ ဆွေးနွေးသည့်ရက် ဝန်ကြီးချုပ် ခွင့်ယူ

**ရန်ကုန်၊ ဧပြီ ၂၄**

ရန်ကုန် ဘတ်စ်ကား ဝန်ဆောင်မှု (YBS) နှင့် ပတ်သက်၍ တိုင်းလွှတ်တော်ကိုယ်စားလှယ်များ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးသည့် ဧပြီလ ၂၄ ရက်တွင် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သူ တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ခြင်းမရှိဘဲ ခွင့်ယူခဲ့သည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် လွှတ်တော်အစည်းအဝေး စာ 28

## မိုင်းတွမ်းတွင် လေပြင်းတိုက်၊ အိမ် ၆၀ ကျော် ပျက်စီး

**ကျိုင်းတုံ၊ ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့တွင် ဧပြီလ ၂၃ ရက် မွန်းလွဲ ၂နာရီခန့်က လေပြင်းတိုက်ခတ်သဖြင့် နေအိမ် ၆၀ ကျော်ပျက်စီးခဲ့ပြီး လူဦးရေ ၂၀၀ကျော် လေဘေးသင့်ခဲ့ကြောင်း ယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။ စာ 28



Photo by TDS



# ‘ငါပြောတာ၊ ငါလိုချင်တာရမှ’ ဆိုသည့်စိတ်ဓာတ်များ ပြောင်းလဲလာပြီဟု ယူဆကြောင်း ဒေါ်အောင်ဆန်းစုကြည် ဆို

**နေပြည်တော်၊ ဧပြီ ၂၄**

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ၈ ဖွဲ့နှင့် တပ်မတော်အပါအဝင် အစိုးရအဖွဲ့နှင့် ဆွေးနွေးမှုများတွင် ‘ငါပြောတာ၊ ငါလိုချင်တာရမှ’ ဆိုသည့်စိတ်ဓာတ်များ ပြောင်းလဲလာပြီဟုယူဆကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA ) အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကိုနေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးအပြီးတွင် ၎င်းက “ငါပြောတာရမှ၊ ငါလိုချင်တာရမှ အလုပ်ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေကနေ ပြောင်းလဲလာတယ်လို့ ကျွန်မထင်ပါတယ်” ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။

“ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို မျက်ခြည်မပြတ်သွားနေဖို့လိုတယ်၊ တစ်ချိန်တည်းမှာ ခြေလှမ်းတွေကလည်း မှန်မှန်ကန်ကန်နဲ့ တက်ညီလက်ညီ ရှိဖို့လည်း အများကြီး လိုအပ်ပါတယ်” ဟု အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဥက္ကဋ္ဌလည်းဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

တစ်ချိန်က တစ်ဦးနှင့် တစ်ဦး စကားမပြောခဲ့သော အဖွဲ့အစည်းများ နှင့် ပုဂ္ဂိုလ်များသည် လက်ရှိအချိန်တွင် ဆွေးနွေးနိုင်ခြင်းသည် တစ်ချိန်က လက်မခံခဲ့သောကိစ္စများ၊ အတွေးအခေါ်နှင့် အမြင်များကို လက်ခံနိုင်လာပြီဆိုသော အခြေအနေကို ပြသနေခြင်း ဖြစ်ပြီး လက်ရှိဆွေးနွေးနေမှုများတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အမုန်းမပွားဘဲ မတူသောအမြင်များ ဆွေးနွေးမှုရှိသည်ကို တွေ့ရှိရကြောင်း အစည်းအဝေးအပြီးတွင် ၎င်းက မှတ်ချက်ပြုခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် လာမည့် မေလ ၂၄ ရက်နေ့တွင်အစိုးရသစ်၏ ဒုတိယ အကြိမ် ပင်လုံညီလာခံကို ၅ ရက်ကြာ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များကို ဖိတ်ကြားမည်ဖြစ်ကြောင်း သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မီဒီယာများကို ပြောသည်။

မေလ ၂၄ ရက်တွင် စတင်မည့် ညီလာခံတွင် အားလုံးလက်ခံနိုင်သော အခြေခံမူချနိုင်ဖို့ ထုတ်ပြန်နိုင်ရန်၊ သဲသဲကွဲကွဲမဖြစ်သော အချက်များကို လုပ်ထုံးလုပ်နည်းအဖြစ် တိတိကျကျ ရေးဆွဲရန်နှင့် စောင့်ကြည့်ကော်မတီမှ တင်ပြချက်များကို သဘောတူဆုံးဖြတ်ကြရန်၊ RCSS နှင့် တပ်မတော်အငြင်းပွားနေသော နယ်မြေသတ်မှတ်ချက်များကို ဆုံးဖြတ်ချက်ချပေးရန်၊ ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားဒေသများ တိုးတက်အောင် လုပ်ဆောင်ရန် ကိစ္စများကို ဆွေးနွေး ဆုံးဖြတ်မည်ဖြစ်ရာ လက်မှတ်မထိုးသေးသော အဖွဲ့များ ညီလာခံပါဝင်တက်ရောက်ခွင့်ကို UPDJC က လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။ ■

S-01



Photo - Zaw G

# ရေလဲကြီးတာ အချိန်မီ ပြုပြင်ပေးရေး ဆန္ဒဖော်ထုတ်

**ပုသိမ်၊ ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရေလဲကြီးကျေးရွာရှိ ရေလဲကြီးတာမှာမိုးရာသီတွင်သဘာဝဘေးအန္တရာယ် နှစ်စဉ်ကြုံတွေ့နေရသဖြင့် အချိန်မီ ပြုပြင်ပေးနိုင်ရေးအတွက် ဧပြီလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့တွင် ဒေသခံ ၁၂၀ ကျော်က ဆန္ဒထုတ်ဖော်ကြသည်။

“နှစ်တိုင်း မိုးရာသီရောက်ပြီဆိုရင် ရေကြီးနစ်မြုပ်တဲ့ ဒဏ်ခံနေရလို့ ရေလဲကြီးတာကို ပြုပြင်ပေးဖို့ရယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်မပေးတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို အရေး ယူပေးဖို့ ဆန္ဒဖော်ထုတ်ရတာပါ” ဟု ဆန္ဒဖော်ထုတ်ပွဲကို ဦးဆောင်သည့် ဦးသိန်းဇော်က ရှင်းပြသည်။

ရေလဲကြီးတာ ပြုပြင်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့(၄-၁၀-၂၀၁၆) တွင် မေးခွန်း မေးမြန်းခဲ့ပြီး တိုင်းအစိုးရက ပြုပြင်ပေးမည်ဟု ဖြေကြားခဲ့ကြောင်း သာပေါင်း မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဦး က ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စုတွင် ရေလဲကြီးတာ တည်ရှိကြောင်း၊ ဟင်္သာတမြို့နယ်မှ သာပေါင်းမြို့နယ်အထိ ငဝန်တာတည်ရှိပြီး ငဝန်တာ၏ အဆုံးဖြစ်သော ရေလဲကြီးရွာအနီးတွင် ရေလဲကြီးတာကို ၁၉၉၆ ခုနှစ်ခန့်က လယ်မြေ ၈၅ ဧကကို သိမ်းယူ၍ တည်ဆောက်ခဲ့ကြောင်း၊ အရှည် ၂မိုင် ၆ဖာလုံရှိပြီး တာကျိုးမှု ၃ကြိမ်ဖြစ်ပွားခဲ့ကာ လူထုအားဖြင့် ပြန်လည် ပြုပြင်ခဲ့သော်လည်း တာကျိုး ပေါက်မှုမှာ နှစ်စဉ်ဖြစ်ပွားကြောင်း ဒေသခံများထံမှ သိရသည်။

တာကျိုးမှု ဖြစ်သောကြောင့် ဒေသခံများက ရေဘေးရှောင်သည့် အနေနှင့် တာပေါ်တွင် ယာယီနေထိုင်လာခဲ့ရာ လူနေအိမ် ၃၁လုံး နှင့် တိရစ္ဆာန်ထားရန် တဲများစွာ ရှိလာကြောင်း၊ တိုင်းဒေသကြီးအစိုးရမှ တာကို ပြန်လည်ပြုပြင်ပေးရန် ဆောင်ရွက်လာသည့်အခါ တာပေါ်တွင် ယာယီနေထိုင်သော အိမ် ၁၇လုံးမှာ ကန့်ကွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး အစိုးရက ဒေသခံများ ညီညွတ်မှုရှိမှသာ တာပြုပြင်ခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တာပေါ်တွင် ကျူးကျော်နေထိုင်သူများကို ဥပဒေကြောင်းအရ ဖယ်ရှားပေးရန်နှင့် မဖယ်ရှားပါက တရားစွဲဆိုရန် ညွှန်ကြားခဲ့ကြောင်း ၎င်းတို့ထံမှ သိရသည်။

ယင်းညွှန်ကြားချက်ကို ဌာနဆိုင်ရာများမှ အရေးယူဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တာပေါ်နေထိုင်သူ အချို့ကို ပင် မြေစာရင်းဌာနမှ ပုံစံ(၇)ထုတ်ပေးထားကြောင်း၊ တိုင်းဒေသကြီးအစိုးရမှ ဒေသခံပြည်သူများ၏ ဘေးအန္တရာယ်အတွက် တာပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးရန် ရှိသော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာဝန်ထမ်းအချို့က မသမာမှုများ ဆောင်ရွက်နေသဖြင့် ဆန္ဒဖော်ထုတ်ရခြင်း ဖြစ်ကြောင်း ပုသိမ်မြို့သို့ လာရောက်ဆန္ဒဖော်ထုတ်ကြသည့်ဒေသခံများထံမှ သိရသည်။ ■

# မြန်မာ့ပထမဆုံး ညစ်ညမ်းဗီဒီယို (Porn Movie) ရိုက်ကူးသူများကို အရေးယူမည်

**ရန်ကုန်၊ ဧပြီ ၂၄**




မြန်မာ့ပထမဆုံး ညစ်ညမ်းဗီဒီယို ဇာတ်ကား (Porn Movie)ထွက်ရှိလာခြင်းနှင့် စပ်လျဉ်း၍ ရိုက်ကူးသူများကို အရေးယူနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စတင်စုံစမ်းနေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးက ပြောကြားသည်။

မြန်မာ့ပထမဆုံး ညစ်ညမ်းဗီဒီယို ဇာတ်ကားသည် ဧပြီလ ၂၄ ရက်တွင် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ကတစ်ဆင့် ပျံ့နှံ့ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ယင်းကိစ္စကို နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးထံသို့ The Voice က ဆက်သွယ်မေးမြန်းခဲ့ရာတွင် ယင်းသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ပထမဆုံး ညစ်ညမ်းဗီဒီယို ဇာတ်ကားကို Art of Myanmar Production ဟု အမည်ပေးထားသည့် ဖေ့စ်ဘွတ်ခ် စာမျက်နှာက ဖြန့်ချီခြင်းဖြစ်ပြီး ဇာတ်ကားရိုက်ကူးခြင်းဆိုင်ရာ အချက်အလက်များကိုလည်း ၎င်းတို့က အသေးစိတ် ဖော်ပြထားသည်။

Art of Myanmar Production သည် ဧပြီလ ၂၄ ရက်နေ့ နံနက်တွင် ယင်းမြန်မာ့ပထမဆုံး ညစ်ညမ်း ဗီဒီယို ဇာတ်ကား၏ လေးမိနစ်ကျော်စာ နမူနာကို ၎င်းတို့၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် စတင် လွှင့်တင်ခဲ့ကာ ဇာတ်လမ်းကြာမြင့်ချိန် နှစ်နာရီကျော်ကြာသည့် ဇာတ်ကားအပြည့်အစုံကိုမူ ဝယ်ယူသူများထံသို့ ရောင်းချပေးခဲ့ကြောင်း ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့လျက် ရှိသည်။

Art of Myanmar Production က ၎င်းတို့၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ “ဒီနေ့အတွက် အရောင်းခဏ ပိတ်ထားပါတယ်။ မနက်ဖြန် မနက် ၈ နာရီ ဆက်လက်ရောင်းချပါမယ်။ ဒီနေ့ စာ ၂၀၀၀ ကျော်ဝင်၍ Viber လည်း ပျက်သွားပြီး အခက်အခဲ ဖြစ်ခဲ့ရပါတယ်။ လိမ်လည်ခြင်း မရှိပါ။ ငွေလွှဲပြီး Link မရသေးသောသူများ ငွေလွှဲပြေစာပြပြီး Chat Box တွင် တောင်းလို့ရပါတယ်။ စာမပြန်ရသေးသောသူများ မနက်ဖြန်မနက် စာပြန်ပေးပါမယ်” ဟု ရေးသားလွှင့်တင်၍ဇာတ်ကားဝယ်ယူလိုသူများကို အသိပေးထားသည်။

Art of Myanmar Production သည် ၎င်းတို့၏ညစ်ညမ်းဗီဒီယိုဇာတ်ကားတွင် ပါဝင်သော သရုပ်ဆောင်များ၏ မျက်နှာများကိုမူ နည်းပညာဖြင့် အနည်းငယ်မှုန်ဝါးထားကာ ဇာတ်ကားအပြည့်အစုံတွင် သရုပ်ဆောင်များနှင့် အမေးအဖြေ ၁၅ မိနစ်စာလည်း ထည့်သွင်းပေးထားကြောင်း နမူနာလွှင့်တင်ရာတွင် အသိပေးထားသည်။ ■

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီးဝန်ထမ်း - (၅)ဦး
အဆောင်စီစဉ်ပေးမည်။
စိန်ကမ္ဘာရှည်မှုံစက်ရုံ A/4(a) ၊ (၆၂)လမ်း၊ သာဓုရေနယ်လမ်း။
ငွေတော်ကျိုကုန်ရုံကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
Ph : 09-6501608,09-6808176,02-5154824,09-769550477

## NEWS PHOTO




မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဓမ္မရာမတောရ ကျောင်းတိုက်တွင် ကျောင်းတိုက် ဆရာတော်အရှင်ဓမ္မရက္ခိတာလင်္ကာရ(ပိဋကတစ်ပုံအထူးဆောင်) အား ဧပြီလ ၂၄ ရက်နေ့က မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဘာသာ သာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုကို ဆက်ကပ်ပူဇော်ခဲ့သည်။

ဂုဏ်ထူးဆောင်ဆု ဆက်ကပ်ပူဇော်ပွဲကို မွန်ပြည်နယ် ဝန်ကြီးချုပ် အပြင် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့တက်ရောက်ခဲ့သည်။

# တန်ဖိုးသင့်၊ တန်ဖိုးနည်းတိုက်ခန်း တစ်သောင်းကျော် ယခုနှစ်ကုန်တွင် ရောင်းမည်

**ရန်ကုန်၊ ဧပြီ ၂၄**

မြန်မာတစ်နိုင်ငံလုံးတွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှ တိုက်ခန်း စုစုပေါင်း ၁၀၂၁၂ ခန်းကို ၂၀၁၇ ခုနှစ်တွင် အပြီးတည်ဆောက်ကာ ရောင်းချမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရှိရသည်။

ယခုလက်ရှိတွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရန်ကုန်မြို့တွင် တိုက်ခန်း ၈၇၁၂ ခန်း၊ နေပြည်တော်တွင် တိုက်ခန်း ၈၀ ခန်း၊ မုံရွာမြို့တွင် တိုက်ခန်း ၄၄၀ ခန်း၊ မကွေးမြို့တွင် တိုက်ခန်း ၃၀၄ ခန်းနှင့် ပုသိမ်မြို့တွင် တိုက်ခန်း ၆၇၆ ခန်းကို တည်ဆောက်လျက်ရှိကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေကို သန်လျင်၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွေမှာ ဒီနှစ်အပြီး တည်ဆောက်နေပါတယ်။ တည်ဆောက်ပြီးတာနဲ့ တိုက်ခန်းတွေကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB)မှာ အိမ်ရာဝယ်ယူဖို့ အကောင့်ဖွင့်ထားတဲ့သူတွေက တိုက်ခန်းတန်ဖိုး ၃၀ ရာခိုင်နှုန်း စုငွေပြည့်ရင် ဝယ်ယူနိုင်မှာပါ။ သက်ဆိုင်ရာတိုင်းအစိုးရအစီအစဉ်နဲ့လည်း အိမ်ရာမရှိတဲ့ ပြည်သူတွေကို ရောင်းချပေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။

ကျပ်သိန်း ၂၀၀ အောက်မှ ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးသင့်၊ တန်ဖိုးနည်းတိုက်ခန်းများကို အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပင်စင်စားများနှင့် ဝင်ငွေနည်းပါးသည့်ပြည်သူများကို ဦးစားပေးစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှသိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှ တိုက်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် တိုက်ခန်း ၈၀၀ ခန်း စုစုပေါင်းတိုက်ခန်း ၃၀၀၈ ခန်းကို တည်ဆောက်ရောင်းချပေးခဲ့ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရှိရသည်။

"ဝန်ထမ်းတွေနဲ့ ရတဲ့လစာနဲ့ တိုက်ခန်းတစ်ခန်းဝယ်ဖို့က ရန်ကုန်မှာ မဖြစ်နိုင်ပါဘူး။ အစိုးရအနေနဲ့ သိန်း ၁၀၀ အောက်တန်ဖိုးနည်းတိုက်ခန်းတွေကို များများတည်ဆောက်ပြီး နှစ်ရှည်အရစ်ကျနဲ့ ရောင်းချပေးမယ်ဆို ပိုအဆင်ပြေပါတယ်" ဟု ကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးဇော်ထွေးက ဆိုသည်။

■ **J-10**

# အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဝန်ထမ်းများကို သုံးလတစ်ကြိမ်သာ ဆုချီးမြှင့်မည်

**နေပြည်တော်၊ ဧပြီ ၂၄**

အခွန်ကောက်ခံ တိုးတက်မှုအပေါ် မူတည်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဝန်ထမ်းများကို သုံးလ တစ်ကြိမ် စောင့်ကြည့်ပြီး ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားခြင်းဖြစ်သည်။

အခွန်ထမ်းဝန်ထမ်းများကို ဆုချီးမြှင့်ရန် ၂၀၁၇ ပြည်ထောင်စုအခွန်အကောက် ဥပဒေပုဒ်မ ၃၇ တွင်ပုဒ်မခွဲ ၃ခုဖြင့် အတိအလင်း ပြဋ္ဌာန်းထားရာ ၃ လတစ်ကြိမ်ကောက်ခံရရှိသည့် အခွန်သည် ယခင်နှစ်များထက်များနေ ခြင်း၊ အဂတိကင်းရှင်းခြင်း စသည့်အချက်များကိုကြည့်၍ ပြည့်စုံသော ဝန်ထမ်းများကို ဝန်ကြီးဌာနသို့ တင်ပြ၍ ဝန်ကြီးရုံးက သတ်မှတ်သည့် ဆုကြေးငွေများကို ချီးမြှင့်မည်ဟု ၎င်းက ပြောကြားသည်။

"လစာတိုးတာလည်း မဟုတ်ပါဘူး၊ လစာနှစ်ဆတိုးတာလည်း မဟုတ်ပါဘူး၊ ဆုကြေး သို့မဟုတ် ဘောနပ်စ်လိုဟာမျိုးပါ"ဟုဒုတိယဝန်ကြီးက ဆိုသည်။

မြန်မာနိုင်ငံ၏ ၂၀၁၆-၂၀၁၇ အခွန်ကောက်ခံရရှိမှုသည် GDP နှင့် နှိုင်းယှဉ်လျှင် ၇ ရာခိုင်နှုန်းရှိကြောင်းနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ၁၅ ရာခိုင်နှုန်းရှိသည် ဟု စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

အခွန်ထမ်းကြီးများ ဆိုင်ရာ အခွန်ရုံးကို ၂၀၁၄ ခုနှစ်တွင် အခွန်ထမ်းကုမ္ပဏီ ၄၅၀ ဖြင့် စတင်ဆောင်ရွက်ခဲ့သည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

■ **တင်လင်း**




# ကျိုင်းတုံတွင် လျှပ်စစ်မီးရရှိမှု အခက်အခဲ ကုမ္ပဏီနှင့် ဒေသခံများ တွေ့ဆုံ ရှင်းလင်းမည်

**ကျိုင်းတုံ၊ ဧပြီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ၂၄နာရီ လျှပ်စစ်မီး ရရှိမှု အခက်အခဲများနှင့် ပတ်သက်၍ ဧပြီလ ၂၇ ရက်တွင် မြို့တော်ခန်းမ၌ လျှပ်စစ်ဖြန့်ဖြူးခွင့်ရ ကုမ္ပဏီမှ တာဝန်ရှိသူနှင့် ဒေသခံများက တွေ့ဆုံကာ ရှင်းလင်းမည် ဖြစ်ကြောင်း လျှပ်စစ် ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့် ရရှိထားသည့် ကျိုင်းတုံစွမ်းအင်ကုမ္ပဏီထံမှ သိရသည်။

ကျိုင်းတုံမြို့တွင် ၂၄နာရီ လျှပ်စစ်မီး ရရှိရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့်ကို ၂၀၁၃ ခုနှစ်က စတင်ကာ ကျိုင်းတုံစွမ်းအင် ကုမ္ပဏီက ရရှိခဲ့ရာ လက်ရှိအထိ ၂၄နာရီ လျှပ်စစ်မီးရရှိရန် အခက်အခဲများ ရှိနေခြင်းနှင့် ပတ်သက်၍ ဒေသခံများကို တွေ့ဆုံ ရှင်းလင်း မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးမြင့်နိုင်က ပြောကြားသည်။

"၂၄နာရီ လျှပ်စစ်မီး မရလို့ဆိုပြီး ဒီလကုန်ခါနီးမှာ ဒေသခံတွေက ဆန္ဒထုတ်ဖော်မယ်လို့ သိရတယ်၊ ကုမ္ပဏီ အနေနဲ့ကလည်း ရေအားလျှပ်စစ် စက်ရုံအဟောင်းနှစ်ခု အပါအသစ် နှစ်ခုတည်ဆောက်ပြီး မီးပေး နေပေမယ့် နွေရာသီမှာ အခက်အခဲဖြစ်နေတယ်၊ ဒါ့ကြောင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီက အဖွဲ့ဝင်တွေ၊ ကုမ္ပဏီ၊ မြို့မိမြို့ဖတွေ ဒီနေ့ နေ့လယ်က တွေ့ဆုံပြီး ပြည်သူကို ရှင်းပြပေးဖို့ ဆုံးဖြတ်ကြတယ်" ဟု ကျိုင်းတုံ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေဦးက ပြောဆိုသည်။

ကျိုင်းတုံစွမ်းအင် ကုမ္ပဏီအနေနှင့် ၂၀၁၆ခုနှစ်မတိုင်မီ ၁၈နာရီနှင့် ၂၀၁၆ ခုနှစ်တွင် ၂၄နာရီ လျှပ်စစ်မီး ရရှိရန် ကတိပြုပြီး နိုင်ငံတော်ထံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရှိကာ ယခင် တစ်ယူနစ်၃၅ကျပ်မှ ၁၀၀ကျပ်နှင့် ၁၆၀ကျပ်အထိ တိုးမြှင့် ကောက်ခံခွင့် ရယူခဲ့သော်လည်း လက်ရှိအထိ ၂၄နာရီ လျှပ်စစ်မီး မရသေးကြောင်း၊ လျှပ်စစ်မီး ၂၄နာရီ ရရှိရေးအတွက် ယင်းကုမ္ပဏီကို ဧပြီလ နောက်ဆုံးပတ်တွင် စုပေါင်းဆန္ဒဖော်ထုတ်မည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

ကုမ္ပဏီအနေနှင့် ၂၄နာရီလျှပ်စစ်မီးရရှိရန်အတွက် ကျပ်သိန်းပေါင်း တစ်သိန်းခန့်အသုံးပြုကာ ရေအားလျှပ်စစ်စက်ရုံ အသစ်နှစ်ခု အပါအဝင် အခြား လိုအပ်သည်များ တိုးချဲ့လုပ်ဆောင်နေကြောင်း၊ လက်ရှိတွင် ရေအားလျှပ်စစ်စက်ရုံအသစ်နှစ်လုံး အပါအဝင် ယခင်စက်ရုံ အဟောင်းနှစ်လုံးကို လည်ပတ်ကာ လျှပ်စစ်မီး ဖြန့်ဖြူးပေးလျက်ရှိသော်လည်း ယခင်က ကီလိုဝပ် ၂၄၀၀ အသုံးပြုရာမှ ၆၂၀၀ကီလိုဝပ်အထိ တိုးမြှင့်သုံးစွဲလာကာ ရေနည်းပါးသည့် နွေရာသီကာလမှလွဲ၍ ကျန်ကာလများတွင် ၂၄နာရီပေးနေကြောင်း ယင်းကုမ္ပဏီ၏ထုတ်ပြန်ချက်အရ သိရသည်။

■ R-16




ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ကုမ္ပဏီနှင့် တာဝန်ရှိသူများ တွေ့ဆုံစဉ်




# ရွာသားကို နားရင်းအုပ်မှု တနင်္သာရီလွှတ်တော် ကိုယ်စားလှယ် ပြန်တောင်းပန်

**မြိတ်၊ ဧပြီ ၂၄**

လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသော တနင်္သာရီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်က ရွာသားတစ်ဦးကို ကိုယ်ထိ လက်ရောက် ကျူးလွန်ခဲ့မှုကို ဧပြီလ ၂၄ ရက်တွင် ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက ပြန်လည်တောင်းပန်ခဲ့သည်။

ပဝရွာမ နေအိမ်တစ်လုံးတွင် ကိုယ်ထိလက်ရောက်ခံရသူ ပဝရွာမနေ ဦးထွန်းလှအပါအဝင် တနင်္သာရီနှင့် မြိတ်မြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာသားများပါသည့် တောင်းပန်သည့် အခမ်းအနားကို ပြုလုပ်ခဲ့သည်။

"ကျွန်တော် မဲဆန္ဒရှင်ပြည်သူအားလုံးကို တောင်းပန်ပါတယ်။ နောက်နောင် ဒီလိုမျိုး မဖြစ်စေရဘူးလို့ ကတိပေးပါတယ်" ဟု တနင်္သာရီ လွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်ဆွေကပြောသည်။

မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ပဝချောင်းထဲရွာရှိ စာသင်ကျောင်းဆောင်၏ သစ် သတ်မှတ်အရည်အသွေး ပြည့်မပြည့်ကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အုပ်ချုပ်ရေး၊ ဆောက်လုပ်ရေး တာဝန်ရှိသူများတို့က ဧပြီလ ၈ ရက်က သွားရောက်စစ်ဆေးခဲ့စဉ် ယင်းသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ စစ်ဆေးနေစဉ် ပဝရွာမနေ ဦးထွန်းလှဆိုသူက ဝင်ရောက်ဆွေးနွေးခဲ့သည်ကို လွှတ်တော်ကိုယ်စားလှယ်က ပြန်လည် ရှင်းပြခဲ့ပြီး ပဝချောင်းထဲရွာသားများ၊ အမျိုးသမီးတစ်ဦးတို့နှင့် ဦးထွန်းလှတို့ နှစ်ဦးနှစ်ဖက် အချေအတင်စကားများရာမှ ပွတ်တိုက်မှုဖြစ်မည်ကို စိုးရိမ်ကာ ဝင်တားရာမှ လက်ရောက်မှုဖြစ်သွားခဲ့ရကြောင်း ဦးရဲမြင့်ဆွေက ဆိုသည်။

"ပြည်သူတစ်ယောက်အနေနဲ့ ဝင်ပြောမိတာ ပါးရိုက်ခံရတာကို ဘာမှလည်း မတုံ့ပြန်ဘူး။ လက်တုံ့ပြန်ဖို့လည်း မရှိပါဘူး" ဟု ကိုယ်ထိလက်ရောက်ခံရသူ ဦထွန်းလှက ပြောသည်။

ဦးထွန်းလှက ကိုယ်စားလှယ် တောင်းပန်သည်ကို ကျေနပ်ခဲ့သည်။

"ပြည်သူတစ်ယောက်အနေနဲ့ ဝင်ပြီးတင်ပြတာပါ၊ ကိုရဲမြင့်ဆွေကလည်း ဖြေနေတာပဲ။ အကြောင်းတရားက ဘာမှ ထူးခြားမှု မရှိပါဘူး။ အချေအတင်ဖြစ်ရင်း ခုလိုဖြစ်ရတာပါ" ဟု ပဝရွာသား ဦးစန်းလွယ်က ပြောဆိုသည်။

ဦးရဲမြင့်ဆွေမှာ ယေဘုယျအားဖြင့် တိုင်းအတွင်း နာမည်ရသော တက်ကြွသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။

■ Dawei Watch

# ၁၄ နှစ် မိန်းကလေးကို အဓမ္မပြုကျင့်သူကို ထောင်ဒဏ် အနှစ် ၂၀ အမိန့်ချ

**ရန်ကုန်၊ ဧပြီ ၂၄**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ် (၂၆) ရပ်ကွက်တွင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးကို ခြိမ်းခြောက်အဓမ္မပြုကျင့်ခဲ့သည့် အသက် ၆၀ အရွယ် အမျိုးသားကို အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အရှေ့ပိုင်းခရိုင်တရားရုံးထံမှ သိရသည်။

"ကလေးမလေးက ရပ်ကွက်ထဲ အလှူခံဖို့ထွက်သွားတာ၊ အခု ပြစ်မှုကျူးလွန်တဲ့သူ အိမ်ရှေ့ရောက်တော့ လူမစုံသေးဘူး၊ အိမ်ပေါ်တက်ခဲ့ဆိုတာနဲ့ တက်သွားရာက အဓမ္မပြုကျင့်ခံခဲ့ရတာပါ၊ ပြီးတော့ ကလေးမလေးကို အခြားသူတွေ မပြောနဲ့ ပြန်ပြောရင် သူ့ညီမလေးကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်၊ အဲဒီအချိန်ကတည်းကစ နောက်ပိုင်း ဒီလိုပဲ ဆက်ပြီး အဓမ္မပြုကျင့်ခဲ့တယ်လို့ စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်" ဟု ယင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထောင်ဒဏ်ချမှတ်ခံရသူဦးသံချောင်းနှင့် အဓမ္မပြုကျင့်ခံရသူ မိန်းကလေး၏ မိသားစုတို့မှာ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်ကရင်းနှီးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့က အသက် ၁၄ နှစ်အရွယ် သမီးဖြစ်သူမှာ အနေအထိုင်ပျက်ယွင်းနေသဖြင့် ဆီးစစ်ကြည့်ရာ ကိုယ်ဝန်ရရှိသည့် လက္ခဏာပြနေသဖြင့် နီးစပ်ရာဆေးခန်းသို့ ခေါ်ဆောင်ပြီး ထပ်မံစစ်ဆေးခဲ့ရာ ကိုယ်ဝန်သုံးလကျော်ရှိနေသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် သမီးဖြစ်သူကို မေးမြန်းရာမှ ကျူးလွန်သူကို သိရှိခဲ့ရပြီး အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

■ J -16

# ရန်ကုန်တွင် စားသောက်ဆိုင်အခွန် စိစစ်မည်

**ရန်ကုန်၊ ဧပြီ ၂၄**

ယခုဘဏ္ဍာနှစ်(၂၀၁၇-၁၈)မှစတင်ကာ ကုန်သွယ်လုပ်ငန်းခွန် (စားသောက်ဆိုင်အခွန်)များ ပိုမိုတိုးမြှင့် ရရှိရေးအတွက် စိစစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

ဧပြီလ ၂၄ ရက်နေ့က ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လှိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ရန်ကုန်တိုင်းအတွင်းရှိ အခွန်တံဆိပ်ခေါင်း မှန်မှန်ကန်ကန် ဆောင်ရွက်မှုမရှိသည့် စားသောက်ဆိုင်များနှင့် ပတ်သက်၍ လွှတ်တော်၌ မေးမြန်းရာတွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စားသောက်ဆိုင်များ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ကို အချို့စားသောက်ဆိုင်များက အခွန်တံဆိပ်ခေါင်းမကပ်ဘဲ လုပ်ဆောင်နေခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက လွှတ်တော်၌ မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကောက်ခံနေသည့်ကုန်သွယ်လုပ်ငန်းခွန်ကို မကောက်ခံသည့်ဆိုင်များ၊ ပြေစာမထုတ်ပေးသည့်ဆိုင်များနှင့် ပြေစာထုတ်ပေးသော်လည်း အခွန်တံဆိပ်ခေါင်း မကပ်သည့်ဆိုင်များ ရန်ကုန်တိုင်းအတွင်း ရှိနေပြီး အခွန်တံဆိပ်ခေါင်းကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုသည့် ဆိုင်များလည်း ရှိနေကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် မြို့နယ်အလိုက် စိစစ်၍ ဥပဒေနှင့်အညီ ကောက်ခံရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဦးမြင့်သောင်းက ဆက်လက်ပြောကြားသည်။

အချို့စားသောက်ဆိုင်များတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် စားသုံးသူက ပြောဆိုမှသာ ကပ်ပေးပြီး အခွန်စနစ်တကျ မကောက်ခံသည့် ဆိုင်အများအပြား ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ဆိုသည်။

ရန်ကုန်တိုင်းအတွင်း စားသောက်ဆိုင်များတွင် အခွန်တံဆိပ်ခေါင်းကပ်၍ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရန် ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အခွန်တံဆိပ်ခေါင်း မှာယူသည့်ဆိုင်မှာ ၂၀၁၅-၁၆ ခုနှစ်တွင် ၁၅၀၈ ဆိုင်ရှိရာမှ ၂၀၁၆-၁၇ ခုနှစ်တွင် ၂၂၆၅ ဆိုင်သို့တိုးတက်လာကြောင်း ရန်ကုန်တိုင်း အစိုးရထံမှ သိရသည်။

စားသောက်ဆိုင်များတွင် ကုန်ကျငွေအပေါ် အခွန်ပေးဆောင်ရန် အစိုးရက သတ်မှတ်ထားသော်လည်း အခွန်တံဆိပ်ခေါင်း ကပ်မပေးသည့်ဆိုင်များရှိသကဲ့သို့ ဘောက်ချာယူပါက တစ်ဈေး၊ မယူပါက တစ်ဈေး သတ်မှတ်ရောင်းချသည်များလည်း ရှိကြောင်း၊ ဆိုင်များကိုယ်တိုင်က ပူးပေါင်းဆောင်ရွက်မှု မရှိသည်ကို တွေ့နေရပြီး ငွေရှင်းရာတွင် ဘောက်ချာတောင်းပါက မကြိုက်သည့်ဆိုင်များလည်းရှိကြောင်း စားသုံးသူများထံမှ သိရသည်။

■ J -08

# ငွေကြေးခဝါချမှုနှင့် ဆက်နွယ်သည့် အမှုငါးဆယ်ကျော် စိစစ်ပြီးဟုဆို

**ရန်ကုန်၊ ဧပြီ ၂၄**

နိုင်ငံအနှံ့ရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သော ငွေကြေးခဝါချမှုများတွင် သံသယဖြစ်ဖွယ် ငွေကြေးဆိုင်ရာ လွှဲပြောင်းမှုဖြစ်စဉ်များနှင့်ပတ်သက်၍ အမှုငါးဆယ်ကျော်ကို ငွေကြေးခဝါချမှု စိစစ်ရေးအဖွဲ့က စိစစ်ပြီးဖြစ်ကြောင်း အဆိုပါအဖွဲ့တွင် ပါဝင်သည့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့ အကြီးတန်း ရဲအရာရှိကြီးတစ်ဦးက ဆိုသည်။

လက်ရှိအစိုးရသက်တမ်း တစ်နှစ်ကျော်အတွင်း နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသည့် စိစစ်ရေးအဖွဲ့ထံ အမှုပေါင်း ၄၃ မှုကို လွှဲပြောင်းပေးခဲ့ရာ အမှုပေါင်း ၅၆ မှုကို စိစစ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

"စစ်ဆေးခဲ့တဲ့ အသေးစိတ်အခြေအနေနဲ့ အရေးယူမှုအပိုင်းကို ပြောပြခွင့်မရှိဘူး။ မပြတ်သေးတဲ့ အမှုတွေမှာလည်း နောက်ဆက်တွဲပြဿနာတွေက ကျန်နေသေးတယ်။ တချို့ဖြစ်စဉ်တွေဆို မူးယစ်ဆေးဝါးနဲ့ဆက်နွယ်တာ အများဆုံးပါတယ်။ အားလုံးပြီးရင်တော့ နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ပါလိမ့်မယ်" ဟုၿငင်းက ဆိုသည်။

ထိုသို့ငွေကြေးခဝါချမှုသည် စီးပွားရေးဆိုင်ရာကျင့်ဝတ်၏ မသမာမှုဖြစ်ပြီး အခွန်မဆောင်ထားသည့် တရားမဝင်သောနည်းလမ်းမှတစ်ဆင့် ရရှိခဲ့သော ငွေကြေးအပြင် ပစ္စည်းများကို အသွင်ပြောင်းခြင်း၊ ဖုံးကွယ်ခြင်းများပြုလုပ်ကာ တရားမဝင် လွှဲပြောင်းခြင်းဖြင့် တရားဝင်အနေအထားသို့ရောက်ရှိရန် မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်တွင် ပိုင်ရှင်မဲ့တွေ့ရှိခဲ့သော စံချိန်တင် မူးယစ်ဆေးဝါးများနှင့် ပတ်သက်သော ကုလားတန်ဖွံ့ဖြိုးရေးကုမ္ပဏီကို ငွေကြေးခဝါချမှုရှိသည်ဟု စစ်ဆေးတွေ့ရှိခဲ့ခြင်းကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက တရားစွဲဆိုကာ အဆိုပါကုမ္ပဏီ၏ ပိုင်ဆိုင်မှုအားလုံးကို သိမ်းယူကာ လေလံတင် ရောင်းချခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

"ငွေကြေးခဝါချမှုက နိုင်ငံမှာ ဆိုးဝါးနေတယ်။ စောင့်ကြည့်ရတဲ့ အပိုင်းကလည်း နက်နဲမှုရှိတယ်။ အဓိကတော့ အခွန်ဆောင်ပြီးသား ငွေဖြူဖြစ်အောင် မသမာနည်းလမ်းနဲ့ ကြိုးစားအားထုတ်တာပဲ။ အစိုးရက တင်းတင်းကျပ်ကျပ်ကိုင်တွယ်မှ ရမယ်" ဟု တရားလွှတ်တော်ရှေ့နေတစ်ဦးက ဆိုသည်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃ တွင် မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပါက ၎င်းကို ၁၀ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပြီး ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ (သို့) အဖွဲ့အစည်းဖြစ်ပါက အဆိုပါကုမ္ပဏီ (သို့) အဖွဲ့အစည်းကို ကျပ်သန်း ၅၀၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

ယင်းအပြင် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့ခြင်း၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို တရားမဝင် ကုန်ကူးမှု၊ လက်နက်များ တရားမဝင်ကုန်ကူးမှု၊ ခိုးရာပါနှင့် အခြားပစ္စည်း တရားမဝင်ကုန်ကူးမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအတုပြုလုပ်မှုစသော ပြစ်မှုများသည်လည်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်ကြောင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

J-17

# Website မှတစ်ဆင့် သွေးလှူရန် စာရင်းပေးသူ ဆယ်ဦးသာရှိ

**ရန်ကုန်၊ ဧပြီ ၂၄**

အမျိုးသားသွေးလှူဘဏ်၏အင်တာနက်စာမျက်နှာ Website လွှင့်တင်ထားသည်မှာ တစ်လကြာပြီဖြစ်သော်လည်း သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးလှူဒါန်းသူ ဆယ်ဦးသာရှိကြောင်း အဆိုပါသွေးလှူဘဏ်ထံမှ သိရသည်။

မတ်လ ၁၈ ရက်မှစ၍ www.donatebloodmyanmar.org အမည်ဖြင့် လွှင့်တင်ထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီလ ၂၄ ရက်အထိ ကြိုတင်စာရင်းပေးသူ တစ်ရာကျော်အနက် လာရောက်သွေးလှူဒါန်းသူပေါင်း ၁၀ ဦးသာ ရှိခဲ့ကြောင်း အမျိုးသားသွေးလှူဘဏ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က ပြောကြားသည်။

"ကြိုတင် အပွိုင့်မန့်ယူကြသူတွေများပေမယ့်တကယ်တမ်း လာလှူဒါန်းတာက အရမ်းနည်းနေတယ်။ အဓိကတော့ ကိုယ်တိုင်လာလှူဖို့ထက် ကြိုစာရင်းပေးနိုင်အောင် Website လွှင့်ထူထားတာပါ။ လူတွေများများ ပိုသိဖို့လည်း လိုအပ်တယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ Website တွင် နေ့စဉ် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၃ နာရီအထိ လှူဒါန်းရန် စာရင်းပေးသွင်းနိုင်ပြီး သွေးလှူဒါန်းရန် အဆင့်ဆင့်နှိပ်ရမည့် Click များကို ညွှန်ပြထားကြောင်း၊ အခြေခံသွေးအမျိုးအစားလေးမျိုးတွင် သွေးလိုအပ်ချက်အလိုက် တစ်နေ့တာ လှူဒါန်းထားမှု အခြေအနေများကိုလေ့လာလှူဒါန်းနိုင်မည်ဖြစ်ကြောင်း အမျိုးသားသွေးလှူဘဏ်မှ ဆက်လက်သိရသည်။

"သွေးလှူဒါန်းနိုင်မယ့် အစီအစဉ်ကို ပြည်သူတွေသိအောင် ပိုချဲ့ထွင်လိုက်တဲ့သဘောပါပဲ။ ဆယ့်ငါးမိနစ်ကြား တစ်ကြိမ်နှုန်းနဲ့ တစ်ခါလှူရင် ဆယ်ယောက်လောက်လှူနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ လောလောဆယ်အထိ Website ကနေ ကြိုတင်စာရင်းပေးတာထက် ပရဟိတအသင်းအဖွဲ့အနေနဲ့ စုပေါင်းသွေးလှူဒါန်းအဖွဲ့တွေ လာတာများပါတယ်" ဟု ယင်းသွေးလှူဘဏ်၏လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနွယ်နွယ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်သွေးလိုအပ်ချက်အတွက် အများဆုံးဖြည့်ဆည်းပေးနေသည့် ရန်ကုန်အမျိုးသားသွေးလှူ ဘဏ်သည် ၂၀၁၆ ခုနှစ်တွင် ၄၅၀ မီလီမီတာခန့်ရှိ သွေးအိတ်ယူနစ်ပေါင်း ၆၉,၀၀၀ ခန့် ရရှိခဲ့ကြောင်း၊ လက်ရှိတွင် အမျိုးသားသွေးလှူဘဏ် စုပေါင်းသွေးလှူဒါန်းပွဲမှ လစဉ်သွေးယူနစ်ပေါင်း ၂၀၀ နှင့် ၃၀၀ ကြား ပုံမှန်အလှူခံရရှိနေကြောင်း အဆိုပါသွေးလှူဘဏ်ထံမှ သိရသည်။ ■

J-17

# ရန်ကုန်မြို့တွင် ဓာတ်အားလျော့ကျမှုများအတွက် ထရန်စဖော်မာအသစ် တစ်ရာခန့် တပ်မည်

**ရန်ကုန်၊ ဧပြီ ၂၄**

ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ မြင့်တက်လာသဖြင့် ဓာတ်အားလျော့ကျ (မီးအားနည်း) မှုများအတွက် 200kVA ထရန်စဖော်မာ အလုံးတစ်ရာခန့်ကို ထပ်မံတိုးချဲ့တပ်ဆင်မည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာနထံမှ သိရသည်။

"ထရန်စဖော်မာတပ်တာက ခရိုင်အလိုက်ခွဲတမ်းဆိုပြီး တပ်တာမဟုတ်ပါဘူး။ ဓာတ်အားသုံးစွဲမှုလိုအပ်ချက်အလိုက် မြို့နယ်တွေ ကွဲသွားပါတယ်။ တပ်ဆင်မှုကို တော့ အချိန်အတိအကျပြောလို့ မရဘူး။ လိုအပ်တဲ့နေရာတွေကို တပ်ဆင်သွားမှာပါ" ဟု ဓာတ်အားဖြန့်ဖြူးရေးဌာန တာဝန်ရှိသူကဆိုသည်။

ရန်ကုန်မြို့တွင် ရွှေ့ပြောင်းအလုပ်သမားများ ပြားပြီး လူနေထူထပ်သည့် ဆင်ခြေဖုံးမြို့နယ်များရှိ ရပ်ကွက်များတွင် ဓာတ်အားသုံးစွဲမှုများ မြင့်တက်လာသဖြင့် လက်ရှိတွင် ထရန်စဖော်မာများ အများဆုံး တိုးချဲ့တပ်ဆင်နေရကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

ယခုနှစ်ဆန်းပိုင်းမှ ဧပြီလဆန်းအထိ ရန်ကုန်တိုင်းအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးပမာဏမှာ ၁၂၅၃ မဂ္ဂါဝပ်ထိရှိခဲ့ပြီး ယခင်နှစ်ကထက် မဂ္ဂါဝပ်တစ်ရာခန့် ပိုမိုအသုံးပြုနေကြောင်း ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းထံမှ သိရသည်။

"အရင်နှစ်က ဒီလိုမဖြစ်ဘူး။ ဒီနှစ်မှာ ညဆိုမီးအားတွေက နည်းလာတယ်။ ဒီရက်ပိုင်းက မီးခဏခဏပျက်တာတွေလည်း ရှိတယ်။ ထရန်စဖော်မာတပ်လို့မီးအားပြည့်ရရင်တော့ ကောင်းပါတယ်" ဟု မြောက်ဒဂုံမြို့နယ်နေ ဒေါ်စန်းစန်းအေး က ဆိုသည်။

200kVA ထရန်စဖော်မာတစ်လုံးလျှင် အိမ်ခြေငါးဆယ်ခန့်သာ သုံးစွဲသင့်ကြောင်း စံသတ်မှတ်ထားသော်လည်း လက်ရှိတွင် ရန်ကုန်မြို့အတွင်း အိမ်ခြေတစ်ရာခန့် သုံးစွဲနေရသောကြောင့် ဓာတ်အားလျော့နည်းမှုများ ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ရေးရှင်းမှ လျှပ်စစ်အင်ဂျင်နီယာ တစ်ဦးထံမှ သိရသည်။ ■ J-14




ဓာတ်ပုံ - ခင်ထား

**စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ဆင်တဲကျေးရွာရှိ ရွှေဆံနွယ်စက္ခုဒါနမျက်စိဆေးရုံတွင် ပြည်တွင်းပြည်ပနိုင်ငံများမှ မျက်စိအထူးကုဆရာဝန်များက အခမဲ့ကုသပေးလျက်ရှိရာ ဒေသခံအဘွားအိုတစ်ဦးကိုစမ်းသပ်ကုသပေးနေသည်ကို ဧပြီလ ၂၄ ရက်နေ့ကတွေ့ရစဉ်။ အဆိုပါမျက်စိအထူးကုဆရာဝန်များသည် ဧပြီလ ၂၈ ရက်နေ့အထိ မျက်စိလူနာများကို အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။**


IFC International Finance Corporation WORLD BANK GROUP

WORLD BANK GROUP Finance & Markets

Vacancy Announcement

Job Title: Financial Sector Specialist/Senior Financial Sector Specialist
Appointment: Local Hire – 3years term (renewable)
Location: Yangon, Myanmar

The International Finance Corporation (IFC) is a member of the World Bank Group, and the largest global development institution focused exclusively on the private sector. IFC pursues its mission of reducing poverty and improving people's lives by providing financing to help businesses employ more people and supply essential services, by mobilizing capital from others, and by delivering advisory services to ensure sustainable development.

As a joint World Bank -IFC practice, the Finance & Markets Practice aims to help countries build deep, diversified, inclusive, efficient and stable financial systems which are essential to promoting economic growth and reducing poverty and increasing shared prosperity.

The F&M GP in East Asia and Pacific (EAP) is seeking for a Financial Sector Specialist or Senior Financial Sector Specialist to work on credit infrastructure projects and other F&M operations in Myanmar. The job holder will be based in IFC Yangon Office, Myanmar.

The Financial Sector Specialist or Senior Financial Sector Specialist will be responsible for:

- Developing project pipelines to meet the client needs innovatively;
- Managing the design, development and implementation of any new or existing projects, including but not limited to design, organization and delivery of specific project activities; preparation of the required technical contents; selection and management of technical consultants; and translation or review of key project outputs;
- Developing and maintaining effective relationships with F&M stakeholders and clients, in-country donors and development partners; and translation or review of key project outputs;
- Participating in the WBG promotion and out reach activities in Myanmar; and undertake any ad-hoc tasks that IFC Head of Office and F&M Managers/Lead Specialists may require from time to time.

Candidates should have:

- At least eight years of experience in the development field and/or financial industry with a proven professional track-record, strong experience in an international financial institution, financial regulatory authority, financial consultancy or premium private sector financial institution will have an advantage.
- Master or higher degree in Finance, Economics, Law, Public Policy or any other relevant fields.
- General knowledge of the overall industry, policy and regulatory trends in Myanmar and more broadly in the Region and Globally.
- Strong business development, structuring and client relationship skills; track record and ability to focus on clients' needs and to negotiate complex development cooperation projects effectively.
- Ability to advocate to, influence and convince the project counterparts and stakeholders on relevant international best practice and the needed reforms in the country.
- Sound business judgment, professional sense and discipline in dealing with clients/stakeholders and in carrying out the day-to-day work.
- Demonstrated competence to interact directly and independently with the senior management of potential client institutions and other critical stakeholders, in particular with senior government officials.
- Excellent verbal and written communication skills in English and Burmese languages.
- Strong inter-personal skills; ability to work under pressure, and in teams with members from diverse cultural backgrounds; and willingness to share information and knowledge.
- Motivated and committed to sustainable development objectives and to the highest ethical and professional standards.

Interested candidates should review the complete job description and selection criteria and apply on-line at http://www.ifc.org /careers and choose vacancy number 170700. Please note that you need to register before submitting your application. The closing date is May 12, 2017. Only applicants selected for interview will be contacted.

# EDITORIAL

# လွှတ်တော်ကို မလေးစားခြင်းနှင့် နောက်ဆက်တွဲ အန္တရာယ်

ပြည်ထောင်စုအဆင့်ဖြစ်စေ၊ ပြည်နယ်နှင့်တိုင်းဒေသအဆင့်ဖြစ်စေ ဥပဒေပြုလွှတ်တော်သည် ပြည်သူလူထုက ဆန္ဒမဲပေးရွေးချယ်ထားသော ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် ပြည်သူလူထုနှင့် တိုက်ရိုက်အချိုး ဆက်စပ်နေသည်ဟု ဆိုနိုင်သည်။

အစိုးရအဖွဲ့မှာမူ ထို ပြည်သူ့ကိုယ်စားလှယ်များက တစ်ဆင့်ပြန်လည်မဲပေးရွေးချယ်သည့် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသူများဖြင့် လွှတ်တော်၏ သဘောတူညီချက်ရယူကာ ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့်သာ တိုက်ရိုက်အပြန်အလှန် တာဝန်ခံရသည်။

အခြားတစ်ဖက်ကကြည့်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်သူကို တိုက်ရိုက်ကိုယ်စားပြုသည့်အတွက် အစိုးရအဖွဲ့သည် လွှတ်တော်အပေါ် တာဝန်ခံရခြင်းသည် ပြည်သူကို တာဝန်ခံရခြင်းဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် လွှတ်တော်တွင် ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတအပါအဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများကို လွှတ်တော်က ဖိတ်ကြားပါက ခြွင်းချက်ကိစ္စရပ်အချို့မှလွဲ၍ တက်ရောက်ပေးရန် ဥပဒေအရပင် တာဝန်ရှိသည်။

လွှတ်တော်က ဖိတ်ကြားခြင်းသည် ပြည်သူ့ကိုယ်စားလှယ်များ သို့မဟုတ် ပြည်သူလူထုက ဖိတ်ကြားသည့်သဘောသက်ရောက်သဖြင့် အဖိတ်ကြားခံရသော မည်သည့်အဆင့်တွင်ရှိသူမဆို အကြောင်းပြချက် မခိုင်လုံဘဲ တက်ရောက်ရန် ပျက်ကွက်ပါက ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ပြည်သူလူထုကို မလေးစားသည့်သဘော၊ မထီမဲ့မြင်ပြုသည့်သဘော သက်ရောက်သည်။

အထူးသဖြင့် မိမိကိုယ်တိုင် အစပျိုး၊ အကောင်အထည်ဖော်ထားသော လုပ်ငန်းကိစ္စရပ်တစ်ခုလည်းဖြစ် ပြည်သူလူထုအကြား ဝေဖန်ပြောဆိုမှုများ၊ အဆင်မပြေမှုများ မြင့်တက်နေသော ကိစ္စရပ်မျိုးကို ဆွေးနွေးမည့် အစည်းအဝေးမျိုးဆိုလျှင် ကာယကံရှင်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းက မဖြစ်မနေ တက်ရောက်ပေးရန် ဥပဒေအရရော၊ ကျင့်ဝတ်အရပါ တာဝန်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ အနေနှင့်လည်း မိမိတို့၏ ပြောဆို၊ ပြုမူ၊ လုပ်ကိုင်မှုများသည် မိမိတစ်ဦးချင်း၊ မိမိကိုယ်စားပြုသော ပါတီတစ်ခုချင်းကိုသာ ကိုယ်စားပြုနေသည်မဟုတ်ဘဲ မိမိတာဝန်ထမ်းဆောင်နေသော ဥပဒေပြုလွှတ်တော်နှင့် မိမိအား ဆန္ဒမဲပေး ရွေးချယ်ထားသည့် ပြည်သူလူထုတို့ကိုပါ ကိုယ်စားပြုနေသည့်အတွက် ပြည်သူ့ကိုယ်စားလှယ်တစ်ဦး၏ ဂုဏ်အင်္ဂါအဆင့်အတန်းနှင့်ညီစေရန် အထူးဂရုပြုရမည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေနှင့် သော်လည်းကောင်း၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီး တစ်ဦးချင်းစီအနေနှင့်သော်လည်းကောင်း၊ ၎င်းတို့တစ်ဦးချင်းစီဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုလွှတ်တော်နှင့် အစိုးရအဖွဲ့တို့သည် ပြည်သူလူထု၏ အပေါ်တွင်ရှိနေသော အုပ်ချုပ်စိုးမိုးသူများမဟုတ်ဘဲ ပြည်သူလူထုကိုယ်စား ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြသူများ၊ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူ့ကိုယ်စား အဓိကတာဝန်ခံ ဆောင်ရွက်ပေးနေကြသူ ပြည်သူ့အစေခံများဟု မှတ်ယူရမည်ဖြစ်သည်။

ထိုအချက်ကို သီအိုရီအရ အဖြစ်သဘော၊ ဟန်ပြသဘောမှတ်ယူထားပါက ယခင်အာဏာရှင်အစိုးရများလက်ထက်က မကြာခဏ ဖြစ်ပေါ်ခဲ့သော သံတူကြောင်းကွဲ ပြဿနာများ၊ အမှားများအတိုင်း သံသရာလည်ကာ ပြည်သူလူထု၏ ယုံကြည်လေးစားမှု ကျဆင်းသွားနိုင်သည့်အပြင် ဒီမိုကရေစီအပေါ်တွင်ပါ စိတ်ပျက်လက်ပျက်ဖြစ်သွားနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း သတိပေးလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၄ - ၄ - ၂၀၁၇ )**

# NNER ဦးဆောင်၍ သုံးရက်ကြာ ပညာရေးဆွေးနွေးပွဲလုပ်မည်

**ရန်ကုန်၊ ဧပြီ ၂၄**

ဖက်ဒရယ်ပညာရေးစနစ်နှင့် လူထုအခြေပြုပညာရေးလုပ်ငန်းများကိုအားပေးမြှင့်တင်ရန်ရည်ရွယ်သည့် ပညာရေးဆွေးနွေးမှုတစ်ခုကို မေလဆန်းပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ သုံးရက်ကြာကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)ထံမှ သိရှိရသည်။

အဆိုပါဆွေးနွေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ကျောင်းတွင် မေလ ၄ ရက်မှစ၍ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

အစိုးရသစ်၏ ပညာရေးပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ပေးရန်လိုအပ်ချက်များနှင့် လစ်ဟာနေသည့်အချက်များ ရှိနိုင်သည့်အတွက် လူထုအခြေပြု ဘက ပညာရေး၊ တိုင်းရင်းသားအဖွဲ့များ ဖွဲ့စည်းထားသော ပညာရေး စသည့် အစိုးရမဟုတ်သည့် ပညာရေးအဖွဲ့အစည်းများမှ မည်သို့တိုးမြှင့်ဆောင်ရွက်ကြမည်ကိုပါ ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း NNER အဖွဲ့ဝင် ဒေါ်သူသူမာက ရှင်းပြသည်။

NNER၏တတိယအကြိမ်ညီလာခံတွင် လက်ရှိနိုင်ငံရေးစနစ်နှင့် ဒေသလိုအပ်ချက်များ၊ ဆရာ၊ ကျောင်းသား လိုအပ်ချက်များနှင့် သက်ဆိုင်သော ပညာရေးမူဝါဒများကို ပြန်လည်ပြင်ဆင်သွားရန် အဓိကလျာထားကြောင်းနှင့် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ပြီး ရရှိလာမည့် ရလဒ်များကိုလည်း တရားဝင်ထုတ်ပြန်သွားရန် ရည်ရွယ်ထားကြောင်း NNER ထံမှ သိရှိရသည်။

အဆိုပါဆွေးနွေးပွဲသည် NNER ခြောက်လပတ်အစည်းအဝေးနှင့် နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသော တတိယအကြိမ်ညီလာခံကို ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကဏ္ဍအစုံ ပူးပေါင်းလုပ်ရှားနေသူများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ ဖွဲ့စည်းထားသော တိုင်းရင်းသားပညာရေးဌာနမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများအပြင် အစိုးရအဖွဲ့ဝင်များကိုပါ မွန်ပြည်နယ်ဒေသခံ ပညာရေးအဖွဲ့အစည်းများက ဦးဆောင်ဖိတ်ကြားထားကြောင်း ယင်းကွန်ရက်ထံမှ သိရှိရသည်။

NNER ၏ ပထမအကြိမ်ညီလာခံကို ၂၀၁၃ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၅ ခုနှစ် ဇွန်လတွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ခဝဲခြံ မျက်မမြင်ကျောင်းတွင် ပြုလုပ်ခဲ့သည်။ ■ **ရွှေဖူးခင်**

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma,
Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ကန့်ဘလူတွင် သိမ်းဆည်းခံ လယ်ယာမြေ ပြန်လည်လုပ်ပိုင်ခွင့်ရရှိရေး တောင်းဆို

**ရွှေဘို၊ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဘူးကုန်း ကျေးရွာနှင့် မြေမွန်ကျေးရွာသိမ်းဆည်းခံ လယ်ယာမြေ ဧကတစ်ထောင်ကျော်ကို မူလတောင်သူများအနေနှင့် ပြန်လည်လုပ်ပိုင်ခွင့်ရရှိရေးအတွက် ဧပြီလ ၂၃ ရက်နေ့က တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့ကြောင်း အဆိုပါအဖွဲ့ ဦးဆောင်သူများထံမှ စုံစမ်းသိရှိရသည်။

ကန့်ဘလူမြို့နယ်အတွင်း မြေမွန်ကျေးရွာ ကွင်းအမှတ် ၈၅၂ ရှိလယ်ယာမြေ ဧက ၇၂၀ နှင့် ကွင်းအမှတ် ၈၅၄ (N-6) မှ လယ်ယာမြေ ဧက ၄၀၉ ဧကတို့ကို ၁၉၉၃ ခုနှစ်က သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ပြီး ယင်းမြေပေါ်တွင် မူလတောင်သူများက ပြန်လည်စိုက်ပျိုးလုပ်ကိုင်လိုသည့်အတွက် ယခုကဲ့သို့ တောင်းဆိုခြင်းဖြစ်ကြောင်း တောင်သူများက ပြောဆိုသည်။ **R-09**

# နေ့စား လပေး ဆရာ၊ ဆရာမများကို သင်တန်းပေး

**သပိတ်ကျင်း၊ ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဧပြီလ ၂၄ ရက်နေ့ နံနက် ၉ နာရီခန့်က နေ့စားလပေးဆရာ၊ ဆရာမများကို မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ်ပညာရေးမှူး ဦးခင်မောင်သောင်းက ပြောကြားသည်။

မြို့နယ်ရှိနေ့စားလပေး ဆရာ၊ ဆရာမ ၁၁၈ ဦးကို ပညာရေးကောလိပ်မှ တက်ရောက်သင်ယူ သင်တန်းဆင်းလာသောနည်းပြ ဆရာ၊ ဆရာမ ၁၃ ဦးက အခြေပြုမူလတန်းဘာသာရပ်များအားလုံးကို ပြန်လည်သင်ကြားပို့ချပေးကြောင်း ၎င်းကပြောဆိုသည်။

အခြေပြု မူလတန်း ကျောင်းသင်ဘာသာရပ်များတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ အထွေထွေသိပ္ပံစသည့် ဘာသာရပ်များကို သင်ပြနည်းနှင့်တကွ တစ်ဆင့်ပြန်လည်သင်ကြားပေးလျက်ရှိကြောင်း တောင်လယ်ကျေးရွာ အလက (ခွဲ)ကျောင်းအုပ်ဆရာ ဦးချမ်းသာက ပြောကြားသည်။

"ဒီသင်တန်းကာလက တစ်လဖြစ်ပြီးတော့ ဒီသင်တန်းဆင်းလက်မှတ်ရသွားပြီဆိုမှ နောက်နှစ်မှာ တရားဝင်ခန့်အပ်ပေးမှာပါ" ဟု ၎င်းကဆိုသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများတွင် ပညာသင်ကြားရေးအတွက် ဆရာ၊ ဆရာမလိုအပ်ချက်ရှိနေသည့်အတွက် ယင်းလိုအပ်ချက်ကိုဖြည့် ဆည်းပေးနိုင်ရန် အလေးထားဆောင်ရွက်သင့်ကြောင်း သပိတ်ကျင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

■ **R-05**

# ကလေးမြို့တွင် အမျိုးသမီးစင်တာဖွင့်

**ကလေး၊ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ အမျိုးသမီးများ၏ ဘဝကို လုံခြုံမှုပေးနိုင်ရေး၊အကူအညီများ ပေးနိုင်ရေးအတွက် အမျိုးသမီးစင်တာကို ဧပြီလ ၂၄ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း ယင်းစင်တာ တာဝန်ခံ ဒေါ်အားခူက ပြောကြားသည်။

ယင်းစင်တာကို ကလေးမြို့ချမ်းမြေ့အောင်စည် ရပ်ကွက်၊ ပင်လုံလမ်းခွဲ ကြောင်ပန်းကျောင်းလမ်းဘေးရှိ အိမ်တစ်လုံးတွင် ဖွင့်လှစ်ခဲ့ပြီး ယင်းဖွင့်ပွဲကို မြို့နယ်ရှိ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများက တက်ရောက်ခဲ့ကြောင်း၊ စင်တာအနေနှင့် အမျိုးသမီးများအရေး ကူညီမည့်အပြင် စင်တာတွင် စာကြည့်တိုက်ထားရှိပြီး စာလာဖတ်နိုင်ကြောင်း ၎င်းထံမှ သိရသည်။

"ကျေးရွာတွေကို သွားပြီး အမျိုးသမီးတွေနဲ့ စုပေါင်းပြီး ဆွေးနွေးပွဲတွေလုပ်ကြတယ်၊ သင်တန်းသာ ပေးပြီး ဘာမှမကူညီပေးနိုင်ဘူး၊ ဒီလိုအခက်အခဲတွေက တစ်နှစ်အတွင်း အတော်များလာတဲ့အတွက် စင်တာဖွင့်ပြီး အမျိုးသမီးတွေကြုံတွေ့နေရတဲ့ အခက်အခဲကို ကူညီနိုင်ဖို့ လုပ်ဆောင်ခဲ့တာပါ"ဟု ဒေါ်အားခူ က ပြောကြားသည်။

ကလေးမြို့နယ်ရှိ အမျိုးသမီးများအတွက် လုပ်ရှားမှုမှာ ယခုမှ စတင်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာကြောင်း၊ အမျိုးသမီးအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများကို စတင်ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း၊ ကျေးလက်နေအမျိုးသမီးများ၏ ဘဝ လုံခြုံရေးအတွက်များစွာ အထောက်အကူ ဖြစ်လာနိုင်ကြောင်း အထက်ချင်းတွင်း လူငယ်ကွန်ရက်မှ ဦးကျော်သက်ဝင်းက ပြောကြားသည်။

■

စိန် လေမှုတ်စက်လုပ်ငန်း မှ
Compressor များကို ချိုသာသောဈေးနှုန်းများဖြင့်
ပွဲစည်းစုံ ရောင်းချပေးနေပါသည်။
www.seinaircompressor.com

# အသက် ၉၀ ကျော်ဘိုးဘွားများကို ဧပြီလကုန်မှစတင်ကာ လူမှုရေးပင်စင်ခံစားခွင့် ထောက်ပံ့မည်

**မကွေး၊ ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၉၀ ကျော် ဘိုးဘွားများကို ယခု ဧပြီလကုန်မှ စတင်ပြီး လူမှုရေးပင်စင် ခံစားခွင့်များကို တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဘိုးဘွားများနေထိုင်ရာ သို့အိမ်တိုင်ရာရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

ယင်း လူမှုရေး ပင်စင်ခံစားခွင့်များ ထောက်ပံ့နိုင်ရေးအတွက် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှတစ်ဆင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး စာရေးဝန်ထမ်းများ၏အကူအညီဖြင့်စိစစ် ကောက်ယူခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း၌ အသက် ၉၀ကျော်သက်ကြီးရွယ်အိုဘိုးဘွား စုစုပေါင်း ၂၇၈၈ ဦးရှိကြောင်း ယင်းဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အဘိုး၊ အဘွားတစ်ဦးစီကိုတစ်လလျှင် တစ်သောင်းကျပ်နှုန်းနဲ့ စတင်ထောက်ပံ့မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီငွေတွေကို လစဉ်မဟုတ်ဘဲ သုံးလလျှင် တစ်ကြိမ်စုပေါင်းပြီး ဘိုးဘွားများ၏ သက်ဆုံးထိတိုင် ထောက်ပံ့သွားဖို့ရှိပါတယ်" ဟု မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က အတည်ပြုပြောဆိုသည်။

ယင်းကဲ့သို့သော ငွေကြေးထောက်ပံ့မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပညာရေးဝန်ထမ်းများကိုလည်း ထည့်သွင်းအကူအညီ တောင်းခံသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

"အသက် ၉၀ ကျော် ဘိုးဘွားတွေဆိုတာ ရွာတိုင်းမှာမရှိနိုင်တော့ပါဘူး။ ဒီအရွယ်တွေမှာ အချို့လည်း သား၊ သမီးတွေက စီးပွားရှိတော့ ဘာမှပူစရာမရှိအောင်ပြည့်စုံကြပေမယ့် အချို့ကျတော့လည်း နေစရာမလုံခြုံ၊ စားစရာချို့တဲ့နေတာတွေ လူမှုနယ်ပယ်မှာ တွေ့နေရတာပါပဲ။ အခုထက်ပိုပြီး ထောက်ပံ့ပေးနိုင်စေချင်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျောက်ပုံကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဦးက ပြောဆိုသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသက်၉၀မှ၁၀၀နှစ်ထိသက်ရှိထင်ရှားရှိသူ ဘိုးဘွားတစ်ဦးစီကို တစ်နှစ်လျှင် ကျပ်ငွေ ၁၈၀၀၀ ကျပ်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ဖူးပြီး ယခုထောက်ပံ့ပေးမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ လူမှုရေးပင်စင်ခံစား ခွင့်ထောက်ပံ့ငွေမှာမူ လူမှုဝန်ထမ်းဌာန ဘတ်ဂျက်မှ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ထောက်ပံ့နိုင်ရေးအတွက် ပြောင်းလဲစီစဉ်ထားခြင်းဖြစ်ကြောင်း မကွေးတိုင်း ဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က ရှင်းပြသည်။

■ **R-02**

# ကြွေးကျန်ရှိသော ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် ပိတ်မည်

**ရန်ကုန်၊ ဧပြီ ၂၄**

နိုင်ငံတော်သို့ ပေးသွင်းရန် ကြွေးကျန်ရှိသော ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။

"ပြီးခဲ့တဲ့နှစ်တွေက နိုင်ငံတော်ကို အခွန်ငွေ ပေးသွင်းဖို့ ကျန်တဲ့သူတွေကို သက်တမ်းတိုးမပေးဘူး။ ရေနံလက်ယက်တွင်းယူပြီး ရေနံအထွက်မပြနိုင်ဘဲ လုပ်ကွက်ယူထားတဲ့သူတွေကိုလည်း သက်တမ်းတိုးမပေးဘူး။ အချို့က သက်တမ်းပျက်နေတဲ့ဟာကိုလည်း မစဉ်းစားဘူး" ဟု ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။

ယခင်အစိုးရလက်ထက်၌ ခွင့်ပြုခဲ့သော ရေနံလက်ယက်တွင်းလုပ်ငန်းများကို ပြန်လည်စိစစ်ရာ၌ ရေနံလက်ယက်တွင်း လုပ်ကွက်ယူ၍ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ၊ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသော ကြွေးကျန်လုပ်ငန်းရှင်များနှင့် လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်းမရှိသော လုပ်ငန်းရှင်များရှိကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ရေနံလက်ယက်တွင်း လုပ်ငန်းကို မှန်ကန်စွာ လုပ်ကိုင်နေသူများနှင့် ကြွေးကျန်မရှိသော လုပ်ငန်းရှင်များကို ဆက်လက်လုပ်ကိုင်ခွင့် သက်တမ်းတိုးခွင့်ပြုမည်ဟု ဝန်ကြီး ဦးမြင့်ဇော်က ဆိုသည်။

ဘဏ္ဍာနှစ် (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်အတွင်း၌ ရေနံလက်ယက်တွင်း လုပ်ငန်းရှင်တစ်ဦးသည် နိုင်ငံတော်သို့ ရေနံလက်ယက်တွင်း အခွန်ငွေ ကျပ်သိန်း ၆၀၀ ခန့် ပေးသွင်းရန် ကျန်ရှိခဲ့ပြီး ထိုကဲ့သို့ နိုင်ငံတော်သို့ အခွန်ပေးရန် ကျန်ရှိသော လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့် သက်တမ်းလုံးဝ တိုးမပေးရန် ဆုံးဖြတ်ထားကြောင်း မကွေးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

■ **J-07**




အင်းစိန်မြို့နယ်ရှိ ZMA ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါမှ ကြီးမှူးကျင်းပသော ပထမအကြိမ်မြောက် သင်္ကြန်အကြိုပရိတ်တရားတော်နာပွဲနှင့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ သက်ကြီးရွယ်အို အဘိုးအဘွား ၁၃၅ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီလ ၁၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ သံဃာတော်များပင့်ဖိတ်၍ ပရိတ်တရားတော် နာကြားခြင်း၊ ဗီဇိတဒါန ငှက်ကလေးများကို ဘေးမဲ့လွှတ်ခြင်း၊ အဘိုးအဘွားများကို အကျွေးအမွေးများဖြင့် ဧည့်ခံပြုစုပေးခဲ့ကြသည်။

# "မုန်တိုင်းရာသီဆိုတော့ မေလမှာ အနည်းဆုံး တစ်လုံးလောက်တော့ ဖြစ်တတ်ပါတယ်"

## မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးနှင့် တွေ့ဆုံခြင်း

ပြည့်ဖြိုးလင်း

**ပြီးခဲ့သည့်သင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း မာရသာဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လာမည့်မေလအတွင်း၌ ဘင်္ဂလားပင်လယ်အော်တွင် ထပ်မံဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းများ၏အန္တရာယ်နှင့် မိုးကြိုကာလ ရာသီဥတုအခြေအနေများကို သိရှိနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(အထက်မြန်မာပြည်) ဦးကျော်လွင်ဦးနှင့် ဆက်သွယ်မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice : ကနဦးအနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ ရာသီဥတုအခြေအနေကို သုံးသပ်ပေးပါဦးဆရာ။**

**U KLO :** လက်ရှိဧပြီလ ဒုတိယ ၁၀ ရက်ပတ်ကုန်အထိတော့ အပူချိန်တွေ စံချိန်တင်အောင်ပူခဲ့တယ်။ မုန်တိုင်းတွေလည်း ဖြစ်ခဲ့တယ်။ အနောက်မြောက်လေအေးနဲ့ လေပွေလှိုင်းတွေ ဖြတ်ကျော်နေခဲ့တယ်။

**Voice : ဟုတ်ကဲ့ဆရာ။ ပြီးခဲ့တဲ့ရက်ပိုင်းက မြန်မာနိုင်ငံကို ဘင်္ဂလားပင်လယ်အော်က မုန်တိုင်း (မာရသာ) ဝင်ရောက်ခဲ့တယ်။ အခုလည်းထပ်ပြီး မေလအတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းနောက်တစ်လုံး ဖြစ်ဖို့ အလားအလာရှိနေလား။**

**U KLO :** မေလလယ်လောက်အထိ မုန်တိုင်းဖြစ်တဲ့ရာသီဆိုတော့ သီတင်းပတ်သုံးပတ်လောက်အထိတော့ မုန်တိုင်းအန္တရာယ်ကို သတိပြုရဦးမှာပေါ့။ ဧပြီလ၊ မေလမုန်တိုင်းတွေဟာ အများအားဖြင့်တော့ အားကောင်းတတ်ပါတယ်။ မုန်တိုင်းဖြစ်ပေါ်နိုင်မှုကို ငါးရက်လောက် ကြိုသိနိုင်ပါတယ်။ လမ်းကြောင်းရွေ့လျားမှုနဲ့ အင်အားအဆင့်ကိုတော့ သုံးရက်လောက် ကြိုသိနိုင်တယ်။ မုန်တိုင်းရာသီဆိုတော့ မေလမှာ အနည်းဆုံး တစ်လုံးလောက်တော့ ဖြစ်တတ်ပါတယ်။

**Voice : အဲဒီမုန်တိုင်း ဖြစ်ခဲ့မယ်ဆိုရင်ရော မြန်မာနိုင်ငံအတွက် အန္တရာယ်ရှိနိုင်ပါသလား။ ဘာတွေကြိုတင်ပြင်ဆင်ဖို့ လိုအပ်ပါသလဲ။**

**U KLO :** မေလမှာ မုန်တိုင်းတွေဖြစ်ရင် လမ်းကြောင်းသုံးမျိုးရှိတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ့ကမ်းရိုးတန်းပါ။ ကွေ့တဲ့မုန်တိုင်းများကတော့ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာကိုဝင်ကြတယ်။ အဓိကအချက်ကတော့ မုန်တိုင်းဖြစ်ပေါ်ချိန် ရေပြင်မှာရှိတဲ့ အပူစွမ်းအင်များတဲ့နေရာ မြေပြင်နဲ့ အထက်လေထုဖွဲ့စည်းမှုတွေက မုန်တိုင်းလမ်းကြောင်းကို ဆုံးဖြတ်ပေးတာပါ။ ၂၀၀၈ ခုနှစ်၊ မေလမုန်တိုင်းလို ထူးခြားတဲ့လမ်းကြောင်းတွေနဲ့လည်း ရွေ့လျားတတ်တော့ မုန်တိုင်းဖြစ်ပြီဆိုတာနဲ့ မျက်ခြည်မပြတ် နည်းလမ်းအမျိုးမျိုးနဲ့ စောင့်ကြည့်ရပါတယ်။

မုန်တိုင်းဖြတ်ကျော်မယ်ဆိုရင် အဓိက ပင်မသဘာဝဘေး သုံးမျိုးဖြစ်မယ်။ မိုးသည်းထန်တာ၊ လေပြင်းထန်စွာတိုက်တာနဲ့ မုန်တိုင်းဒီရေတက်တာဖြစ်တယ်။ နောက်ဆက်တွဲ သဘာဝဘေးကတော့ ရေကြီးတာ၊ မြေပြိုတာဖြစ်မယ်။ မုန်တိုင်းသတိပေးချက်ရတာနဲ့ အရေးပေါ်တုံ့ပြန်မှုအတွက် ထိထိရောက်ရောက် ကြိုတင်ပြင်ဆင်ထားရင် အပျက်အစီး ကိန်းဂဏန်းများစွာ လျော့နည်းပါတယ်။ အကောင်းဆုံးကတော့ ပြည်သူလူထုပါဝင်တဲ့ ကြိုတင်လေ့ကျင့်ဇာတ်တိုက်မှုတွေ လုပ်သင့်ပြီး မုန်တိုင်းမလာခင်၊ မုန်တိုင်းတိုက်နေစဉ်၊ မုန်တိုင်းတိုက်ခတ်ပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို အလေးထားဆောင်ရွက်ရမှာပေါ့။ ဒါက ရေတိုလုပ်ငန်းတွေပါ။ ရေရှည်လုပ်ငန်းများကတော့ အများကြီးပါ။ ကြိုတင်သတိပေးစနစ်အားကောင်းလာစေမယ့် ကိရိယာပစ္စည်းတွေ၊ သဘာဝဘေးဒဏ်ခုခံနိုင်မယ့် အခြေခံအဆောက်အဦ အရင်းအမြစ်တွေ(Structural Mitigation) နဲ့ ပြည်သူလူထုနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုဆိုင်ရာ အသိပညာ၊ နည်းပညာ၊ ဗဟုသုတများ ရပ်ရွာအဆင့်အထိ အခုထက်ပိုမိုတိုးတက်စေမယ့် လုပ်ငန်းစဉ် (Non-structural Mitigation) တွေအတွက် ကုန်ကျစရိတ်အရမ်းများပေမယ့် လုပ်နိုင်သလောက်များများလုပ်တာ ကောင်းပါတယ်။

**Voice : သမိုင်းမှတ်တမ်းတွေအရဆိုရင် ဘင်္ဂလားပင်လယ်အော်က မုန်တိုင်းတွေက မြန်မာနိုင်ငံကို ဘယ်နလုံးလောက် ဝင်တတ်ပါသလဲ။ ဘယ်ကာလတွေမှာ မုန်တိုင်းတွေအများဆုံး ဖြစ်တတ်ပါသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်ဆရာ။**

**U KLO :** မြန်မာနိုင်ငံကို မုန်တိုင်းတွေဝင်ရောက်တတ်တာကတော့ ဧပြီလ၊ မေလ၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေ ဖြစ်ပါတယ်။ ထူးခြားတဲ့ မုန်တိုင်းကြီးသုံးလုံးကတော့ ၂၀၀၆ မာလာ၊ ၂၀၀၈ နာဂစ်၊ ၂၀၁၀ ဂီရိမုန်တိုင်းတွေ ဖြစ်ပါတယ်။ အင်အားအဆင့်နဲ့ အဖျက်စွမ်းအားတွေ တူညီကြသလို မြန်မာနိုင်ငံကို မုန်တိုင်းသုံးလုံးစလုံး သောကြာနေ့မှာ ဝင်ရောက်ခဲ့တာလည်း တူနေတာထူးခြားပါတယ်။ ကမ်းခြေနားရောက်မှ အရမ်းအားကောင်းလာတာကတော့


ဓာတ်ပုံ - U Kyaw Lwin Oo FB

နာဂစ်နဲ့ ဂီရိမုန်တိုင်းတွေပါ။

**Voice : မြန်မာနိုင်ငံက အာရှဒေသတွင်း နိုင်ငံတွေထက် နေ့အပူချိန်တွေမြင့်တက်နေတဲ့အတွက် အခုလာမယ့်ကာလတွေမှာရော နေ့အပူချိန်တွေ မြင့်တက်နိုင်ပါသလားဆရာ။**

**U KLO :** အခုပြောနေတဲ့ အပူချိန်က မြင်းမူမြို့မှာ ၂၀၁၀ မေလကဖြစ်ခဲ့တဲ့ အမြင့်ဆုံးနေ့အပူချိန်စံချိန်ပါ။ မြန်မာ့စံချိန်သာမက အာဆီယံမှတ်တမ်းတွေရဲ့စံချိန်ဖြစ်ခဲ့တာပါ။ တချို့အရှေ့အလယ်ပိုင်းနိုင်ငံမှာဆို အပူချိန်စံချိန်သစ်က ၅၀ ဒီဂရီစင်တီဂရိတ် ကျော်ပါတယ်။ မုတ်သုံမဝင်ခင်အထိ မေလကုန်လောက်ကတော့ နေ့အပူချိန်တွေ မြင့်တက်ဖို့ရှိပါတယ်။ မိုးလေဝသအခြေအနေတွေကိုတော့ အကြမ်းဖျင်းခုနစ်ရက်လောက် ကြိုသိနိုင်ပြီး အသေးစိတ်ကိုတော့ သုံးရက်လောက်အတွင်းကြည့်ရင် မှန်ကန်တဲ့ရာခိုင်နှုန်းက များပါတယ်။

**Voice : ဒါဆို မိုးကြိုကာလမှာဖြစ်နိုင်တဲ့ ရာသီဥတုဖြစ်စဉ်တွေလည်း သိပါရစေဆရာ။ ပြီးခဲ့တဲ့လတွေတုန်းက ဒေသအနှံ့အပြားမှာ မိုးသီးကြွေတာတွေ၊ လေပြင်းတိုက်တာတွေ ဖြစ်ခဲ့တဲ့အတွက် မိုးတိမ်တောင်အန္တရာယ်နဲ့ မိုးကြိုးပစ်တဲ့အန္တရာယ်ရော ဘယ်လောက်ကြီးပါသလဲဆရာ။ ဘယ်လိုကာကွယ် နေထိုင်ရမလဲဆိုတာ အကြံပြုပေးပါဦး။**

**U KLO :** မိုးကြိုရာသီမှာတော့ မုန်တိုင်းရယ်၊ အပူချိန်မြင့်တက်တာရယ်၊ မိုးတိမ်တောင်တွေ ဖြစ်တတ်ပါတယ်။ အပူလွန်ကဲချိန်မှာ ရေငွေ့တွေရရှိတဲ့အခါ လေထုမတည်ငြိမ်မှုများပြီး အားကောင်းတဲ့ မိုးတိမ်တောင်တွေ မွန်းလွဲ၊ ညနေပိုင်းတွေမှာဖြစ်ပါတယ်။ မိုးကြိုးပစ်တာ၊ မိုးသီးကြွေတာ၊ မိုးသက်လေပြင်းတိုက်ခတ်တာ၊ နေရာကွက်ပြီး ရုတ်တရက်မိုးသည်းထန်တာတွေဖြစ်ပါတယ်။ မိုးခြိမ်းသံကြားရင် ကိုယ့်ဒေသမှာ မိုးတိမ်တောင်ရှိနေပြီဆိုတာ သိနိုင်ပါတယ်။

**Voice : နောက် မုတ်သုံဝင်ရောက်မှုအခြေအနေနဲ့ မိုးရရှိနိုင်မှုအခြေအနေလည်း သိပါရစေဆရာ။ ဘယ်ဒေသတွေက မိုးများနိုင်ပြီး ဘယ်ဒေသတွေက မိုးနည်းနိုင်ပါသလဲဆရာ။**

**U KLO :** မုတ်သုံလေဆိုတာ ရာသီမှန်အချိန်မှန်တိုက်တဲ့ ပင်လယ်နဲ့ကုန်းမြေအပူကြောင့် လေဖိအားကွာခြားလို့ အဓိကဖြစ်ရတာပါ။ များသောအားဖြင့် မြန်မာနိုင်ငံကို မေလလယ်မှာ ဝင်ရောက်ပါတယ်။ ထူးခြားပြီး မုတ်သုံလေနောက်ကျတာ ခုနောက်ပိုင်းသိပ်မတွေ့ရပါ။ ဒါပေမဲ့ မုတ်သုံလေက မုန်တိုင်းအဖော်နဲ့ဝင်လာရင် မြန်မြန်မိုးရတယ်။ မိုးရွာသွန်းပုံ ပျံ့နှံ့မှုများတယ်။ မုတ်သုံလေအင်အားကိုတော့ အစောကြီးကြိုတင်ခန့်မှန်းရတာ ခက်ခဲပါတယ်။ တောင်အာရှမုတ်သုံအဝင်နဲ့ မိုးရွာနိုင်မှုဖိုရမ်တစ်ခု အိန္ဒိယနိုင်ငံမှာ လုပ်နေပါတယ်။ မကြာခင်တော့ ၂၀၁၇ မိုးအခြေအနေသုံးသပ်ချက် ထွက်လာပါမယ်။ မုတ်သုံမိုးအတွက် ပုံမှန်ပြဿနာကတော့ မုတ်သုံလေ မျက်နှာသာပေးခြင်းမခံရတဲ့ အလယ်ပိုင်းဒေသ ဖြစ်ပါတယ်။ အယ်နီညိုနှစ်ဖြစ်ပေမယ့် မနှစ်ကတော့ အညာမှာ မိုးကောင်းခဲ့ပါတယ်။

**Voice : ဟုတ်ကဲ့ဆရာ။ အချုပ်အနေနဲ့ ရာသီဥတုအခြေအနေအပေါ် သုံးသပ်အကြံပြုပေးပါဦး။**

**U KLO :** အနာဂတ် မြန်မာ့ရာသီဥတု ပြောင်းလဲလာနိုင်မှုအနေနဲ့ အပူချိန်မြင့်လာတာ မိုးရွာသွန်းမှုပိုလာနိုင်မယ်လို့တွေ့ရတော့ ရာသီဘေးဒဏ်တွေကို ဘက်စုံထောင့်စုံကနေ စနစ်တကျပြင်ဆင်ဖို့ ဆောင်ရွက်နေကြတာနဲ့အတူ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် သဘာဝဘေးဒဏ်တွေကို ရင်ဆိုင်ခုခံနိုင်စွမ်းမြင့်တဲ့ စွမ်းဆောင်ရည်တွေ ဒေသအလိုက် အရှိန်မြှင့်ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။ ■

**ထူးခြားတဲ့ မုန်တိုင်းကြီး သုံးလုံးကတော့ ၂၀၀၆ မာလာ၊ ၂၀၀၈ နာဂစ်၊ ၂၀၁၀ ဂီရိမုန်တိုင်းတွေ ဖြစ်ပါတယ်။ အင်အားအဆင့်နဲ့ အဖျက်စွမ်းအားတွေ တူညီကြသလို မြန်မာနိုင်ငံကို မုန်တိုင်းသုံးလုံးစလုံး သောကြာနေ့မှာ ဝင်ရောက်ခဲ့တာလည်း တူနေတာ ထူးခြားပါတယ်။ ကမ်းခြေနားရောက်မှ အရမ်းအားကောင်းလာတာကတော့ နာဂစ်နဲ့ ဂီရိမုန်တိုင်းတွေပါ။**

MANDALAY VOICE

# မန္တလေးမြို့ပေါ်ရပ်ကွက် ၂၂ ခု မီးဘေးအန္တရာယ်ရှိဟု ခရိုင်မီးသတ်ပြော

**မန္တလေး၊ ဧပြီ ၂၄**

မန္တလေးမြို့ပေါ် ရပ်ကွက် ၂၂ ခုသည် မီးဘေးအန္တရာယ်ရှိသော ရပ်ကွက်များဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်က ပြောကြားသည်။

မန္တလေးမြို့ပေါ် မြို့နယ်များဖြစ်သည့် အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာအရှေ့၊ ဒေါနဘွား၊ ဥပုသ်တော်၊ အမရဌာနီအရှေ့၊ ချမ်းအေးသာစံမြို့နယ်ရှိ စိတ္တရမဟီ၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ သီရိဟေမာအနောက်၊ ဒေးဝန်းအနောက်၊ မဟာအောင်မြေမြို့နယ်ရှိ မဟာမြိုင် (၁)၊ စကြာနွယ်စဉ်၊ သံလျက်မှော်အနောက်၊ သံလျက်မှော်အရှေ့၊ ချမ်းမြသာစည်မြို့နယ်ရှိ ကန်သာယာ၊ အောင်ပင်လယ်၊ မြရည်နန္ဒာ၊ ချမ်းမြသာစည်တောင်၊ ကျွန်းလုံးဥသျှောင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ထိန်ကုန်း၊ သင်ပန်းကုန်း၊ တောင်မြင့်တံခွန်တိုင်၊ စက်မှုဇုန် (၅) ရပ်ကွက်တို့ကို မီးဘေးအန္တရာယ်ရှိသော ရပ်ကွက်များအဖြစ် သတ်မှတ်ထားကြောင်း မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က ရှင်းပြသည်။

မန္တလေးခရိုင်အတွင်းရှိနေသည့် အမရပူရမြို့နယ်မှ ဘုံးအိုးကျေးရွာ၊ မှန်တန်း၊ ဝက်ကုန်းရပ်၊ မှန်တန်းကွက်သစ်၊ အိုးတော်မိုက်စုရပ်၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မ၊ ရန်ကင်းတောင်ကျေးရွာ၊ နန်းဦးလွင်ကျေးရွာ၊ အုန်းချောကျေးရွာ တို့ကိုလည်း မီးဘေးစိုးရိမ်ရသည့် ရပ်ကွက်များအဖြစ် သတ်မှတ်ထားကြောင်း မန္တလေးခရိုင်မီးသတ်ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

“အဲဒီရပ်ကွက် ၃၁ ခုမှာ မီးလောင်ရင် အန္တရာယ်များတဲ့ အနေအထားရှိနေတယ်။ အဲဒါကြောင့် အဲဒီရပ်ကွက်တွေမှာ မီးလောင်ရင် အဆင်သင့် ဖြစ်နေအောင် တပ်ဖွဲ့ဝင်တွေကတော့ ဇာတ်တိုက်လေ့ကျင့်တာတွေ လုပ်ပြီးသွားပြီ။ ပြည်သူတွေကိုလည်း မီးဘေး၊ သဘာဝဘေးကာကွယ်ရေး အသိပညာပေးဖို့ လုပ်နေတယ်” ဟု မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က ပြောကြားသည်။

မန္တလေးခရိုင်အတွင်းရှိ ရပ်ကွက်များအနက် အဆိုပါရပ်ကွက် ၃၁ ခုသည် လူနေအိမ်ထူထပ်ခြင်း၊ ထရံကာအိမ်များပေါ်များခြင်း၊ လမ်းကျဉ်းခြင်း စသည့် အချက်များအပေါ်မူတည်၍ မီးဘေးအန္တရာယ်ရှိသော ရပ်ကွက်များအဖြစ် မီးသတ်ဦးစီးဌာနက သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းရပ်ကွက်များအတွင်း နေထိုင်သူများကို မေလ ၅ ရက်နေ့ (မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့) မှစတင်ကာ အသိပညာပေးမှုများ လုပ်ဆောင်ရန် မန္တလေးခရိုင် မီးသတ်ဦးစီးဌာနက စီစဉ်ထားသည်။

မန္တလေးမြို့တွင် ၂၀၁၆ ခုနှစ်ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း မီးလောင်မှု ၇၁ ကြိမ်ဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ပထမနှစ်လတာအတွင်း မီးလောင်မှု ၁၇ ကြိမ်ဖြစ်ခဲ့ကာ လူလေဦးသေဆုံးခဲ့သည်။

■ M-04




အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုတစ်ခုကို တွေ့ရစဉ်



ထူးမတောင်တွင် လက်ခံစောင့်ရှောက်ထားသည့် ဘိုးဘွားများကို တွေ့ရစဉ်

# ထူးမတောင်ဘိုးဘွားရိပ်သာ လူ ၂၀၀ ဦးခန့်အထိ လက်ခံမည်

**မန္တလေး၊ ဧပြီ ၂၄**

ပုသိမ်ကြီးမြို့နယ် ထူးမတောင် ဘိုးဘွားရိပ်သာအနေနှင့် ခိုကိုးရာမဲ့ဘိုးဘွား ၂၀၀ ခန့်အထိ လက်ခံစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း အဆိုပါဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဘိုးဘွားရိပ်သာကို အဝါရောင်မျိုးဆက်ပရဟိတအသင်း (YGW) က တည်ထောင်ထားခြင်းဖြစ်ရာ လတ်တလောတွင် ခိုကိုးရာမဲ့ဘိုးဘွား ၅၀ ဦးခန့်အထိ လက်ခံထားကြောင်း၊ လာရောက်အပ်နှံသူများလာသဖြင့် အဆောင်သစ်နှစ်ခု ထပ်မံတည်ဆောက်နေကြောင်း၊ အဆောက်အအုံပြီးစီးပါက အသက် ၅၀ နှင့်အထက် ဘိုးဘွား ၂၀၀ ဦးခန့်အထိ လက်ခံပေးမည်ဖြစ်ကြောင်း အဆိုပါရိပ်သာတာဝန်ခံဆရာတော် အရှင်နန္ဒက The Voice သို့ မိန့်ကြားသည်။

“အဆောင်သစ်နှစ်ခု ထပ်ဆောက်နေတယ်၊ လိုအပ်ချက်တွေကတော့အများကြီးရှိနေသေးတာပေါ့။ လာမယ့် မေလကုန်ပိုင်းလောက် အဆောင်သစ်ပြီးမယ်”ဟု ဆရာတော်က မိန့်ဆိုသည်။

အဝါရောင်မျိုးဆက် ပရဟိတအသင်း (YGW) အနေနှင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက ယင်းရိပ်သာကို တည်ထောင်ခဲ့ခြင်းဖြစ်ရာ လက်ရှိတွင် အဘိုး ၁၃ ဦးနှင့် အဘွား ၃၆ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးထားသည်။

“ဘိုးဘွားတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မယ့် ဆေးခန်းနဲ့ သူနာပြုဆရာမတွေလည်း လိုနေသေးတယ်။ အဘိုးအဘွားတွေ များလာရင် ကျန်းမာရေးစောင့်ရှောက်မှုလည်း ပိုများလာနိုင်တယ်” ဟု ဆရာတော်က ထပ်မံမိန့်ကြားသည်။

မန္တလေးမြို့တော်အခြေစိုက် ပရဟိတအသင်းများက ခိုကိုးရာမဲ့ ဘိုးဘွားများကို ထူးမတောင်ဘိုးဘွားရိပ်သာသို့ ပို့ဆောင်ပေးနေခြင်းဖြစ်ရာ လစဉ် ခိုကိုးရာမဲ့ အဘိုးအဘွားနှစ်ဦးမှ သုံးဦးကြား ပို့ဆောင်ပေးနေရကြောင်း အလင်းစေတမန် အွန်လိုင်း ပရဟိတအသင်းမှ ဦးမျိုးနိုင်ဝင်းက ပြောဆိုသည်။

အဆိုပါဘိုးဘွားရိပ်သာသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၉၁၀ ၃၇ ၅၂၀၊ ၉၁၀ ၃၅ ၇၄၇ တို့ထံဆက်သွယ်နိုင်သည်။

■ M-02

# NEWS IN BRIEF

## ကျောင်းဆောင်မီးလောင်မှုကြောင့် သံဃာတော်များ သီတင်းသုံးရန်ခက်ခဲ

မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက် သောင်ဦးကျောင်းတိုက် မီးလောင်မှုကြောင့် ကျောင်းနေသံဃာများ သီတင်းသုံးနေထိုင်ရန် အခက်အခဲဖြစ်နေကြောင်း အဆိုပါရပ်ကွက်ဒေသခံများထံမှ သိရသည်။

“ကျောင်းတိုက်တစ်ခုလုံး မီးလောင်ခဲ့တာဆိုတော့ ဘာမှမကျန်ဘူး။ သံဃာတော်တွေအတွက် ကျောင်းဆောင်သစ်တစ်ခု လိုအပ်နေပါတယ်။ အဲဒီကျောင်းတိုက်မှာ သံဃာ ခြောက်ပါးခန့်ရှိပါတယ်” ဟု ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် ဦးဆောင်နေသည့် ဝိုင်းမော်မြို့မှ ဝါရှောင်ဆရာတော် ဦးဝိစာရက မိန့်ကြားသည်။

ဘုရားမီးပူဇော်ထားရမှတစ်ဆင့် ဝါယာရှော့ခ်ဖြစ်ကာ ဧပြီလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းက သောင်ဦးကျောင်းတိုက် မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်ရာ လှူဒါန်းလိုသူများအနေနှင့် ဝါရှောင်ဆရာတော် ဝိုင်းမော်မြို့ဖုန်း- ၀၉ ၄၅၁၁၁၃၀၂၂၊ ၀၉ ၇၉၀၄၈၆၀၀၈ တို့ထံ ဆက်သွယ်နိုင်သည်။

M-01

## ဇာတိမာန်စာဖတ်အသင်း ပညာသင်စရိတ် ထောက်ပံ့မည်

အောင်မြေသာစံမြို့နယ် ရွှေလောင်းညွန့်ရပ်ကွက်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းအနေနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၁၀၀ ဦးကို ပညာသင်စရိတ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

“မိဘနှစ်ပါးစလုံးမရှိတော့တဲ့ ကလေးတွေကို ဦးစားပေးထောက်ပံ့မယ်။ အဖေတစ်ဦးတည်းရှိတာ အမေတစ်ဦးတည်းရှိတာမျိုးထဲက နွမ်းပါးသူတွေဆိုပြီး ခွဲထားတယ်။ တစ်ဦးကို ကျပ်သုံးသောင်းနဲ့စာရေးကိရိယာတွေ ထောက်ပံ့ပေးမယ်” ဟု ယင်းအသင်းတာဝန်ရှိသူ ဦးလှမင်းဦးက ပြောကြားသည်။

ပညာသင်စရိတ်လျှောက်ထားလိုသည့် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ အနေနှင့် ယင်းအသင်း ဖုန်း ၀၉ ၄၄၀၃၅၈၂၅ ထံ ဧပြီလ ၃၀ ရက်နေ့မှ မေလ ၂၀ ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်သည်။

ဇာတိမာန်စာဖတ်အသင်းအနေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ မူလတန်း၊ အလယ်တန်းအဆင့် အင်္ဂလိပ်သဒ္ဒါသင်တန်း၊ အခြေခံပန်းချီသင်တန်း၊ ဘောလုံးအားကစားနည်းသင်တန်း၊ ကလေးသတင်းစာပညာသင်တန်း ကဲ့သို့သော ပညာရပ်များကို နွေရာသီ ကျောင်းပိတ်ချိန်များ၌ နှစ်စဉ် အခမဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

M-01

# မန္တလေးတိုင်း လုပ်ငန်းခွင်မတော်တဆမှုကြောင့် တစ်နှစ်အတွင်း အလုပ်သမားလေးဦး သေဆုံး

**မန္တလေး၊ ဧပြီ ၂၄**

မန္တလေးတိုင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းခွင် မတော်တဆထိခိုက်မှု အကြိမ် ၄၀ ကျော်ဖြစ်ခဲ့ပြီး အလုပ်သမားလေးဦး သေဆုံးခဲ့ကြောင်း မန္တလေးတိုင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က ပြောကြားသည်။

"ပြီးခဲ့တဲ့နှစ်က လုပ်ငန်းခွင် မတော်တဆမှု လေးဆယ်ကျော် ရှိခဲ့ပေမယ့် သေဆုံးမှုနည်းတယ်လို့ ပြောနိုင်ပါတယ်။ ထိခိုက်မှုတွေမဖြစ်အောင် စီမံပေးထားဖို့လိုပါတယ်။ Rescue Team (ကယ်ဆယ်ရေးအဖွဲ့) တွေ စက်ရုံအလိုက်ဖွဲ့စည်းတာမျိုး လုပ်သင့်တယ်။ ဒီလိုဖွဲ့လိုက်ရင် လုပ်ငန်းခွင်မတော်တဆမှုပဲဖြစ်ဖြစ်၊ သဘာဝဘေးပဲဖြစ်ဖြစ် လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေ စနစ်တကျ ဖြစ်သွားမယ်" ဟု ၎င်းက ဆိုသည်။

ယင်းထိခိုက်မှုများအနက် ပြင်းထန်ဒဏ်ရာရရှိမှု ၂၀ ဦးခန့်အထိရှိခဲ့ကြောင်းလည်း ယင်းဌာန စာရင်းများအရ သိရသည်။

စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်မတော်တဆမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ ယင်းသို့သောဖြစ်စဉ်များ ရှိလာပါက အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနများသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ဌာနအနေနှင့်လည်း ကွင်းစစ်ဆေးမှုများလုပ်ဆောင်ခြင်း၊ ကုစားခြင်းများ အဆင့်ဆင့်လုပ်ဆောင်ပေးလျက်ရှိကြောင်း မန္တလေးမြို့ပေါ်ရှိ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနများထံမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် အချက်ပြအမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းတို့လုပ်ဆောင်ထားရာ ပြည်သူများအနေနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်းပါဝင်ရန်လိုကြောင်း ယင်းကော်မတီ လမ်းတံတားဌာနမှူး ဦးမျိုးအောင်က ပြောဆိုသည်။

စက်ရုံအလုပ်ရုံများအနေနှင့်လုပ်ငန်းခွင်အတွင်းအသုံးပြုနေသောစက်များ၊ အန္တရာယ်ဖြစ်စေနိုင်မည့် အနေအထားတို့နှင့်ပတ်သက်၍ အလုပ်သမားများကို ရှင်းပြပေးရကြောင်း၊ ၎င်းတို့အတွက် လိုအပ်သည့် လုပ်ငန်းသုံး ကာကွယ်ရေးပစ္စည်းများကို ထုတ်ပေးထားရပြီး အရေးပေါ်ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်းများကိုလည်း သင်ကြားပေးထားသင့်ကြောင်း ပလိပ်ပန်ဒါချည်မျှင်စက်ရုံ အထွေထွေမန်နေဂျာ ဒေါ်တင်တင်ရွှေက ပြောကြားသည်။

"အသံဆူတဲ့အလုပ်ဆိုရင် နားကြပ်တွေ၊ ဓာတုပစ္စည်းထွက်တဲ့အလုပ်မျိုးဆိုရင် နှာခေါင်းစည်းတွေ အလင်းထွက်တာမျိုးဆို မျက်မှန်တွေ၊ ဒါမျိုးတွေလုပ်ပေးရပါတယ်။ စက်ရုံအများစုက ထားပေးကြပါတယ်။ မန္တလေးတိုင်းမှာရှိတဲ့ စက်ရုံအလုပ်ရုံ အများစုကတော့ အရေးပေါ်ကယ်ဆယ်ရေးအသင်းတွေ ဖွဲ့ပေးတာမျိုး၊ အလုပ်သမားတွေကို ရှေးဦးသူနာပြုနည်းတွေ သင်တန်းပေးမျိုးတွေမှာတော့ အားနည်းနေပါသေးတယ်" ဟု၎င်းကပြောဆိုသည်။

လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အမျိုးအစားအားလုံးတွင် ဖြန့်ကြက်နိုင်ရေးအတွက် ကြိုးပမ်းနေသည့်အပြင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဥပဒေများလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေကြောင်း မန္တလေးတိုင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က ထပ်လောင်းပြောကြားသည်။ ■

**M-04**




အမှိုက်ပစ်ကွင်းသစ် တည်ဆောက်နေမှုကို တွေ့ရစဉ်

# ပြင်ဦးလွင် အမှိုက်ပစ်ကွင်းသစ် မေလတွင် စသုံးနိုင်မည်

**မန္တလေး၊ ဧပြီ ၂၄**

ပြင်ဦးလွင်မြို့နယ်အတွင်း ဂျပန်နည်းပညာဖြင့် တည်ဆောက်နေသော အမှိုက်ပစ်ကွင်းသစ် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ မေလအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်း စည်ပင်သာယာရေးဝန်ကြီးဌာနထံမှ သိရသည်။

ယင်းအမှိုက်ပစ်ကွင်းကို ဇန်နဝါရီလအတွင်းကစ၍ ဂျပန်နည်းပညာများဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အမှိုက်ကွင်းများမှထွက်သည့် မီသိန်းဓာတ်ငွေ့များကြောင့် မီးလောင်မှုများဖြစ်တတ်ရာ ယင်းအန္တရာယ်ကို ကာကွယ်နိုင်ရန် ဓာတ်ငွေ့ထွက် ပိုက်လိုင်းများ၊ ရေထွက်ကန်များ ထည့်သွင်းတည်ဆောက်ထားကြောင်း မန္တလေးတိုင်း စည်ပင်သာယာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောကြားသည်။

ပြင်ဦးလွင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၀ ခုရှိပြီး အိမ်ခြေ ၁၉၀၀၀ ကျော်မှ ထွက်ရှိသောအမှိုက်များကို အမှိုက်သိမ်းယာဉ်ကိုးစီးဖြင့် သိမ်းဆည်းလျက်ရှိရာ တစ်လလျှင် အမှိုက်တန် ၈၇၀ ကျော်ထွက်ရှိပြီး ကျောက်တော်ရပ်ကွက်ရှိအမှိုက်ကန်ဟောင်းတွင် စွန့်ပစ်နေရကြောင်း ယင်းမြို့နယ် စည်ပင်သာယာဌာန စာရင်းများအရ သိရသည်။

အမှိုက်ပစ်ကွင်းသစ်သည် တစ်ဧကခန့် ကျယ်ဝန်းပြီး ပြင်ဦးလွင်မြို့နယ် ညောင်နီကျေးရွာအနီးတွင် ရှိသည်။ ■

**M-05**

# နောင်ချိုမြို့နယ် တရားရုံးက ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် တောင်သူ ၁၀ ဦးကို ထောင်ဒဏ် ၁၆ လစီချ

**မန္တလေး၊ ဧပြီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ ကြိမ်ဂနိုင်အုပ်စု၊ နမ့်လင်းခန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် တောင်သူ ၁၀ ဦးကို နောင်ချိုမြို့နယ်တရားရုံးက ဧပြီလ ၂၄ ရက်နေ့တွင် ထောင်ဒဏ် ၁၆ လစီ အမိန့်ချမှတ်လိုက်သည်။




နောင်ချိုမြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည့် တောင်သူအချို့ကို တွေ့ရစဉ်

စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံ (ကော်ဖီစီမံကိန်း) မြေပေါ်တွင် မူလပိုင်ရှင်တောင်သူများက ဝင်ရောက်စိုက်ပျိုးခဲ့သည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် တောင်သူ ၁၀ ဦးကို ကော်ဖီစီမံကိန်းတာဝန်ခံက ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇၊ ၂၉၄ နှင့် ၅၀၆ တို့ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့၍ နောင်ချိုမြို့နယ်တရားရုံးက ထောင်ဒဏ်များချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ပြစ်ဒဏ်ကျခံရမည့် တောင်သူများ၏ မိသားစုဝင်အချို့က ပြောဆိုသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ အမှုရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး ၂ နှစ်ခွဲခန့်ကြာမြင့်ပြီးနောက် ထောင်ဒဏ် ၁၆ လစီ ချမှတ်ခံရခြင်း ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပိုင်နက်ကျူးကျော်မှု ပုဒ်မ ၄၄၇ အရ အလုပ်နှင့်ထောင်ဒဏ် သုံးလ၊ အကျိုးဖျက်ဆီးမှု ပုဒ်မ ၄၂၇ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လ၊ ပုဒ်မ ၂၉၄ အရ အလုပ်နှင့်ထောင်ဒဏ် တစ်လ၊ ပုဒ်မ ၅၀၆ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း နောင်ချိုမြို့နယ်တရားရုံးထံမှ သိရသည်။

"ဒီအမှုက တောင်သူတွေကို မတရားအမိန့်ချလိုက်တာလို့ပဲ ပြောချင်တယ်။ ဘိုးစဉ်ဘောင်ဆက် ခေါ်မဦးချ လုပ်ကိုင်လာတဲ့ တောင်သူတွေရဲ့မြေတွေကို သိမ်းတယ်။ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့လို့ မူလတောင်သူတွေက သူတို့မြေပေါ်မှာ ထွန်တုံးတိုက်ပွဲလုပ်ပြီး ပြန်စိုက်တာကို စီမံကိန်းအတွက် လုပ်ကိုင်ခွင့်ရထားတယ်ဆိုပြီး အမှုဖွင့် တရားစွဲတာမှာ အမြင့်ဆုံးပြစ်ဒဏ်တွေ ချမှတ်လိုက်တာလို့မြင်တယ်" ဟု တောင်သူများ၏အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးနိုင်နိုင်ထွန်းက ပြောကြားသည်။

နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက်များ၊ စစ်ဆေးပေါ်ပေါက်ချက်များ၊ အမှုဖြစ်စဉ် အကြောင်းအရာပေါ်မူတည်၍ အမှုစစ် တရားသူကြီးက သင့်တင့်သည့် ပြစ်ဒဏ်များကို ဥပဒေနှင့်အညီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း နောင်ချိုမြို့နယ် တရားသူကြီး ဒေါ်ယဉ်သီတာစန်းက တုံ့ပြန်ပြောဆိုသည်။

နောင်ချိုမြို့နယ်၊ နမ့်လင်းခန်းကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေ ၃၆၄ ဧကကို ၂၀၀၃ ခုနှစ် အတွင်း နိုင်ငံတော် အစိုးရ၏ ကော်ဖီစီမံကိန်းဆောင်ရွက်ရန် သိမ်းဆည်းခဲ့ပြီး စီမံကိန်းတစ်နှစ်တာဆောင်ရွက်ပြီးချိန်တွင် လုပ်ငန်းမအောင်မြင်သဖြင့် ရပ်နားခဲ့ရာ မူလတောင်သူများအနက် တောင်သူ ၆၆ ဦး ဝင်ရောက်စိုက်ပျိုးခဲ့သည့်အတွက် စီမံကိန်းတာဝန်ခံ ဦးဝင်းစိုးက တောင်သူ ၁၀ ဦးကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ■ **M-04**

# အင်္ဂလိပ်တို့သိမ်းယူခဲ့သည့် နန်းတွင်းရတနာစာရင်း လန်ဒန်ရှေ့နေများအကူအညီဖြင့်ပြုစုရန် ပြင်ဆင်

**မန္တလေး၊ ဧပြီ ၂၄**

မြန်မာဘုရင်သီပေါမင်း ပါတော်မူခဲ့သည့် ၁၈၈၅ ခုနှစ်က အင်္ဂလိပ်တို့သိမ်းယူသွားသည့် နန်းတွင်းရတနာပစ္စည်းများ စာရင်းကို လန်ဒန်မြို့ရှိ ရှေ့နေများ၏ အကူအညီဖြင့် စာရင်းပြုစုရန် ပြင်ဆင်နေကြောင်း သီပေါမင်း၏မြစ်တော်စပ်သူ ဦးစိုးဝင်းက ပြောကြားသည်။

"နန်းတွင်းရတနာတွေအကြောင်း နောင်လာနောက်သားတွေ သိအောင်၊ တစ်နိုင်ငံလုံးအနေနဲ့ သိအောင်လုပ်နေတာ။ သမိုင်းမှတ်တမ်းတစ်ခု ဖြစ်စေချင်လို့လုပ်တာပေါ့။ အနွယ်တော်တစ်ယောက်အနေနဲ့ လုပ်တာမဟုတ်ဘူး။ ပြည်သူတစ်ယောက် အနေနဲ့လုပ်တာ။ တိုင်းပြည်အတွက် နစ်နာခဲ့တယ်။ ဘယ်လိုနစ်နာခဲ့တယ်ဆိုတာတွေကို မှတ်တမ်းဖြစ်အောင် ပြန်ဖော်ထုတ်တာ" ဟု ၎င်းကပြောဆိုသည်။

ထိပ်စုမြတ်ဘုရားကလေး (သီပေါမင်း၏စတုတ္ထသမီးတော်) ရေးသားသည့် စတုတ္ထသမီးတော်အရေးတော်ပုံစာတမ်းတွင် ခမည်းတော်၊ မယ်တော်၊ မိထွေးတော်တို့၏ လက်ဝတ်ရတနာအချို့နှင့် ၁၇၈ ပါးသောမင်းတို့၏အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများနှင့် ဘဏ္ဍာတော်များကိုသေတ္တာကြီးငယ်များအတွင်း ထည့်သွင်း၍ ကာနယ်စလေဒင်ထံ အပ်ခဲ့ကြောင်း၊ ယင်းပစ္စည်းများ၏တန်းဖိုးမှာ အနည်းဆုံး ကုဋေ ၅၀၀၀ ခန့်ထိုက်တန်ကြောင်း၊ မင်းတုန်းမင်း၏ မိဖုရား၊ ဘွားတော်ဆင်ဖြူမရှင်တို့ ပိုင်ဆိုင်သည့် ရွှေဒင်္ဂါးများအပြင် ရှစ်သိန်းကျော် တန်ဖိုးရှိသည့် ဘဏ္ဍာတော်များကိုလည်း စလေဒင်ထံ အပ်နှံခဲ့ကြောင်း ဖော်ပြထားသည်။

အင်္ဂလိပ်တို့သိမ်းယူသွားသည့် နန်းတွင်း ရတနာပစ္စည်းများစာရင်းပြုစုရာတွင် စတုတ္ထသမီးတော်အရေးတော်ပုံ စာတမ်းတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ သိမ်းဆည်းခံရသည့်ပစ္စည်းများ ယင်းထက်ပိုများနိုင်ကြောင်း၊ စာရင်းဇယားများ တိကျခိုင်မာစေရန် ရှေ့နေများနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လန်ဒန်ရှေ့နေများက စာရွက်စာတမ်းများ ရှာဖွေပေးမည်ဖြစ်ရာ ယင်းလုပ်ငန်းများအတွက် လုပ်ငန်း စတင်နေပြီဖြစ်ကြောင်း ဦးစိုးဝင်းက ထပ်လောင်းပြောဆိုသည်။

ယင်းသို့သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ရှေးဟောင်းဝတ္ထုပစ္စည်း ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ရှိကြောင်း၊ ယင်းသဘောတူညီချက်များအရ ပြန်လည်တောင်းခံနိုင်သော်လည်း အမွေတောင်းယူ၍မရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ **M-05**

# ဓမ္မနီတိ (၄)

## ကြွက်သေတစ်ကောင်ဖြင့် ဘဝတည်ဆောက်ခြင်း

ပညာဆိုသည်မှာ အတန်း၊ ဘွဲ့ထူး၊ ဂုဏ်ထူးများမဟုတ် အမြော်အမြင်ဖြစ်ကြောင်းကို ဗုဒ္ဓက ဆုံးမတော်မူခဲ့ဖူးပါသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း စိုးစံစဉ်ကာလက ဖြစ်သည်။ တိုင်းပြည်တွင် ပညာဉာဏ်အပြင် ဥစ္စာခနေ အရာ၌ လွန်စွာ ကြွယ်ဝသည့် သူဌေးကြီးတစ်ဦးရှိသည်။ သူဌေးအမည်မှာ စူဠသေဋ္ဌိဖြစ်သည်။

တစ်နေ့တွင် စူဠသေဋ္ဌိသူဌေးသည် မင်းထံပါးခစားရန် သွားရောက်သည်တွင် လမ်းခရီး၌ ကြွက်သေတစ်ကောင်ကို တွေ့မြင်ပြီး ဤသို့ပြောကြားလိုက်လေသည်။

"ဤလောကတွင် အမြော်အမြင်ရှိသူတို့သည် ကြွက်သေကို အရင်းအနှီးပြု၍ ချမ်းသာခြင်းကို ရောက်နိုင်သည်" ဟု ဆိုလိုက်လေသည်။

ထိုစကားကို အနီးတွင် ရပ်နေသော ဆင်းရဲသားတစ်ဦးက ကြားလေသည်။ ထို့နောက် ဆင်ခြင်ကြည့်သည်မှာ -

"သူဌေးကြီးသည် ဤစကားကို အကြောင်းမဲ့ ပြောကြားသည် မဖြစ်တန်ရာ။ ကြွက်သေတစ်ခုကို အရင်းအနှီးပြုပြီး ချမ်းသာမှုကို မည်သို့ရနိုင်ပါမည်နည်း" ဟု တွေးဆဆင်ခြင်လေတော့သည်။

ဆင်းရဲသားသည် ကြွက်သေကို ကောက်သွားပြီး ဈေးကိုယူသွားသည်။ ဈေးရောက်သည့်အခါတွင် ကြောင်စာဟူ၍ အော်ရောင်းလေသည်။ ကြောင်ရှိသော အိမ်က ကြွက်သေကို အသပြာတစ်ခြင်ရွှေးပေးကာ ဝယ်လေသည်။

ရလာသည့် တစ်ခြင်ရွှေးကိုယူပြီး အိုးသည်ထံသွားကာ အိုးတစ်လုံးဝယ်သည်။ ရေအိုးကို ရလာလျှင် သန့်ရှင်းစွာ ဆေးကြောပြီး သောက်ရေများထည့်ကာ ပန်းသည်များ လာသော လမ်းကိုသွားပြီး "ရေချိုအေးလေးများ အမောပြေ သောက်သွားပါလား မမတို့" ဟု ချိုသာစွာပြောကာ ရေကမ်းသည်။ ပန်းသည်တို့က ကျေးဇူးတင်ပြီး ပန်းတစ်ဆုပ်စီ လက်ဆောင်ပေးသည်။

ပန်းသည်တို့ထံက ရလာသော ပန်းများကို စုစည်းပြီး သူဆင်းရဲသည် ဈေးသို့သွားကာ ပန်းများကို ရောင်းပြန်သည်။ ငွေရှစ်အသပြာရသည်။ ရလာသည့် ငွေဖြင့် တင်လဲများဝယ်ပြီးလာစဉ် လေကြီးမိုးကြီးကျသောကြောင့် မင်းဥယျာဉ်အတွင်း ဝင်ခိုသည်။

လေမိုးငြိမ်သောအခါ ဥယျာဉ်အတွင်း သစ်ကိုင်းအမှိုက်များ ရှုပ်ထွေးသည်ကို ရှင်းပေးပါရစေဟု ဥယျာဉ်မှူးထံ ခွင့်ပန်သည်။ ပြီးလျှင် သူငယ်များ ကစားသည့်နေရာကို သွားပြီးနောက် ဝယ်လာသော တင်လဲများကို ကျွေးပြီးလျှင် ဥယျာဉ်အတွင်းမှ အမှိုက်များကို ရှင်းခိုင်းသည်။ ရလာသော သစ်ကိုင်းများကို ဥယျာဉ်တံခါး အဝတွင် ပုံထားလေသည်။ အိုးဖုတ်သမားများက သစ်ကိုင်းများကို လာဝယ်သောကြောင့် ရောင်းချရာ ငွေဆယ့်ခြောက် အသပြာရသည်။

သူဆင်းရဲသည် ရလာသော ငွေများကိုထုပ်ပိုက်ပြီး မြို့တံခါးအနီးသို့သွားကာ မြက်ရိတ်သမားများနှင့် ကုန်သည်ပွဲစားများကို ရေအေးများတိုက်ပြီး မိတ်ဆွေဖွဲ့သည်။ သူတို့ထံမှ မကြာမီ မြင်းငါးရာနှင့် ကုန်သည်များ ဤမြို့ကို လာကြမည်ဆိုသော သတင်းကိုကြားလိုက်ရသည်။ သူက မိတ်ဆွေဖြစ်နေသော မြက်ရိတ်သမားများထံက မြက်များအားလုံးကို ဈေးဖြတ်ဝယ်လိုက်ပြီး အိမ်တွင် စုပုံထားလေသည်။

မြင်းကုန်သည်များ ရောက်လာလျှင် မြင်းစာရှာမရသဖြင့် မြက်စည်းများပုံထားသော ဆင်းရဲသားအိမ်သို့ ရောက် လာကာ မြက်ထုံးများအားလုံးကို အသပြာတစ်ထောင်ပေးပြီး ဝယ်သွားလေသည်။ ရလာသော အသပြာ တစ်ထောင်ကိုပိုက်ပြီး ရေဆိပ်ကိုသွားသည်။ ကုန်သည်လှေတစ်စင်းကိုတွေ့ပြီး ပါလာသော ကုန်များကို ချုပ်ကာ သိမ်းပိုက်လိုက်သည်။

ကုန်သည်လှေရောက်လာကြောင်းကြားလျှင် မြို့တွင်းမှ ကုန်သည်များ လာဝယ်သော်လည်း တစ်ဦးတည်းက ချုပ်ထားလိုက်သောကြောင့် ထိုဆင်းရဲသားထံကပင် အမြတ်အစွန်းများစွာပေးပြီး ကုန်များကို ဝယ်ကြရသည်။ သူဆင်းရဲသည် အသပြာ နှစ်သိန်းစုဆောင်းမိသွားသည်။

ကျေးဇူးသိတတ်သော သူဆင်းရဲသည် အသပြာ နှစ်သိန်းကို တစ်သိန်းစီခွဲထုတ်ပြီး သူ၏ ကျေးဇူးရှင်သူဌေးကြီး စူဠသေဋ္ဌိထံသွားကာ တစ်ထုပ်ကိုရိုသေစွာ အပ်နှင်း၍ ကန်တော့လေသည်။ သူဌေးကြီးက -

"ချစ်သား မည်သည့်နေရာက ရလာသည့် ငွေများဖြင့် ငါ့ကို ကန်တော့သနည်း" ဟုမေးလေသည်။

သူဆင်းရဲကလည်း သူဌေးကြီးက ကြွက်သေတစ်ကောင်ကို အရင်းအနှီးပြုပြီး ချမ်းသာခြင်းသို့ ရောက်နိုင်သည် ဆိုသောစကားကို ဆင်ခြင်တွေးတော လုပ်ဆောင်နိုင်သဖြင့် အသပြာ နှစ်သိန်းရလာပုံကို အဆင့်ဆင့် ပြောပြလေသည်။

"ကျွန်တော်မျိုးသည် အရှင့်စကားကို ဆင်ခြင်ပွားများပြီး ကြွက်သေတစ်ကောင်ဖြင့် လေးလအတွင်း အသပြာ နှစ်သိန်း ရခဲ့ပါတယ်။ ထို့ကြောင့် ဉာဏ်အလင်းပြသည့် ကျေးဇူးကို ထောက်ထားပြီး အရှင့်ကို ထက်ဝက်သော အမြတ်ငွေ အသပြာ တစ်သိန်းဖြင့် လာကန်တော့ပါသည်" ဟုဆိုလိုက်သည်။

သူဌေးကြီး စူဠသေဋ္ဌိက -

"ဤသူငယ်သည် ဉာဏ်အမြော်အမြင်လည်းကြီးပါပေသည်၊ ကြံဖန်နိုင်စွမ်းလည်း ရှိပါပေသည်၊ ထို့ပြင် ကျေးဇူးကိုလည်း အထူးသိတတ်သော ပညာရှိသူတော်ကောင်းပေတည်း" ဟု ဆုံးဖြတ်ကာ မိမိ၏သမီးနှင့် ထိမ်းမြား လက်ထပ်ပေးလိုက်သည်။

စူဠသေဋ္ဌိ သူဌေးကြီးထံမှ နည်းနာခံပြီး ကြီးပွားချမ်းသာလာသူဖြစ်ခြင်းကြောင့် စူဠန္တေဝါသိကသူဌေးဆိုသည့် အမည်တွင်လေသည်။

ဤဇာတ်တော်ကို ဗုဒ္ဓကဟောကြားတော်မူရာတွင် စူဠပန်အမည်ရှိသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဟောကြားခြင်းဖြစ်ပါသည်။ စူဠပန်သည် ရဟန်းဘဝတွင် သင်အံလေ့ကျက်မှုအားနည်းပါးသဖြင့် စိတ်ဓာတ်ကျပြီး ရဟန်းဘဝကထွက်ရန်ကြိုးစားစဉ် အသိတရားရစေရန် ဟောကြားခြင်းဖြစ်သည်။ မြတ်စွာဘုရားဟောကြားသည့် တရားကို နာကြားပြီးနောက် စူဠပန်သည် ဘုရားရှင်ထံတွင် ကြိုးစားအားထုတ်ရာ ပိဋကတ် သုံးပုံလုံး တတ်မြောက်သူဖြစ်လေသည်။

ဗုဒ္ဓသည် အရာရာကို နှိုင်းယှဉ်တွေးဆစရာ ဥပမာလေးများဖြင့် ဟောကြားဆုံးမ ညွှန်ပြတတ်ပါသည်။ ကြွက်သေတစ်ကောင်ကို အရင်းအနှီးပြုခြင်းဖြင့် ကြီးပွားရာကြီးပွားကြောင်းဖြစ်နိုင်သည်ကို လမ်းညွှန်မှုတွင် ရိုးသားခြင်း၊ ကြိုးစားခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရန်အရေးကြီးပုံတို့ကို ပြဆိုထားသည်။ ကြီးပွားအောင်မြင်လိုသူတိုင်း အလေးထားသင့်သော ဓမ္မစကားများဖြစ်ပါသည်။

■ E01

**(ရည်ညွှန်း - ငါးရာငါးဆယ် နိပါတ်တော်၊ စူဠကသေဋ္ဌိဇာတ်)**

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေး အလှူပြုနိုင်ဖို့ပါ။ အသက် ၄၅ နှစ်အရွယ် မသန္တာမြင့်က မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် အရှေ့ရွာသစ်ရွာမှာ နေထိုင်သူဖြစ်ပြီး မန်ကျည်းရွက်ရောင်းဖို့ မန်ကျည်းပင်ပေါ်တက်ရာမှ ပြုတ်ကျပြီး ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တယ်လို့ သိရပါတယ်။ မန္တလေး ၆၂ လမ်း အရိုးအထူးကုဆေးရုံမှာ တက်ရောက်ကုသနေရပြီး ခြေလက်တွေအကုန် စတီးရိုးထည့်ရမှာမို့ အလှူရှင်လိုအပ်နေတယ်လို့ သိရပါတယ်။ တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်မှာဖြစ်ပြီး ဆက်သွယ်လှူဒါန်း လိုတယ်ဆိုရင် မနော်ကြာဖြူအသင်း ၅၃ လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး၊ ဖုန်း ၀၉ ၃၃၀၄၈၃၆၂၊ ဖုန်း ၄၃၀၉၉၆၆၀ ကို ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ကလေးငယ်တွေ ကိုယ့်ပစ္စည်း ကိုယ်သယ်သွားနိုင်မယ့် ခရီးဆောင်အိတ်

ခရီးသွားတဲ့အခါမှာ ကိုယ့်ရဲ့သားငယ် သမီးငယ်တွေရဲ့ အရုပ်ကစလို့ အခြားသူတို့လေးတွေ နှစ်သက်တဲ့ပစ္စည်းတွေ အတူတကွပါဝင်ဖို့ကလည်း လိုအပ်ချက်တစ်ခုပါ။ အခုညွှန်ပေးချင်တာကတော့ ကလေးတွေအတွက် သီးသန့်ထုတ်ထားတဲ့ Luggage လေးဖြစ်ပြီး သူတို့ရဲ့ခရီးဆောင်အိတ်ကို သူတို့ကိုယ်တိုင် သယ်ချင်စိတ်ဖြစ်စေမယ့် ပုံစံလေး ထုတ်ထားတာပါ။ ပေါင် ၁၀၀ ဝန်းကျင်အထိ ထည့်သယ်နိုင်မှာဖြစ်ပြီး အရုပ်ကားလေးလို တက်စီးလို့လည်းရမယ့်အိတ် ဖြစ်ပါတယ်။ အပြာနဲ့ ပန်းရောင် နှစ်ရောင် ရရှိနိုင်ပြီး ဈေးနှုန်းက ၄၅၀၀ ကျပ်ပါ။ ဝယ်လိုတယ်ဆိုရင် 8 Ray အမှတ် ၄၉၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်နဲ့ ဖုန်း ၀၉ ၄၅၀၁၂၇၃၀၃၊ ၀၉ ၄၅၀၁၂၇၃၀၄၊ ၀၉ ၄၅၀၁၂၇၃၀၅ ကို ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ယခု ရက်ပိုင်းထုတ်သတင်းစာတွေမှာ နေရာပြန်ယူလာတဲ့ ကိစ္စတစ်ခုကတော့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် ၂၅ ယောက်က ပြန်လည်ဆွေးနွေးကြမယ့် ရန်ကုန်မြို့က မြို့သူမြို့သားအခြေခံလူတန်းစားတွေ အဓိကအားထားနေရတဲ့ YBS စနစ်အကြောင်းပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ရဲ့နှစ်ဆန်းကာလ ဇန်နဝါရီလ ၁၆ ရက်နေ့က စခဲ့တဲ့သူ့ရဲ့သက်တမ်းဟာ အခုဆိုရင် ၃ လတာကာလကို ချင်းနင်းဝင်ရောက်လာခဲ့ပြီပဲ ဖြစ်ပေမယ့်လည်း သူ့အနေနဲ့ အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်ခဲ့နိုင်တာမျိုးမဟုတ်ဘဲ ဒီကာလအတွင်းမှာ ပြဿနာပေါင်းစုံကို ဒိုင်ခံဖြေရှင်းရင်းနဲ့သာ ချီတက်ခဲ့ရတဲ့ အခြေအနေပါ။

သူ့အနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ကတည်းက အခြေတည်လာခဲ့ပြီး အနည်ထိုင်နေတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီ (မထသ) ကနေ ရန်ကုန်မြို့တွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သစ် YBS (Yangon Bus Service) ကို ပြောင်းလဲခဲ့တဲ့နေရာမှာ အလွယ်တကူနဲ့တော့ အဆင်မပြေနိုင်ဘူး။ အခက်အခဲပေါင်းစုံ၊ ပြဿနာပေါင်းစုံကို တွေ့ကြုံရနိုင်တယ်လို့ ကြိုတင်ခန့်မှန်းခဲ့မိမှာပါပဲ။ ဒါပေမဲ့လည်း မည်သို့ပင်ဖြစ်ဖြစ် ပြောင်းလဲမှုကိုသာ မြန်မြန်လုပ်မယ်၊ တွေ့ကြုံရတဲ့အခက်အခဲအကျပ်အတည်းတွေကိုတော့ဖြင့် မရမက ဖြတ်ကျော်ပြီး ရအောင်ပြောင်းလဲရမယ်လို့တော့ စဉ်းစားထားခဲ့ပုံပေါ်ပါတယ်။ ဒါပေမဲ့လည်း ဖြစ်ပေါ်လာတဲ့အခက်အခဲမျိုးစုံကို စနစ်တကျဖြေရှင်းနိုင်တာမျိုးမရှိခဲ့ဘဲ စီမံခန့်ခွဲမှုအရမ်းညံ့ဖျင်းကြတယ်ဆိုတဲ့ သုံးသပ်ချက်တွေ ပြည်သူတွေထံက ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ စနစ်သာပြောင်းလဲသွားပေမယ့် ယခင်ကရှိခဲ့တဲ့ ယာဉ်အိုယာဉ်ဟောင်းတွေ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကတော့ မပြောင်းလဲသေးဘူးဆိုတဲ့အသံတွေလည်း ဆက်လက်ထွက်ပေါ်လာနေခဲ့ပါတယ်။ ဘတ်စ်ကားစီးနင်းတဲ့ အများပြည်သူများမှာတော့ ယနေ့အချိန်အထိ ဘတ်စ်ကားအရေးအတွက် နည်းပါးနေခဲ့ခြင်းနဲ့ အချို့ယာဉ်နောက်လိုက်များရဲ့ စည်းကမ်းချိုးဖောက်မှုတွေကို ရင်ဆိုင်နေရဆဲဖြစ်ပြီး ထိုကိစ္စတွေအပေါ် တာဝန်ရှိသူတွေအနေနဲ့ ယနေ့အထိ နိုင်နိုင်နင်းနင်း ထိန်းချုပ်ကိုင်တွယ်နိုင်မှုမရှိသေးဘဲ အဆိုပါအခက်အခဲတွေကို ရင်ဆိုင်နေကြရဆဲဖြစ်တယ်လို့လည်း လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့နေ မြင်နေ ကြားနေရဆဲပါ။

ဒီအပေါ် အများပြည်သူတွေအားလုံးလိုလိုရဲ့အမြင်မှာတော့ မထသကနေ YBS စနစ်သစ်ကို ပြောင်းလဲသော်လည်း ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေနဲ့ ဒီယာဉ်လိုင်းတွေအပေါ် စီမံခန့်ခွဲနေတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ကတော့ လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းမရှိသေးဘူးဆိုတဲ့ ဝေဖန်ချက်တွေလည်း အခုရက်ပိုင်းတွေမှာ ကျယ်ကျယ်လောင်လောင် ပြန်လည်ပေါ်ထွက်လာနေခဲ့တာပါ။ ဒီလိုပေါ်ထွက်လာနေကြတဲ့အချိန်အခါနဲ့ တိုက်ဆိုင်စွာပဲ ဧပြီလဆန်းရောက်လို့ သင်္ကြန်ကာလနီးလာချိန်မှာတော့ YBS အတွက် စိန်ခေါ်လာတဲ့ထိုးနှက်ချက်တစ်ခုက ကျရောက်လာခဲ့ပါတော့တယ်။ ဒါကတော့ ဧပြီလ ၅ ရက်မှာကျင်းပတဲ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၆ ရက်မြောက်နေ့မှာ အင်းစိန်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးကိုယ်စားလှယ် ဦးဝေဖြိုးဟန်တင်သွင်းသွားတဲ့ သူနဲ့ပတ်သက်တဲ့အဆိုပဲ ဖြစ်ပါတယ်။ ဒီအဆိုကတော့ 'ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးလုပ်ကိုင်တဲ့ YBS ဘတ်စ်ကားစနစ်ကို အစိုးရအနေနဲ့ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြည်သူလူထုကို ချပြရန် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း' အဆိုပဲဖြစ်ပါတယ်။

ဒီအဆိုတင်သွင်းရခြင်းနဲ့ပတ်သက်လို့ ဘာကြောင့်လဲဆိုတဲ့ အဖြေကို မေးကြည့်တဲ့နေရာမှာ 'ရန်ကုန်မြို့ရဲ့သယ်ယူပို့ဆောင်ရေးက မှန်းထားတာထက်တော့ မကောင်းလာကြောင်း၊ အဲ့တော့ ပြည်သူဘက်ကရပ်တည်ကာ ပြည်သူတွေရဲ့အသံနားထောင်ပြီး ဒီအဆိုကိုတင်တာဖြစ်ကြောင်း၊ လက်ရှိအချိန်မှာ ရန်ကုန်တိုင်းအတွင်း၌ YBS စနစ် စတင်ပြောင်းလဲခဲ့သည်မှာ သုံးလပြည့်ခါနီးအချိန် ရောက်ရှိနေပြီး ဖြစ်ပေမယ့် သိသာထင်ရှားတဲ့ရလဒ်မျိုး ထွက်ပေါ်လာခြင်းမရှိသေးကြောင်း၊ အဆိုပါစနစ်ပြောင်းလဲရာတွင် အစိုးရအနေနဲ့ လုံလောက်တဲ့ အချိန်ကာလအသုံးပြုခဲ့ခြင်းမရှိကြောင်း၊ အခုက ပြိုင်မောင်းနေကြတုန်း၊ ခရီးသည်တွေကို ဆက်ဆံတာကလည်း YBS လို့သာပြောတာ မထသအတိုင်းပဲဖြစ်နေသေးကြောင်း၊ YBS ဆိုသည်မှာ မိတ်ကပ်လေး ခဏလိမ်းထားတာဖြစ်ပြီး တစ်လနှစ်လ ကြာတော့ မိတ်ကပ်တွေကွာကျပြီးတော့ မထသရုပ် ပြန်ပေါက်လာတာပင်ဖြစ်ကြောင်း' အဆိုတင်သွင်းသူ ဦးဝေဖြိုးဟန်က လွှတ်တော်အပြီး မီဒီယာများ၏မေးမြန်းမှုကို ပြန်လည်ဖြေဆိုခဲ့တာကိုလည်း ကြားခဲ့ရပါသေးတယ်။ ဒီနေရာမှာ ထူးခြားတဲ့အခြေအနေတစ်ခုကတော့ ယင်းသို့ အဆိုတင်သွင်းခဲ့ခြင်းနှင့်ပတ်သက်ပြီး လက်ခံကြောင်း အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လွှတ်တော်မှာ ထောက်ခံပြောဆိုခဲ့တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ YBS စနစ်ပြောင်းလဲမှုဟာ သုံးလနီးနီးကြာမြင့်လာပြီဖြစ်သော်လည်း ခရီးသွားပြည်သူအများစုအသုံးပြုတဲ့ ရုံးဆင်းရုံးတက်ချိန်များမှာတော့ မှတ်တိုင်များမှာ ဘတ်စ်ကားတွေကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရဆဲဖြစ်ပြီး နေရာတိုင်းလိုလိုမှာ စည်းကမ်းဖောက်ဖျက်မှုတွေ တစ်စတစ်စ ပိုမိုဖြစ်ပွားလို့ ယခင်စနစ်ဟောင်းဖြစ်တဲ့ မထသဘက်ကိုပြန်လည်ကူးပြောင်းလာတယ်လို့လည်း ပြည်သူအများက ဆိုနေကြပြန်ပါတယ်။ YBS ကို လက်ရှိစနစ်ထက် ကောင်းမွန်တဲ့စနစ်ဖြစ်စေဖို့အတွက် လွှတ်တော်ကိုယ်စားလှယ် ၂၅ ယောက်ကျော်က လွှတ်တော်ကျင်းပတဲ့အချိန်မှာ ဝိုင်းဝန်းဆွေးနွေး အကြံဉာဏ်ပေးသွားမှာဖြစ်တယ်လို့ သတင်းတွေမှာ တွေ့မြင်နေရပါတယ်။

ရန်ကုန်မြို့နေ လူထုအနေနဲ့လည်း နေ့စဉ် နိစ္စဓူဝ သူတို့ဖြတ်သန်းကြရမယ့် သွားရေးလာရေးကိစ္စတွေအတွက် အခက်အခဲမျိုးစုံကြားက တွေးပူနေကြချိန်နဲ့ တိုက်ဆိုင်စွာဆိုသလို လွှတ်တော်အတွင်းမှာလည်း အစိုးရကို တိုက်တွန်းတဲ့ ဒီလိုအဆိုကို အချိန်ကိုက်တင်သွင်းလာခဲ့တာကို တွေ့ရှိကြရမှာပါ။ ဒီအတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း သူ ဦးစီးဦးဆောင်ပြုလို့ ပြောင်းလဲမှုကိုဆောင်ရွက်ခဲ့တဲ့ သူ့ရဲ့သုံးလသား YBS စနစ်ဟာ အောင်အောင်မြင်မြင်နဲ့ဖြတ်ကျော်နိုင်ပါ့မလားဆိုတာကိုလည်း တွေးပူလာခဲ့ရပုံပေါ်ခဲ့ပါတယ်။ ဒီအတွက်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေအနေနဲ့ အချို့ယာဉ်တွေအပေါ်မှာ CCTV တွေ စတင်တပ်ဆင်တာတွေနဲ့ ကားအစီးရေ ထပ်မံဖြည့်တင်းခြင်းတွေကို ပြုလုပ်နေတာကို မြင်နေရပြီး ယခင်က သူပြောထားခဲ့သလို YBS စနစ်အတွက် ကားသစ်များကိုလည်း အရစ်ကျဝယ်ယူဖြည့်တင်းနေတာကိုလည်း မြင်နေရပါတယ်။

ဒါ့အပြင် မကြာမီကပြီးစီးခဲ့တဲ့ သင်္ကြန်ကာလအတွက်လည်း သင်္ကြန်ရက်အတွင်းမှာ ခရီးသွားပြည်သူတွေ သွားရေးလာရေး အခက်အခဲ မရှိအောင် သူ စီစဉ်ခဲ့ရကြောင်း၊ သင်္ကြန်ကာလအတွင်းမှာ ယာဉ်ခပိုမိုကောက်ခံတဲ့အတွက် တိုင်ကြားတဲ့အခါ အရေးယူမှာဖြစ်ကြောင်း၊ YBS ယာဉ်လိုင်းအတွင်းမှာ သတ်မှတ်ထားတဲ့ ယာဉ်လိုင်းတွေ၊ သတ်မှတ်ထားတဲ့အချိန်နဲ့ ကားအစီးရေကို အလှည့်နဲ့ ပြေးဆွဲပေးသွားနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အစိုးရဘက်ကနေ လိုက်နာကျင့်သုံးနိုင်ဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ထိန်းသွားမှာဖြစ်ကြောင်း၊ ဥပဒေကို လိုက်နာတတ်တဲ့ ဓလေ့ဖြစ်ဖို့အတွက် ယာဉ်လိုင်းတွေ၊ မောင်းတဲ့သူတွေ၊ ယာဉ်ပိုင်ရှင်တွေ၊ အဝေးပြေးယာဉ်လိုင်း ပြေးဆွဲနေတဲ့သူတွေအားလုံး လိုက်နာကြဖို့လိုကြောင်း၊ လိုက်နာမှု မရှိရင်တော့ ဥပဒေနဲ့အညီ ထိန်းညှိပေးသွားမှာဖြစ်ကြောင်း ၊ ခရီးသွားပြည်သူတွေ အဆင်ပြေနိုင်ဖို့အတွက် ယာဉ် အစီးရေတွေကို တိုးမြှင့်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်းစသည်တို့ကို ပြောကြားခဲ့တာနဲ့အညီ သင်္ကြန်ကာလအပြီးမှာ ယာဉ်ခပိုတောင်းခံတဲ့ ယာဉ်လိုင်းတွေနဲ့ သတ်မှတ်စည်းကမ်း မလိုက်နာတဲ့ယာဉ်လိုင်းတွေကို အရေးယူတဲ့သတင်းတွေလည်း ဖတ်ခဲ့ရပါတယ်။

ဦးဖြိုးမင်းသိန်းအနေနဲ့လည်း YBS စနစ်ကို ၃ လ တစ်ကြိမ် အဆင့်မြှင့်တင်မှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းများကိုလည်း အသက်သာဆုံးဖြစ်အောင် စီစဉ်ထားကြောင်း ယခင် YBS စနစ်ကို စတင်ပြောင်းလဲစဉ်ကာလက ပြောထားတာနဲ့အညီ ဧပြီလ ၇ ရက်နေ့မှာတော့ YBS ယာဉ်လိုင်းများရဲ့ပုံသေကောက်ခံရမည့်နှုန်းထားအသစ်များအတိုင်း ပြေးဆွဲပေးနေပြီပဲဖြစ်ပါတယ်။ ဒါ့အပြင် YBS အတွက် ယာဉ်အသစ်တွေလည်း ထပ်မံရောက်ရှိလာပြီး လာမယ့်လေးလအတွင်းမှာ ယာဉ်အစီးရေရဲ့ လေးပုံတစ်ပုံကို လဲလှယ်ပြီး ပြေးဆွဲသွားမယ်ဆိုတဲ့ သတင်းတွေလည်း ကြားနေရပါပြီ။

ဒီအတွက် ကောက်ချက်ဆွဲကြည့်လိုက်မယ်ဆိုရင်တော့ ပြီးဆုံးခဲ့တဲ့ သင်္ကြန်ကာလနဲ့ တိုက်ဆိုင်စွာပေါ်ပေါက်တင်သွင်းလာတဲ့ YBS နဲ့ပတ်သက်တဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အဆိုအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ယခင့်ယခင်ကလို သွေးအေးနေလို့ရကြတော့မယ့်အချိန် မဟုတ်လောက်တော့ပါဘူး။ သူ့အနေနဲ့ သူ့ရဲ့ကိုယ်ပွားလို့ပဲဆိုဆို၊ သူ မအောင်မြင်ရင် သူတို့မအောင်မြင်သလိုဖြစ်ရမယ်ပဲပြောပြော ပြောလို့ရနိုင်မယ့် YBS စနစ်အတွက်တော့ ရေရှည်ခရီးမှာ ခိုင်မာအားကောင်းပြီး အမှန်တကယ်ပြောင်းလဲလာတဲ့စနစ်ဖြစ်ဖို့ မဆုတ်မနစ် ကြိုးစားရုန်းကန်ရတော့မယ့် အခြေအနေပါ။ သူ့လွှတ်တော်အတွင်းက လွှတ်တော်ကိုယ်စားလှယ်တွေက ပြန်လည်အဆိုတင်ထောက်ပြနေကြရတဲ့အထိ ဆိုးသွမ်းလာနေတဲ့ မထသတစ်ဖြစ်လဲ YBS စနစ်သစ်အတွက် တစ်ကျော့ပြန်ခေါင်းထောင်လာအောင် တွန်းအားရော တိုက်အားပါ ပူးပေါင်းပြီး လူအင်အား ငွေအင်အား သုံးပြီး ဥပဒေတွေအတိုင်း တိတိကျကျ ကျားကုတ်ကျားခဲ လုပ်ဆောင်ကြရတော့မယ့်အခြေအနေ ဆိုက်နေပါပြီ။

ဒီအတွက် နိဂုံးချုပ်ရရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဂုဏ်သတင်းကျော်စောချက်ဟာ YBS အပေါ်မှာ အများကြီးတည်မှီနေတယ်လို့ ပြောလို့ရနိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် မိမိတို့အစိုးရအဖွဲ့အနေနဲ့ အမှန်တကယ်သာ လူထုထောက်ခံမှုအားကိုရယူလိုပြီး အမှန်သာ အဟုတ်တကယ် ပြောင်းချင်တယ်ဆိုရင် အဟောင်းတွေကိုပြုတ်အောင် သတ္တိရှိရှိ တိုက်ထုတ်ပစ်မှသာ ရနိုင်မှာပါ။ ဒါမှသာ မှန်ကန်တဲ့လမ်းကြောင်းအပေါ်ကို တည့်မတ်စွာရောက်လို့ ပြည်သူအများ စိုးရိမ်သောကပွားနေရတဲ့ YBS စနစ်ကိုလည်း အောင်အောင်မြင်မြင်နဲ့ ရှေ့ဆက်နိုင်မှာ အမှန်ဖြစ်တဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**အောင်ဇေယျ**

**YBS နဲ့ပတ်သက်တဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အဆိုအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ယခင့်ယခင်ကလို သွေးအေးနေလို့ ရကြတော့မယ့်အချိန် မဟုတ်လောက်တော့ပါဘူး။ သူ့အနေနဲ့ သူ့ရဲ့ကိုယ်ပွားလို့ပဲဆိုဆို၊ သူ မအောင်မြင်ရင် သူတို့ မအောင်မြင်သလို ဖြစ်ရမယ်ပဲပြောပြော ပြောလို့ရနိုင်မယ့် YBS စနစ်အတွက်တော့ ရေရှည်ခရီးမှာ ခိုင်မာအားကောင်းပြီး အမှန်တကယ် ပြောင်းလဲလာတဲ့စနစ်ဖြစ်ဖို့ မဆုတ်မနစ်ကြိုးစား ရုန်းကန်ရတော့မယ့် အခြေအနေပါ။**




**သင်္ကြန်** အပြီး မြန်မာနှစ်ကူးမှာ ဖတ်လိုက်ရတဲ့ သတင်းတစ်ခုကြောင့် အင်မတန်စိတ်လှုပ်ရှားရပါတယ်။ လစာနှစ်ဆ တိုးပေးရန် အခွန်ရုံးမှ ဝန်ထမ်းတစ်ရာ ရွေးချယ်ဆိုတဲ့သတင်းကို ဧပြီ ၁၉ ရက်နေ့ထုတ် The Voice သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ဒါ့အပြင် လစာနှစ်ဆတိုးပေးရာတွင် ဝန်ထမ်းအားလုံးကို တိုးပေးမှာမဟုတ်ဘဲ အဂတိလိုက်စားမှု သုညအဆင့်ရှိသူတွေကိုသာ တိုးပေးမယ်လို့ ဆိုပါတယ်။ နောက်တစ်ခုက နိုင်ငံအတွက် ဝင်ငွေများစွာရအောင် ရှာနိုင်တယ်လို့လည်း ညွှန်ကြားရေးမှူးချုပ်လုပ်သူက သတင်းစာကို ဖြေထားတာ ဖတ်ရပါတယ်။

အဂတိလိုက်စားမှုအဆင့် သုညဆိုတဲ့အတွက် သူတို့အတွက် ဂုဏ်ယူမိသလို၊ ဆုကြေးအနေနဲ့ ပေးမယ်ဆိုတဲ့အတွက် ဝမ်းသာမိပါတယ်။ တို့နိုင်ငံမှာ အဂတိတရား လုံးဝကင်းတဲ့ဝန်ထမ်းတွေ ရှိနေတယ်ကွလို့လည်း ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ ဒီလိုလူတစ်ရာကိုရေတွက်တဲ့အခါ၊ လူတစ်ရာရဲ့စာရင်းကောက်တဲ့အခါမှာရော အဂတိတရား ကင်းခဲ့လားဆိုတာလေးတော့ တွေးစရာပါ။ ဒီလိုလူအရေအတွက်ကို ဆွဲထုတ်လိုက်ပြီး ဒီလူတွေက အဂတိကင်းတယ်ကွ သူတို့လိုလုပ်ကြ၊ သူတို့ကရိုးသားလို့ ဂုဏ်ပြုတယ်ဆိုတာမျိုး အခြားသူတွေဆီကိုလည်း ရောက်စေချင်တယ်လို့ ယူဆပါတယ်။ ဒီလိုခွဲထုတ်ပြီး ဆုကြေးအဖြစ်ပေးတာကို အတုယူစေချင်တဲ့အတွက် စံနမူနာအနေနဲ့ လုပ်တယ်လို့ မြင်ပါတယ်။ ဒါပေမဲ့လည်း ဂုဏ်ပြုခံရတာထက် အဂတိလိုက်စားခြင်းကရတဲ့ အကျိုးအမြတ်က ပိုများပါတယ်ဆိုတဲ့ လူတွေအတွက် ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ မေးခွန်းမျိုးလည်း ရှိနေပါသေးတယ်။

နောက်တစ်ချက်က အဂတိလိုက်စားမှု သုညအဆင့်ရှိတဲ့လူတွေက ဒီတစ်ရုံးလုံး တစ်ဌာနလုံးမှာမှ ၁၀၀ ပဲရှိသလားဆိုတာ စဉ်းစားစရာပါ။ အဂတိတရားနဲ့ကင်းတဲ့ ဝန်ထမ်းဆိုတာ ရှားလာပြီလို့တောင် ပြောရမလိုပါ။ အဂတိတရားတွေထဲက တစ်ပါးမဟုတ်တစ်ပါးတော့ ကျူးလွန်နေတဲ့သူတွေ များပါတယ်။ ဒီလိုလုပ်တာဟာ တကယ်ထိရောက်တဲ့ဖြေရှင်းမှု ဟုတ်ရဲ့လားဆိုတာ စဉ်းစားစရာပါ။ နောက်တစ်ချက်က သုညအဆင့်ရှိတဲ့သူတွေကို လစာတိုးပေးမယ်ဆိုတော့ ကျန်တဲ့ကျူးလွန်နေတဲ့သူတွေကိုရော ဘယ်လိုဆောင်ရွက်မလဲဆိုတာ မေးစရာဖြစ်လာတယ်လို့ မြင်ပါတယ်။

ဝန်ထမ်းစစ်စစ်တွေက ဝန်ထမ်းတွေ လစာတိုးမယ်ဆိုတဲ့ သတင်းတွေကို ဝမ်းသာအားရနဲ့ ရက်စွဲတွေ၊ ခုနှစ်တွေ မကြည့်နိုင်ဘဲ လူမှုကွန်ရက်မှာ မျှဝေနေကြတာကိုလည်း စိတ်မကောင်းစွာ တွေ့မြင်နိုင်ပါတယ်။ တကယ်တော့ မစားလောက်တဲ့ ဝန်ထမ်းတွေအများကြီးပါ။ ခိုးလို့၊ ဝှက်လို့ရတဲ့နေရာရောက်ပြီး ခိုးလို့၊ ဝှက်လို့ရထားတဲ့ ပိုက်ဆံတွေနဲ့ အဆင်ပြေနေတဲ့လူတွေကတော့ အပူအပင် မရှိပေမယ့် အမှန်တကယ် မစားလောက်တဲ့ ဝန်ထမ်းတွေအတွက်လည်း ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။ စိတ်ထဲရှိတဲ့အတိုင်း၊ ပေါ်လာတဲ့အတိုင်းလုပ်လို့တော့ မရနိုင်ပါဘူး။ ဥပမာ- ပညာရေးဝန်ထမ်းတစ်ယောက်အနေနဲ့ ကြည့်မယ်ဆိုရင် နေစရာနဲ့ စားစရာအခက်အခဲရှိနေတဲ့ လူတစ်ယောက်က ကိုယ်ပြောမယ့်၊ မျှဝေမယ့်အရာတွေကို ကြားနာပြီး လောကကိုအလှဆင်မယ့် လူငယ်တွေကြားမှာ ဘယ်လိုယုံကြည်မှုမျိုးနဲ့ ပညာဖြန့်ဝေနေလဲဆိုတာမျိုးကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံက ပညာရေးနဲ့ဆိုင်တဲ့ ပွဲတစ်ခုမှာ ပီတိကိုပဲစားနေလို့မရဘူးလို့ ပြောခဲ့တုန်းကလည်း အပျော်ကြီးပျော်ခဲ့ကြပါသေးတယ်။

ဟင်းမရှိလို့ ယူတဲ့သူ၊ ဟင်းမကောင်းလို့ ယူတဲ့သူ၊ ဟင်းတစ်ခွက်တည်းမို့ ယူတဲ့သူ၊ သားသမီးနဲ့ ဆွေမျိုးကို ကျွေးချင်လို့ယူတဲ့သူလို့ အဆင့်ဆင့်ခွဲရမလိုပါပဲ။ ဒီလိုဆုချီးမြှင့်တဲ့သဘောနဲ့ တိုးပေးတာဆိုရင် သိန်းနဲ့ချီ၊ သန်းနဲ့ချီပြီး၊ တစ်မိသားစုစာ၊ မျိုးဆက်တစ်ခုစာယူနေတဲ့ လူတွေကိုရော ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ စဉ်းစားစရာပါ။ အစိုးရသစ်တစ်ရပ်တက်လာခဲ့ရင် ပြည်သူကို တိုက်ရိုက်ထိရောက်စေတဲ့ တစ်ခုခုတော့ လုပ်ပြဖို့လိုအပ်တယ်လို့ မြင်ပါတယ်။ ဖြုတ်၊ ထုတ်၊ သတ် မလုပ်ဘူးဆိုတဲ့ မူဝါဒနဲ့ အဂတိတရား လိုက်စားနေသူတွေကို စောင့်ကြည့်နေမယ်၊ ပညာပေးနေမယ်ဆိုရင်တော့ဖြင့် နိုင်ငံက ပြာပုံဘဝရောက်ရုံပဲ ကျန်ပါတော့တယ်။ အမျိုးသားရင်ကြားစေ့ရေးခေါင်းစဉ်အောက်မှာ အဂတိသမားတွေ ပျော်ပျော်ကြီးနေကြမယ့် အဖြစ်မျိုးကိုတော့ ပြည်သူတစ်ယောက်အနေနဲ့ မမြင်ချင်တာ အမှန်ပါ။

နိုင်ငံ့ဝန်ထမ်းတွေ အနားယူသွားတဲ့အခါ နေစရာအခက်အခဲမရှိစေဖို့ အိမ်ရာတွေ ဆောက်လုပ်ပေးမယ်ဆိုတဲ့အတွက် ဝမ်းသာနေကြတဲ့ ဝန်ထမ်းတွေ အများကြီးပါ။ ဒီလိုအိမ်တွေကိုဆောက်လုပ်ပေးပြီး ခွဲဝေပေးတဲ့နေရာမှာလည်း အဂတိတရားကင်းပါ့မလားဆိုတဲ့ စိုးရိမ်စိတ်က ဝန်ထမ်းအားလုံးဆီမှာ ရှိနေပါတယ်။ သင့်တင့်တဲ့နေရာတွေမှာ မနေရတဲ့သူတွေ အများကြီးရှိနေပါသေးတယ်။ သုံးထပ်သားကို လူတစ်ရပ်စာလောက်ကာထားတဲ့ အခန်းလေးတွေမှာ မိသားစုလိုက်နေနေရတဲ့ ဝန်ထမ်းတွေ ရှိနေပါသေးတယ်။ ပညာရေးဝန်ထမ်းတွေများစွာ ပါနေပါသေးတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ပါနေပါသေးတယ်။ အခြားသော ဝန်ကြီးဌာနတွေမှာလည်းရှိနေမယ်လို့ ယုံကြည်မိပါတယ်။

နောက်တစ်ချက်က နိုင်ငံအတွက် ငွေရှာပေးနိုင်လို့ဆိုတဲ့ သဘောမျိုးဖြေထားတာတွေ့ရတဲ့အတွက်လည်း စဉ်းစားစရာပါ။ ဒီလိုဆိုရင် ဝင်ငွေမရဘဲ လူ့အရင်းအမြစ်တွေကိုမွေးထုတ်ပေးနေတဲ့ ဌာနတွေက ဝန်ထမ်းတွေအနေနဲ့ရော ဒီလိုခံစားမှုမျိုး မဖြစ်နိုင်တော့ဘူးလားဆိုတာ မေးရပါလိမ့်မယ်။ စောင့်ကြည့်နေမယ်ဆိုတဲ့အတွက်လည်း ဘယ်လိုစောင့်ကြည့်မှာလဲဆိုတာရယ်၊ ဘယ်သူက စောင့်ကြည့်မှာလဲဆိုတာ မေးစရာပါ။ အလုပ်လုပ်ရင်း ဈေးရောင်းနေရတဲ့ဝန်ထမ်းတွေ အများကြီးရှိနေပါသေးတယ်။ အလုပ်ချိန်မှာ ရောင်းစရာလေးတွေ သယ်လာ၊ အချင်းချင်း ငါးရာမြတ် တစ်ထောင်မြတ် လုပ်ပြီး အပိုဝင်ငွေအတွက် ကြံဖန်နေရတဲ့ဝန်ထမ်းတွေ အများကြီးရှိနေပါတယ်။ သူတို့တွေအတွက်ရော ဘယ်လိုဖြေရှင်းပေးဖို့ ရည်ရွယ်ထားလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။

အချို့က အဂတိလိုက်စားတာကို ရှက်စရာလို့မမြင်ဘဲ၊ ရပိုင်ခွင့်အနေနဲ့ မြင်နေတဲ့သူတွေလည်း ရှိနေပါတယ်။ ဥပမာ-ဝန်ကြီးဌာနတော်တော်များများမှာ အမှန်တကယ်မသုံးတဲ့ ကားတွေနဲ့ပတ်သက်ပြီး ပြင်ဆင်စရိတ်တွေ ထုတ်ယူနေတာမျိုးကို ရပိုင်ခွင့်လို့ ထင်နေကြဆဲပါ။ လစာတူ၊ ရပိုင်ခွင့် တူနေရင်တောင် လုပ်ပိုင်ခွင့် ပိုရတဲ့နေရာကို သွားချင်နေကြဆဲပါ။ ရတုန်းယူထားဆိုတာမျိုးကလည်း အဂတိသမားတို့ရဲ့လက်သုံးစကားလို ဖြစ်နေခဲ့ပါပြီ။ ရာထူးအဆင့်နဲ့ညီတဲ့ လစာမျိုးကိုပေးထားပြီး အဂတိလိုက်စားခဲ့ရင် ထိထိရောက်ရောက် အရေးယူပါမှ အမှန်တကယ် အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာဖို့ မျှော်လင့်နိုင်ပါလိမ့်မယ်။

ဒီနေ့ အရာရှိဆိုတဲ့လူတွေ ဆိုင်ကောင်းကောင်းမှာ နေ့စဉ်လိုလိုစားသောက်နေတာတွေ၊ မိသားစုလိုက် သုံးစွဲနေတဲ့ အသုံးအဆောင်တွေ ဒါတွေဟာ တရားဝင်ခံစားခွင့်နဲ့ ရထားတာတွေလား၊ ဒါမှမဟုတ် အဂတိတရားနဲ့ ချမ်းသာနေတာလား ဆိုတာတွေကိုလည်း ပြည်သူတွေက သိကြပါတယ်။ ဒါပေမဲ့ အရေးယူမယ့်သူတွေ၊ အရေးယူခွင့်ရှိသူတွေက မသိဟန်ဆောင်နေရင်တော့ဖြင့် အဲဒီအကျိုးဆက်ကို ပြည်သူတွေက ခေါင်းငုံ့ခံနေရုံသာရှိပါလိမ့်မယ်။ အဂတိတရားကို များများလုပ်သူတွေက လွတ်ကင်းခွင့်ရပြီး နည်းနည်းလုပ်သူတွေက အရေးယူအပြစ်ပေးခံရတာမျိုး မဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ဒီနေ့ အရာရှိဆိုတဲ့လူတွေ ဆိုင်ကောင်းကောင်းမှာ နေ့စဉ်လိုလို စားသောက်နေတာတွေ၊ မိသားစုလိုက် သုံးစွဲနေတဲ့ အသုံးအဆောင်တွေ ဒါတွေဟာ တရားဝင် ခံစားခွင့်နဲ့ ရထားတာတွေလား၊ ဒါမှမဟုတ် အဂတိတရားနဲ့ ချမ်းသာနေတာလားဆိုတာ တွေကိုလည်း ပြည်သူတွေက သိကြပါတယ်။ ဒါပေမဲ့ အရေးယူမယ့်သူတွေ၊ အရေးယူခွင့်ရှိသူ တွေက မသိဟန်ဆောင်နေရင်တော့ဖြင့် အဲဒီအကျိုးဆက်ကို ပြည်သူတွေက ခေါင်းငုံ့ခံနေရုံသာ ရှိပါလိမ့်မယ်။

လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးကစလို့ စေတနာတုံ့ပြန်ကြသည်ဆိုတာမျိုးတွေနဲ့ ပေါင်းသင်းလာခဲ့ကြတာ ကြာတဲ့အတွက် ထိရောက်တဲ့အရေးယူမှုတွေ မရှိဘဲနဲ့တော့ အဂတိတရားကင်းစင်ဖို့ ခက်ခဲနေမှာသေချာပါတယ်။ အဂတိတရားကင်းတဲ့ ဝန်ထမ်းတွေကို ဒီလို ကွက်ကျားလိုက်ပြီး ဆုကြေးသဘောမျိုး ခံစားခွင့်ပေးနေတာဟာ ထိရောက်တဲ့ လုပ်ဆောင်မှုအဖြစ်ကောက်ချက်ချဖို့ အင်မတန်ခက်ခဲလှပါတယ်။

ဒါ့အပြင် လစာနဲ့ဆုကြေးကို ခွဲခြားပြီး လုပ်ဆောင်စေချင်ပါတယ်။ လစာနှစ်ဆတိုးတယ်ဆိုတာမျိုးဟာ အခြားသောဝန်ထမ်းတွေအနေနဲ့ စိတ်ထဲဘဝင်မကျမှာ အသေအချာပါ။ အဂတိကင်းလို့၊ နိုင်ငံ့ဝင်ငွေ ပိုရှာနိုင်လို့ ဆုကြေးပေးတယ်ဆိုတာမျိုးကို အခြားသောဝန်ထမ်းတွေအနေနဲ့ ကြည်ဖြူစွာ လက်ခံပေးနိုင်ပေမယ့် လစာကို နှစ်ဆတိုးပေးတယ်ဆိုတာမျိုးကို သဘောထားကြီးကြီးထားဖို့ ခက်နိုင်ပါတယ်။ အဂတိတရားကင်းစင်တာ ဒီဝန်ထမ်းတွေပဲလား၊ ဒီဌာနတစ်ခုပဲလားဆိုတာ မေးစရာဖြစ်နိုင်ပါတယ်။ ဝင်ငွေရှာပေးနိုင်လို့ ဆိုရင်တော့ဖြင့် အခြားသောဌာနတွေမှာရှိနေတဲ့ ဝန်ထမ်းတွေအတွက် လစာနှစ်ဆရနိုင်မယ့် ခေါင်းစဉ်က ဘာဖြစ်နိုင်မလဲဆိုတာကလည်း စိတ်ဝင်စားစရာ ဖြစ်နေပါလိမ့်မယ်။

ခမ်းခမ်းနားနားကျင်းပတဲ့ ပွဲတွေတက်နေတဲ့ ဝန်ထမ်းဆိုသူတွေရဲ့ အသုံးစရိတ်တွေဟာ လစာအပေါ်မှီခိုနေရတဲ့ ဝန်ထမ်းတွေရဲ့လစာထက် များစွာပိုနေတတ်ပါတယ်။ မိမိတို့ကိုယ်ပိုင်ငွေနဲ့ သုံးစွဲတာမျိုးမဟုတ်ဘဲ အဂတိတရားနဲ့ ရထားတဲ့ ပိုက်ဆံတွေသုံးနေတာကိုကြည့်ပြီး မပြောရဲ မဆိုရဲနဲ့ စိတ်ဆင်းရဲနေရတဲ့ ဝန်ထမ်းတွေလည်း ဌာနတိုင်းမှာ ရှိနေပါသေးတယ်။ ဒီလိုသာရွေးထုတ်ပြီး ခေါင်းစဉ်တပ်ပေးနေရင်တော့ အခြားသောဝန်ကြီးဌာနတွေအတွက်လည်း ဝန်ကြီးချင်းပြိုင် ဘယ်သူနိုင် လုပ်စေချင်တယ်လို့ပဲ ပြောပါရစေ။

အနည်းဆုံး လုပ်ခလစာအတွက်ကိုတော့ အဖွဲ့ဖွဲ့ပြီးပါပြီ။ အနည်းဆုံးအစိုးရဝန်ထမ်းလစာအတွက်တော့ အသံမကြားရသေးပါဘူး။ စီးပွားရေးကို ဦးစားပေးလုပ်နေလို့၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့အတွက် ဆိုတဲ့ အကြောင်းပြချက်ရယ်၊ ငွေကြေးဖောင်းပွနိုင်တယ်ဆိုတဲ့ အကြောင်းပြချက်တွေကလည်း ဝန်ထမ်းလစာတိုးရေးအတွက် အတားအဆီးတွေ ဖြစ်လို့နေပါတယ်။ လစာတိုးရင် ကုန်ဈေးနှုန်းတက်တယ်ဆိုတဲ့ အသိတွေကြောင့်လည်း ဝန်ထမ်းတွေ လစာတိုးမှာကို အခြေခံလူတန်းစားတွေက စိုးရိမ်တတ်ကြပါတယ်။

ဒါပေမဲ့ အခက်အခဲတွေ၊ မလောက်ငမှုတွေအတွက်ဆိုရင် အခြားသူတွေထက် အသံတိုးတဲ့ မှန်မှန်ကန်ကန်ဝန်ထမ်းတွေကို အဂတိတရားနဲ့ ချမ်းသာနေတဲ့ဝန်ထမ်းတွေနဲ့ တစ်တန်းစားတည်း ထည့်တွက်လို့တော့ မရပါဘူး။ သူတို့အရေးကိုလည်း တွေးပေးစေချင်ပါတယ်။ စွမ်းဆောင်မှုကောင်းကောင်းလိုချင်တယ်ဆိုရင် သင့်တင့်တဲ့ထောက်ပံ့မှုတော့ ပေးရပါလိမ့်မယ်။ ဒီကုန်ဈေးနှုန်းနဲ့ ဒီလစာအတိုင်းသာ ဆက်သွားနေရင် မှန်မှန်ကန်ကန်လုပ်နေတဲ့ ဝန်ထမ်းတွေရဲ့စေတနာတွေ အရောင်ပြောင်းသွားမှာကို စိုးရိမ်မိ ပါတယ်။ ဒါ့ကြောင့် အဂတိတရားကင်းစင်ဖို့ဆိုရင် မလိုက်စားသူတွေကို ကြည့်ရှုပေးသင့်သလို လိုက်စားနေတဲ့သူတွေကိုလည်း ထိထိရောက်ရောက် အရေးယူသင့်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံအတွက် အလုပ်လုပ်ပေးချင်စိတ်တွေ တိုးပွားလာအောင် လုပ်ပေးနိုင်မယ့် အစီအစဉ်ကောင်းတွေ မြန်မြန်အကောင်အထည်ဖော်နိုင်ကြပါစေလို့။

**ဖြိုးဝေမြင့် (စက်မှုအင်ဂျင်နီယာ)**

## တရုတ်သို့ နယ်စပ်ဒေသများမှ ဆန်ပုံမှန်ပြန်ပို့

**ရန်ကုန်၊ ဧပြီ ၂၄**

တရုတ်နိုင်ငံသို့ အဓိကဆန်တင်ပို့သည့် နေရာများဖြစ်သည့် မူဆယ် ၁၀၅ မိုင်နှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ယခုအခါ ပုံမှန်အတိုင်း ဆန်တင်ပို့မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

ရုံးပိတ်ရက်များအပါအဝင် တရုတ်အစိုးရ၏ အဖမ်းအဆီးများနှင့် တိုက်ပွဲများကြောင့် ဆန်တင်ပို့မှုကြန့်ကြာခြင်း၊ ရပ်တန့်ခြင်းများ ဖြစ်ပေါ်ခဲ့ရာမှ ယခုအခါ ပုံမှန်အတိုင်း ပြန်လည်တင်ပို့လာကြောင်း ၎င်းတို့ကပြောဆိုသည်။

"ဟိုးအရင်နှစ်တွေကလောက်တော့ မများပေမယ့် ပုံမှန်ပမာဏအတိုင်း ပြန်ပို့နေရပါပြီ" ဟု ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိမူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ တစ်ရက်လျှင် ဆန်တန်ချိန် ၁၅၀၀ ခန့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၁၅ ခုနှစ်အတွင်းက တစ်ရက်လျှင် တန်ချိန် ၃၀၀၀ မှ ၄၀၀၀ ခန့်အထိ ရောင်းချခဲ့ရကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ်က ဆန်၊ ဆန်ကွဲ တန် ၁ ဒသမ ၄ သန်းတင်ပို့နိုင်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲ တန် ၁ ဒသမ ၇ သန်း တင်ပို့နိုင်ခဲ့ရာ တန်သုံးသိန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂ သန်းအထိတင်ပို့ပြီး အမေရိကန်ဒေါ်လာသန်း ၇၀၀ အထိ ပို့ကုန်ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

■ S-04

## သူတစ်ပါးထိခိုက်မှုအာမခံ လျော်ကြေးငွေတိုးပေးရန် စီစဉ်

**ရန်ကုန်၊ ဧပြီ ၂၄**



ဓာတ်ပုံ - ရဲပြည့်ဇာနည်

<u>**သူတစ်ပါးထိခိုက်မှုအာမခံကို ကားအစီးရေ တစ်သိန်းနီးပါး ထားရှိထားကြသည်**</u>

ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိခိုက်မှုများအတွက် နစ်နာကြေးပေးသည့် သူတစ်ပါးထိခိုက်မှုအာမခံ အမျိုးအစားကို လျော်ကြေးငွေတိုးပေးရန် စီစဉ်နေကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

သူတစ်ပါးထိခိုက်မှုအာမခံကို ကားအစီးရေတစ်သိန်းနီးပါး ထားရှိကြပြီး တစ်နှစ်လျှင် ကျပ်သန်းငါးထောင်နီးပါး ရရှိကြောင်း၊ လက်ရှိအချိန်အထိ လျော်ကြေးငွေမှာ ကျပ် ၁၀ သိန်းသာပေးနိုင်သဖြင့် ယင်းအစားပမာဏနှုန်းထားတစ်ခုအထိ တိုးမြှင့်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"တိုးမြှင့်မယ့်ပမာဏက သိန်းနှစ်ဆယ်လည်း ဖြစ်နိုင်တယ်။ သုံးဆယ်လည်း ဖြစ်နိုင်တယ်။ နစ်နာကြေးတိုးလို့ ပရီမီယံကြေးကိစ္စကလည်း တိုး မတိုးဆိုတာ စီစဉ်နေတုန်း" ဟု ၎င်းကဆိုသည်။

အာမခံကြေးအဖြစ် တစ်နှစ်ကို ကျပ်ငါးထောင်သာပေးရပြီး လျော်ကြေးအဖြစ် ကျပ်သိန်းသုံးဆယ်ရမည်ဆိုပါက အဆင်ပြေကြောင်း အငှားယာဉ်မောင်း ဦးအောင်ဇော်ဝင်းက ပြောကြားသည်။

■ J-13

## မူဆယ်တွင် ကုန်စည်ဝင်ရောက်မှုနည်း၍ ဈေးတက်

**ရန်ကုန်၊ ဧပြီ ၂၄**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် မြန်မာ့နှစ်သစ်ကူးကာလအပြီး ကုန်စည်ဝင်ရောက်မှုနည်းပါးကာ ကုန်စည်ဈေးနှုန်းများ မြင့်တက်သွားကြောင်း မူဆယ် ၁၀၅ မိုင်ကုန်စည်ဒိုင်များထံမှ သိရသည်။

နှစ်သစ်ကူးကာလပိတ်ရက် မတိုင်မီက တစ်နေ့လျှင် သစ်သီးကားအစီးရေ ၈၀၀ မှ ၁၀၀၀ အထိဝင်ရောက်သော်လည်း နှစ်ကူးကာလအပြီး လက်ရှိအချိန်တွင် ကားအစီးရေ ၂၀၀ ကျော်သာဝင်ရောက်ပြီး ပျမ်းမျှသစ်သီးဈေးနှုန်းများမှာ တစ်တန်လျှင် ကျပ် ၁၀,၀၀၀ မှ ကျပ် ၁၃,၀၀၀ ခန့်အထိ ဈေးမြင့်တက်သွားကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ ကုန်သည် ဒေါ်ကြည်ကြည်ခိုင်က ပြောကြားသည်။

"သင်္ကြန်ကာလလည်း ဒီမှာက ပိတ်တယ်ဆိုတာ မရှိဘူး။ ဒီမှာမပိတ်ပေမယ့် ကျန်တဲ့ရုံးတွေက အကုန်ပိတ်ကြတော့ သင်္ကြန်ပြီးတော့ ကုန်စည် အဝင်နည်းပြီး ဈေးတက်သွားတာပါ။ ဝယ်လက်ကရှိတယ်။ ရောင်းဖို့မရှိတာ။ တရုတ်ဝယ်လက်တွေကတော့ နေ့တိုင်းလာနေတာ။ ကုန်စည်တန်ဆာခကလည်း တစ်တန်ကို (ကျပ်)ခြောက်သောင်းလောက် ဖြစ်တာပါတယ်" ဟု ၎င်းကရှင်းပြသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ရာသီပေါ်သီးနှံများဖြစ်သည့် ဖရဲသီး၊ သရက်သီး၊ သခွားမွှေးတို့ကို အများဆုံး အရောင်းအဝယ်ပြုလုပ်ကြပြီး သရက်သီးမှာ ဧပြီလဆန်းမှစကာ တစ်နေ့လျှင် ကားအစီးရေ ၄၀ ခန့် ဝင်ရောက်ကြောင်း အဆိုပါကုန်စည်ဒိုင်များထံမှ သိရသည်။

■ J-11

## ရတနာနှင်းဆီအိမ်ရာစီမံကိန်း အသစ်ရောင်းမည့်တိုက်ခန်းများ ဈေးမြှင့်မည်

**ရန်ကုန်၊ ဧပြီ ၂၄**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရတနာနှင့် ရွှေဝဏ် အိမ်ရာစီမံကိန်း၏ ပထမဆုံးတည်ဆောက်ပြီးစီးထားသည့် ရတနာနှင်းဆီစီမံကိန်း တိုက်ခန်းဈေးနှုန်းများကို ဈေးမြှင့်ရောင်းချမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

လက်ရှိရောင်းချထားပြီးသော အဆောက်အအုံနှစ်ခုမှ တိုက်ခန်းများ၏ ဈေးနှုန်းမှာ အရင်းနီးပါးဖြင့်သာ ရောင်းချထားခြင်းဖြစ်ပြီး ယခုထပ်မံရောင်းချမည့် အဆောက်အအုံသစ်၏ တိုက်ခန်းများကို ဈေးကွက်သဘောအရ ယခင်ထက် ဈေးနှုန်းမြှင့်၍ ရောင်းချခြင်းဖြစ်ကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ပြောကြားသည်။

"အရင်က ရောင်းချထားတဲ့ဈေးနှုန်းတွေက အရင်းလောက်ပဲ ရှိပါတယ်။ ဝယ်နိုင်တဲ့သူတွေကလည်း ဝယ်မှာပဲလေ။ နိုင်ငံတော်အတွက်လည်း မရှုံးစေချင်ဘူး" ဟု ၎င်းကဆိုသည်။

ယခုအသစ်ရောင်းချမည့် တိုက်ခန်းများကို ယခင်ရောင်းချထားသော ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းဈေးမြှင့်ရောင်းချမည်ဖြစ်ပြီး အထပ်အမြင့်နှင့် အခန်းပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

လက်ရှိအချိန်တွင် ရတနာနှင်းဆီအိမ်ရာစီမံကိန်းရှိ အဆောက်အအုံနှစ်ခုမှ တိုက်ခန်းပေါင်း ၄၂၀ ရောင်းချထားပြီး အဆိုပါတိုက်ခန်းများ၏ ဈေးနှုန်းများကို စတုရန်းပေ ၆၀၀ တစ်ခန်းလျှင် ကျပ်သိန်း ၆၀၀ နှင့် စတုရန်းပေ ၁၂၀၀ ရှိသော အခန်းတစ်ခန်းလျှင် ကျပ်သိန်း ၁၂၀၀ သတ်မှတ်ရောင်းချခဲ့ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာစီမံကိန်းကို မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရွှေတောင်ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်ကာ တိုက်ခန်းပေါင်း ၁၇၆ ခန်းစီပါဝင်သည့် ၁၈ ထပ် အမြင့်ရှိ အဆောက်အအုံငါးလုံး ပါဝင်မည်ဖြစ်ပြီး အခန်းပေါင်း ၁၃၈၀ ခန့် ရောင်းချမည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

တိုက်ခန်းဝယ်ယူလိုသူများအနေနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်ကာ တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကနဦးပေးသွင်း၍ လစဉ်အရစ်ကျ ရှစ်နှစ်မှ ၁၅ နှစ်အထိ ပေးသွင်းဝယ်ယူနိုင်မည်ဖြစ်ပြီး လက်ငင်းဝယ်ယူပါက ငါးရာခိုင်နှုန်း သက်သာခွင့်ရရှိနိုင်မည်ဖြစ်သည်။

■ J-01

### ဧပြီလ ၂၄ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value(MMK) |
|---|---|---|---|---|---|---|
| FMI | 17000 | 16500 | 16500 | -500 | 2293 | 37,834,500 |
| MTSH | 4100 | 4100 | 4200 | +100 | 13,140 | 53,874,000 |
| MCB | 8700 | 8700 | 8700 | - | 0 | 0 |
| FPB | 29000 | 29000 | 28500 | -500 | 2128 | 60,706,500 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 24.4.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၄၅ | ၁၄၅၆ | ၉၆၂ |
| ရောင်းဈေး(ကျပ်) | ၁၃၄၉ | ၁၄၅၉ | ၉၆၈ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 24.4.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၀၈,၀၀၀ (ဖွင့်) | ၉၀၇,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၇၆ (ဖွင့်) | ၁၂၇၅ (ပိတ်) |

# စမတ်ဖုန်းကို အသုံးပြုသူတွေရဲ့ Selife ရိုက်ကူးတဲ့ အလေ့အထများ



၁။ လေ့လာချက်တွေအရ သာမန်အသုံးပြုသူတွေက တစ်နေ့တာမှာ အချိန် ၄ ဒသမ ၈ နာရီအထိ စမတ်ဖုန်းအသုံးပြုတယ်လို့ဆိုပါတယ်။ ဒါက တစ်နေ့တာရဲ့ ၂၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။

၂။ အလွန်အကျွံ စမတ်ဖုန်းအသုံးပြုသူတွေကတော့ တစ်နေ့တာ ၂၄ နာရီအတွင်းမှာ ၇ နာရီကျော် စမတ်ဖုန်းအသုံးပြုတယ်လို့ ဆိုပါတယ်။ တစ်နေ့တာ အလုပ်ချိန်လောက်ကို အသုံးပြုနေတာပါ။

၃။ OPPO ရဲ့စစ်တမ်းတွေအရ စမတ်ဖုန်းအသုံးပြုသူတွေရဲ့အသက် ၁၈ နှစ်ကနေ ၃၅ နှစ်ကြား စမတ်ဖုန်းအသုံးပြုသူတွေရဲ့ ၇၀ ရာခိုင်နှုန်းက တစ်နေ့တာအချိန်ကို အစုအဖွဲ့ အပေါင်းအသင်း၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အချိန်ကုန်စေတယ်လို့ ဆိုပါတယ်။ ကျန် ၃၀ ရာခိုင်နှုန်းကတော့ သီးခြားနေထိုင်ပါတယ်တဲ့။

၄။ အစုအဖွဲ့နဲ့ နေထိုင်တဲ့ ၇၀ ရာခိုင်နှုန်းသော စမတ်ဖုန်းအသုံးပြုသူတွေ သူတို့ရဲ့အစုအဖွဲ့လိုက် လုပ်ဆောင်ချက်တွေကို Selfie ဓာတ်ပုံတွေရိုက်ကူးလေ့ရှိတယ်လို့လည်း OPPO ရဲ့စစ်တမ်းတွေက ဆိုထားပါတယ်။

၅။ စစ်တမ်းတွေအရ Selfie ရိုက်ပြီး လူမှုကွန်ရက်တွေပေါ်မှာ ပြန်လည်မျှဝေတာက လူမှုကွန်ရက် အသုံးပြုသူတွေရဲ့ ၄၈ ရာခိုင်နှုန်းအထိ ရှိပါတယ်တဲ့။

၆။ ယုံချင်ယုံ မယုံချင်နေ။ ပထမဆုံး Selfie Stick ကို ၁၉၈၃ ခုနှစ်မှာ စတင်တီထွင်ခဲ့တာပါတဲ့။ ဒီကနေ့ခေတ်ရဲ့ Selfie Stick တွေလိုတော့ မဟုတ်ဘူးပေါ့။ ကင်မရာကို တင်ပြီး အဖွဲ့လိုက်ဓာတ်ပုံတွေ ရိုက်ကူးဖို့ တီထွင်ခဲ့တာပါ။

၇။ အဆောက်အအုံကြီးတွေရဲ့ထိပ်၊ မိုးပျံတာဝါကြီးတွေရဲ့ထိပ်မှာ Selfie ရိုက်ကူးကြတာ တွေ့ဖူးတယ်မဟုတ်လား။ တစ်နှစ်မှာ စွန့်စွန့်စားစား Selfie ရိုက်ကူးမှုကြောင့် သေဆုံးမှုက ငါးမန်းတွေ တိုက်ခိုက်မှုကြောင့် လူတွေသေဆုံးတာထက် ပိုပါတယ်တဲ့။

၈။ Selfie သမားစစ်စစ်တွေက Selfie ဓာတ်ပုံကို ရိုက်ကူးတဲ့အခါ Selfie Stick ကို အသုံးမပြုပါဘူးတဲ့။ ပြင်သစ်နိုင်ငံက ပရော်ဖက်ဆာတစ်ဦးရဲ့ အယူအဆကတော့ Selfie ရိုက်ကူးမှုမှာ သတ်မှတ်ချက်တွေ၊ စည်းကမ်းတွေရှိပါတယ်တဲ့။ နံပါတ် ၁ က လက်နဲ့ကိုင်ပြီး ရိုက်ကူးသင့်ပါတယ်တဲ့လေ။

၉။ OPPO ရဲ့ F1s က အကောင်းဆုံး Selfie ရိုက်ကူးနိုင်တဲ့ စမတ်ဖုန်းစာရင်းမှာ ပါဝင်ခဲ့သလို ၂၀၁၇ ခုနှစ်မှာ မိတ်ဆက်ခဲ့တဲ့ OPPO F3 စီးရီးထုတ်ကုန်တွေကလည်း မြင်ကွင်းကျယ် Group Selfie ရိုက်ကူးမှုကို အကောင်းဆုံး အထောက်အပံ့ပေးနိုင်တဲ့အတွက် Selfie ရိုက်ကူးမှုအတွက် အထောက်အပံ့ အကောင်းဆုံးပေးနိုင်တဲ့ စမတ်ဖုန်းတွေဖြစ်ပါတယ်။

၁၀။ ၂၀၁၄ ခုနှစ်ကို Year of Selfie လို့တင်စား ခေါ်ဝေါ်ခဲ့ပါတယ်။ စစ်တမ်းတွေအရ ၂၀၁၄ ခုနှစ်ရဲ့ ခရစ္စမတ် လက်ဆောင်တွေရဲ့အများစုက Selfie Stick တွေ ဖြစ်ပါတယ်တဲ့။ ၂၀၁၇ မှာတော့ Selfie ရိုက်ကူးတဲ့ အလေ့အထက တစ်ဦးတစ်ယောက်တည်း ရိုက်ကူးတာထက် အစုအဖွဲ့လိုက် Group Selfie ရိုက်ကူးမှုတွေကို ပိုမိုလုပ်ဆောင်လာကြပြီး Group Selfie ရိုက်ကူးမှုတွေအတွက် အထောက်အပံ့ကောင်းတွေပေးနိုင်တဲ့ စမတ်ဖုန်းတွေကို လူတွေပိုပြီး အကြိုက်တွေ့လာကြပါတယ်။



## NEW PRODUC

# ပြည်တွင်းဈေးကွက်ကို အသစ်ဝင်ရောက်လာ

**ပြည်တွင်းဈေးကွက်ကို အသစ်မိတ်ဆက်လာတဲ့ စမတ်ဖုန်းတွေထဲက ဒီတစ်ပတ်မှာတော့ ဈေးကွက်တွင်းမှာ ပြ
အချိန်တိုအတွင်း ဈေးကွက်အောင်မြင်မှုရခဲ့တဲ့ VIVO က ပြည်တွင်းဈေးကွက်မှာတော့ ဈေးကွက်ဝေစုကို သ
ကောင်းတွေပါဝင်မလဲ ကြည့်ရအောင်။**

### မျက်နှာပြင်အရွယ်အစားနဲ့ အရည်အသွေး

မျက်နှာပြင်အရွယ်အစားက ၅ ဒသမ ၂ လက်မ ရှိပါတယ်။ မျက်နှာပြင်အရည်အသွေးက 1280 x 720 pixels ရှိပါတယ်။ ပုံရိပ်သိပ်သည်းဆက 282 ppi ရှိပါတယ်။ ဒီအရည်အသွေးတွေက အသုံးပြုသူတွေစိတ်ကြိုက်တွေ့စေမယ့်အနေအထားပါ။ IPS LCD မျက်နှာပြင်ကို အသုံးပြုထားပါတယ်။

### ကင်မရာစွမ်းဆောင်ရည်

ကင်မရာအရည်အ သွေး 13 MP အရည်အသွေးရှိပါတယ်။ ရှေ့ကင်မရာက 5 MP ဖြစ်ပါတယ်။ Geo-tagging, touch focus, face detection, panorama, HDR စတဲ့ ကင်မရာစွမ်းဆောင်ချက်တွေ ပါဝင်ပါတယ်။

### ဘက်ထရီအရည်အသွေး

စမတ်ဖုန်းတစ်လုံးအတွက် ဘက်ထရီစွမ်းဆောင်ရည်နဲ့ အရည်အသွေးကောင်းမွန်ဖို့ကလည်း အရေးကြီးပါတယ်။ Li-ion 2730 mAh ဘက်ထရီ ကို အသုံးပြုထားပါတယ်။ တစ်ရက်စာ အသုံးပြုနိုင်မှုထက် ပိုတဲ့စွမ်းဆောင်ရည်ပါ။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာ မဟုတ်ပါဘူး။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 6.0.1 (Marshmallow) ကိုအသုံးပြုထားပါတယ်။ CPU က 1.4 GHz Quad- core ကို အသုံးပြုထားပါတယ်။ ဖုန်းအတွင်းသိုမှီးနိုင်မှု ပမာဏက 16 GB ဖြစ်ပါတယ်။ RAM က 2 GB ပါဝင်ပါတယ်။ ဖုန်းအတွင်းသိုမှီးနိုင်မှုကို 256 GB အထိ မြှင့်တင်အသုံးပြုနိုင်ပါတယ်။ Accelerometer, Proximity Sensor, Compass စတဲ့ အာရုံခံစနစ် တွေ ပါဝင်ပါတယ်။

ဈေးနှုန်းအနေနဲ့ ၂၂၈,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။ အရည်အသွေး ကောင်းမွန်တဲ့ အပြင် ကင်မရာပိုင်း ဆန်းသစ်တဲ့စိတ်ကူးနဲ့ Selfie ပုံရိပ်ကောင်းတွေ ရိုက်ကူးနိုင်မယ့် စမတ်ဖုန်းတစ်လုံးဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။



## SMARTPHO



### OPPO A37

Size – 5.0"
CPU – 1.2 GHz Quad Core
Camera – 8 MP & 5 MP
RAM – 2GB
Storage – 16 GB(Up to 128 GB)
Battery – Li-ion 2630 mAh
Price – 199,000 Ks

### Huawei P8 Lite

Size – 5.0"
CPU – 1.2 GHz Octa Core
Camera – 13MP & 5 MP
RAM – 2GB
Storage – 16GB (Up to 128 GB)
Battery – Li-po 2200 mAh
Price – 183,000 Ks



T

# တဲ့ VIVO Y55s

ပြီလ ၂၂ ရက်မှာ စတင်ရောင်းချနေပြီဖြစ်တဲ့ VIVO Y 55s ကို ဖော်ပြဖို့ ရွေးချယ်ထားပါတယ်။ စျေးကွက်အတွင်းမှာ
င်းပိုက်ဖို့ ဘယ်လိုပြင်ဆင်လာမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီစမတ်ဖုန်းသစ်မှာ ဘယ်လိုစွမ်းဆောင်ချက်




## NE CHOICE






### Honor G Play

Size – 5.5"
CPU – 1.2 GHz Octa Core
Camera – 13MP & 5 MP
RAM – 2GB
Storage – 8 GB(Up to 32 GB)
Battery – Li-po 2550 mAh
Price – 155,000 Ks




### VIVO Y51

Size – 5.0"
CPU – 1.2 GHz Quad Core
Camera – 5 MP & 2 MP
RAM – 2 GB
Storage – 16GB(Up to 128 GB)
Battery – Li-ion 2350 mAh
Price – 168,000 Ks

# Android Games

## Missing



ဒီဂိမ်းကို ဆော့ဖြစ်အောင် ဆော့ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ အိန္ဒိယမှာ လူကုန်ကူးခံရတဲ့ မိန်းမငယ်လေး တစ်ယောက်အဖြစ် ဆော့ကစားရမှာပါ။

လူကုန်ကူးသူတွေက အမည်မသိအရည်တစ်မျိုးကို တိုက်ကျွေးခဲ့တဲ့အတွက် သူဘယ်ကလာတယ်၊ နာမည်ဘယ်သူဆိုတာကိုတောင် မမှတ်မိတော့ပါဘူး။ သူ့ကို ပြည့်တန်ဆာလုပ်ငန်း အတင်းအကျပ်လုပ်ကိုင်စေတဲ့ မိန်းမထိန်းကြီးက ရှုဘီလို့ နာမည်ပေးခဲ့ပါတယ်။

ငြင်းဆန်ခွင့်မရှိပါဘူး။ စိတ်မပါပေမယ့်လည်း ပြည့်တန်ဆာအလုပ်ကိုလက်ကိုလက်ခံရမှာပါ။ တစ်နေ့စာ နေ့တွက်ရအောင်ရှာနိုင်ရင် အပြင်ထွက်ခွင့်ရပါတယ်။ အပြင်ထွက်ခွင့်ရတဲ့အချိန်မှာ ထွက်ပြေးဖို့ကြိုးစားနိုင်ပါတယ်။ ဒါပေမဲ့လည်း ပြန်လည်ဖမ်းမိသွားရင်တော့ အခန်းထဲမှာ ပိတ်လှောင်ပြီး ခေါင်းတွေရဲ့အဓမ္မပြုကျင့်မှုကိုခံရမှာ ဖြစ်ပါတယ်။

လူကုန်ကူးခံရတဲ့ မိန်းကလေးတွေရဲ့စိတ်ဒဏ်ရာကိုအပြည့်အဝမဟုတ်ရင်တောင် သူတို့ရဲ့နာကြည်းမှု၊ သူတို့ရဲ့အခက်အခဲတွေရဲ့တစ်စိတ်တစ်ပိုင်းကို စာနာနိုင်သွားမှာပါ။ စာတွေနဲ့ပဲ ဖော်ပြတာပါ။ ညစ်ညမ်းရုပ်ပုံတွေ ပါဝင်မှာမဟုတ်ပါဘူး။

## Stickman Fight



အပေါ်၊ အောက်၊ ဘယ်၊ ညာ ရွှေ့လျားနိုင်မယ်။ ရန်သူ Stickman ကို တိုက်ခိုက်ရမယ်။ ဒါပေမဲ့ Stickman ရဲ့လှုပ်ရှားမှုကို ထိန်းချုပ်ဖို့ တော်တော်ခက်လိမ့်မယ်။ တတ်နိုင်သလောက် ခေါင်းကို အထိခိုက်မခံပါနဲ့။ လက်နက်ကိုင်ထားပေမယ့်လည်း လက်ကိုထိခိုက်မိရင် ပြုတ်ကျနိုင်ပါတယ်။ ပြန်ကောက်ဖို့ခက်ခဲလိမ့်မယ်။ ဆော့ကြည့်ပါ။ ပျော်ရွှင်မယ်လို့ အာမခံပါတယ်။

## Ninja Arashi



စိတ်ရှည်သည်းခံနိုင်မှုနဲ့ ကျွမ်းကျင်ပိုင်နိုင်မှုတွေကို အချိုးကျကျ ပေါင်းစပ်ရမှာပါ။ ဒီဂိမ်းထဲမှာ နောက်ခံပုံရိပ်တွေနဲ့ အသံတွေကတော့ တကယ့်ကို ကောင်းမွန်လှပလွန်းပါတယ်။

လိုအပ်ရင် အမှောင်ထဲမှာ တိတ်တဆိတ်စောင့်ဆိုင်းနေရမှာဖြစ်လို လျှပ်တစ်ပြက်အတွင်းမှာပဲ လျှပ်စီးတန်းတစ်ခုလို အမြန်နှုန်းနဲ့လည်း တိုက်ခိုက်နိုင်ဖို့ လိုအပ်ပါတယ်။

စိတ်လှုပ်ရှားမှု အပြည့်ပေးနိုင်မယ့် ဂိမ်းတစ်ခုပါ။

## Theft Inc. Stealth Theft Game



သူခိုးတစ်ယောက်အဖြစ် ကစားရမယ်။ အစောင့်တွေကို ဂိမ်းရေးဆွဲသူက ထည့်သွင်းထားတာပါ။ လွတ်မြောက်နိုင်တဲ့လမ်းတော့ ရှိရမှာပေါ့။ ဂိမ်းရေးဆွဲသူနဲ့ ဂိမ်းကစားသူ ဉာဏ်ရည်ပြိုင်ရမှာပါ။ လိုအပ်ရင် အစောင့်တွေကို အသံတိတ်တိုက်ခိုက်ရမယ်။ ဆော့ကြည့်ပါ။ စိတ်ကျေနပ်စေမယ့် ဂိမ်းတစ်ခုပါပဲ။

# တရုတ်လွှမ်းမိုးမှုအောက်က မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် (အပိုင်း ၁)

## Yun Sun ရေးသားပြီး ချွန်ထူးဟန် ဘာသာပြန်ဆိုသည်။



Photo - EPA

မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အသက်တမျှအရေးကြီးသော ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာ့အရေးလေ့လာသူ နိုင်ငံရေးသုတေသီ Yun Sun က အစီရင်ခံစာတစ်စောင်ကို သုတေသနပြုရေးသားခဲ့ပြီး မတ်လကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု (USIP) က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာ၏ ခေါင်းစဉ်မှာ China and Myanmar’s Peace Process ဖြစ်ပြီး တရုတ်နိုင်ငံအစိုးရ အရာရှိကြီးများနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးပေါင်း ၈၀ ကျော်ခန့်ကို အခြေခံကာ ရေးသားထားခြင်းဖြစ်သည်ဟု သုတေသီ Yun Sun ကဆိုထားသည်။ စာမျက်နှာ ၂၀ နီးပါးခန့်ရှိသည့် ယင်းအစီရင်ခံစာကို The Voice Daily သတင်းစာတွင် ဆီလျော်သလို အပိုင်းခွဲကာ ဘာသာပြန်ဆို ဖော်ပြသွားမည်ဖြစ်ပါသည်။ နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ နီးပါးကြာမြင့်နေပြီဖြစ်သည့် မြန်မာပြည်တွင်းစစ် အဆုံးသတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ကြဉ်းပေးနိုင်ရေးအတွက် ကြိုးပမ်းနေသူများ၊ တရုတ်နှင့် မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းကြောင်းကို စိတ်ဝင်တစား လေ့လာနေသူများအတွက် များစွာအထောက်အကူပြုမည့် အစီအရင်ခံစာဟုလည်း ယုံကြည်ပါသည်။ (အစီအရင်ခံစာမူရင်းကို ဖတ်ရှုလိုသူများအနေနှင့် www.usip.org ဝက်ဘ်ဆိုက်တွင် ဒေါင်းလုပ်ယူကာ ဖတ်ရှုနိုင်ပါသည်)

**အစီရင်ခံစာ အကျဉ်းချုပ်**

- မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်နိုင်ငံ၏ အကျိုးစီးပွားမှာ ကချင်နှင့် ရှမ်းပြည်နယ်တစ်လျှောက် နယ်စပ်ဒေသရှိတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများကိုအဓိကအာရုံစိုက်လုပ်ထားသည်၊ အထူးသဖြင့် ကချင်လွတ်လပ်ရေးတပ်ဖွဲ့(ကေအိုင်အေ)၊ ညီညွတ်သော ‘ဝ’ တပ်ဖွဲ့ (UWSA) နှင့် ကိုးကန့်တပ်ဖွဲ့တို့ကို အလေးထားခြင်းဖြစ်သည်။ ယင်းလက်နက်ကိုင်တပ်ဖွဲ့များသည် တရုတ်နိုင်ငံဘက် နယ်စပ်ဒေသတစ်လျှောက်ရှိ တိုင်းရင်းသားလူမျိုးစုများနှင့် ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ဆက်နွှယ်မှုရှိထားသလို နိုင်ငံရေး၊ စီးပွားရေးတို့နှင့်လည်း ဆက်စပ်မှုရှိနေပါသည်။

- တရုတ်အစိုးရ(ဘေဂျင်း)၏ ရပ်တည်ချက်မှာ ကြားဝင်စွက်ဖက်မှုမပြုရေးဟူသည့် မူဝါဒကျင့်သုံးရေးဖြစ်ပြီး တရားဝင် အသိပေးထုတ်ပြန်ထားသော မူဝါဒမှာ ငြိမ်းချမ်းရေးနှင့် စေ့စပ်ဆွေးနွေးမှုနှင့် ဒိုင်ယာလော့ခ်များ ပေါ်ပေါက်လာရေးအတွက် အားပေးအားမြှောက်ပြုရေးဖြစ်သည်။ သို့သော် တကယ်လက်တွေ့တွင်မူ ဘေဂျင်း၏သဘောထားကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရန် ခဲယဉ်းလှသည်။

> “မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ဘေဂျင်းအနေနှင့် မည်မျှအတိုင်းအတာအထိ ကြိုးပမ်း လုပ်ဆောင်ပေးမည်နည်းဟူသည်မှာ နှစ်နိုင်ငံဆက်ဆံရေးအပေါ်တွင် မူတည်မည်ဖြစ်သလို မြန်မာနိုင်ငံ၏ မူဝါဒများနှင့် လုပ်ဆောင်ချက် များသည် တရုတ်ပြည်၏ စီးပွားရေးနှင့် မဟာဗျူဟာ အကျိုးစီးပွားနှင့် တူညီမှု ရှိ၊ မရှိ သို့မဟုတ် ဆန့်ကျင် ကွဲလွဲမှု ရှိ၊ မရှိ ဟူသည့်အချက်ပေါ်တွင်လည်း မူတည်နေပါလိမ့်မည်”

- များစွာမဝေးကွာတော့သည့် အနာဂတ်ကာလတွင် ပြီးပြည့်စုံသော (မြန်မာပြည်တွင်း) ငြိမ်းချမ်းရေးရယူနိုင်လိမ့်မည်ဟု ဘေဂျင်းအစိုးရက ယုံကြည်ထားပုံမရပေ။ သို့အတွက်ကြောင့် သူ၏ ဦးစားပေးမှုမှာ ကွဲပြားခြားနားမည့် မရေရာ မသေချာမှုများအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြောင်းလွယ်ပြင်လွယ်အနေအထားမျိုးရှိအောင် တတ်နိုင်သမျှ ဖန်တီးထားရန်ဖြစ်သည်။

- မြန်မာပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုများ တိုက်ရိုက်ပြုလုပ်ပေးနေသော ပုဂ္ဂိုလ်များနှင့် တရုတ်လူမျိုးအကျိုးစီးပွားကိုရှေးရှုသည့် အုပ်စုများ၏ ပြုမူဆောင်ရွက်မှုများကြောင့် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍမှာ ရှုပ်ထွေးနေသည်။

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ဦးဆောင်သော မြန်မာအစိုးရလက်ထက်တွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးမှာ သိသိသာသာ တိုးတက်လာသည်။ ၂၀၁၆ ခုနှစ်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးကွန်ဖရင့် (Union Peace Conference) သို့ တက်ရောက်ကြရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြု တိုက်တွန်းရာတွင် တရုတ်နိုင်ငံက အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သို့သော် တရုတ်၏ အနာဂတ်မူဝါဒနှင့် အခန်းကဏ္ဍမှာ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်နေလိမ့်မည်ဖြစ်သလို တရုတ်ပြည်၏ အမျိုးသားအကျိုးစီးပွား အဓိပ္ပာယ်ဖွင့်ဆိုမှု အပြောင်းအလဲပေါ်တွင်လည်း မူတည်နေမည်ဖြစ်သည်။

**နိဒါန်း**

၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ NLD အစိုးရအနေနှင့် နိုင်ငံရေးအာဏာကို ချောမွေ့စွာ လက်လွှဲရယူနိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် အချိန်ကာလအားဖြင့် ရှည်လျားမည်ဖြစ်သော်လည်း အပြုသဘောဆောင်သည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ်သို့ တက်ရောက်လာနိုင်ခဲ့သည်။ သို့သော်လည်း များပြားလှစွာသော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပြန်လည်သင့်မြတ်ရေး (မြန်မာပြည်မြောက်ပိုင်းဒေသတွင် မြန်မာတပ်မတော်နှင့် ယနေ့အချိန်အထိ စစ်မက်ဖြစ်ပွားနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပါအဝင်) မှာ ယခုအထိ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပေ။ ပဋိပက္ခတို့၏ အရင်းအမြစ်ကြီးများသဖွယ်ဖြစ်နေသည်။ ဤအရေးကိစ္စကြီးကို ကိုင်တွယ်ဖြေရှင်းရာတွင် လူများစုနှင့် လူနည်းစုဆက်ဆံမှု၊ ဗဟိုအစိုးရနှင့် ပြည်နယ်ဒေသ အစိုးရတို့အကြား အာဏာခွဲဝေမှု၊ မြန်မာတပ်မတော်၏ အခန်းကဏ္ဍ အစရှိသည်တို့က မေးစရာမေးခွန်းကြီးများအဖြစ် ပါဝင်ပတ်သက်နေလေသည်။ ယခင်သမ္မတဦးသိန်းစိန် အစိုးရလက်ထက်က စတင်ခဲ့ပြီး NLD အစိုးရက ဆက်လက်အကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည်မှာ ကာလကြာရှည်စွာရှိခဲ့သော တိုင်းရင်းသားလူမျိုးစုများ သွေးကွဲမှုများ အဆုံးသတ်ရေးနှင့် ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်မှုပေါ်ပေါက်ရေးတို့အတွက် မြန်မာနိုင်ငံ၏ အကောင်းဆုံး ကြိုးပမ်းချက်များကို ကိုယ်စားပြုပေသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအနေနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရေးပါသည့် ပလေယာ(Player) တစ်ဦးအဖြစ် ယခင်ကအတိုင်း ဆက်လက်ပါရှိနေမည်ဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တရုတ်ပြည်ဘက် နယ်စပ်ဒေသတစ်လျှောက်ရှိ တိုင်းရင်းသားအုပ်စုများနှင့် ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ အချိတ်အဆက်ရှိသလို နိုင်ငံရေး၊ စီးပွားရေး စသည်တို့နှင့်လည်း ဆက်နွှယ်မှုရှိနေသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်ပြည်၏ ရပ်တည်မှုမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှုမပြုရေးဟူသည့် မူဝါဒအတိုင်း လိုက်လံကျင့်သုံးရေးပင်ဖြစ်သည်။ သို့သော်လည်း တရုတ်နိုင်ငံမှ မူဝါဒရေးဆွဲမှုဆိုင်ရာ အသိုင်းအဝိုင်းတွင် လတ်တလောပြုလုပ်နေသည့် အချေအတင်ဆွေးနွေးချက်များအရ တရုတ်ပြည်၏ ရပ်တည်ချက်မှာ ဘက်မလိုက်မှုအပေါ်တွင် မူတည်ထားခြင်းမဟုတ်သလို ကိုယ်ကျိုးမငဲ့ကွက်မှုအပေါ်တွင်လည်း အခြေတည်ထားခြင်း မဟုတ်ပေ။ ယင်းအသိုင်းအဝိုင်းက ထွက်ပေါ်လာသော အသံများသည် မြန်မာပြည်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်ပြည်၏ ပံ့ပိုးကူညီမှုကို နှစ်သက်အသားပေးသည့်သဘောတွင် ရှိပါသည်။ ထိုသို့လုပ်ဆောင်ပါမှ တရုတ်နိုင်ငံနှင့် တရုတ်စီးပွားရေးလုပ်ငန်းများဆိုင်ရာ အကျိုးစီးပွားအပေါ် မြန်မာအစိုးရ၏ ပြုမူဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေမည်ဟု ယူဆထားခြင်းဖြစ်သည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် အနောက်နိုင်ငံများဘက်ကိုယိမ်းသည့် နိုင်ငံခြားရေးမူဝါဒဖြင့် တရုတ်-မြန်မာဆက်ဆံရေးကို ထိန်းညှိလိုပုံရသောကြောင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအပေါ် ပံ့ပိုးမှုကို အသားပေးမည့်ကိစ္စမှာ တရုတ်မူဝါဒချမှတ်မှုဆိုင်ရာ အသိုင်းအဝိုင်းအတွက် အရေးကြီးကိစ္စတစ်ခု ဖြစ်လာရတော့သည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍမှာ မြန်မာပြည်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (ကေအိုင်အေ၊ ‘ဝ’ တပ်ဖွဲ့နှင့် ကိုးကန့်တပ်ဖွဲ့အပါအဝင်) ကို ငွေကြေးတိုက်ရိုက် ထောက်ပံ့ပေးနေသည့် ပုဂ္ဂိုလ်များ၊ တရုတ်လူမျိုးအကျိုးစီးပွားကိုရှေးရှုသည့် အုပ်စုများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ရှုပ်ထွေးလျက်ရှိသည်။ ထိုသို့ ၎င်းတို့အကြား အဆက်အဆံရှိနေမှုများက တိုင်းရင်းသားလက်နက်ကိုင်များအနေနှင့် မိမိတို့ဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆက်ရှိအောင် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးထားသလို မြန်မာတပ်မတော်နှင့် ဖြစ်ပွားသည့် စစ်မက်ပဋိပက္ခများအတွက်လည်း တစ်မျိုးတစ်ဖုံ အထောက်အပံ့ဖြစ်စေသည်။ ဘေဂျင်းအစိုးရက တရားဝင်ခွင့်ပြုထားခြင်းမရှိသော်လည်း ထိုသို့သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သီးခြားအပေးအယူပြုလုပ်နေမှုများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်နိုင်ငံသည် မျက်နှာနှစ်ဖက်ပါသည့် အခန်းကဏ္ဍအား ရယူထားသည်ဟူသော ယူဆချက်ကို ပိုမိုခိုင်မြဲသွားစေပါသည်။

မဝေးတော့သည့် အနာဂတ်ကာလတစ်ခုတွင် တိုင်းရင်းသားလူမျိုးများအရေးကိစ္စကို ဖြေရှင်းနိုင်ဖွယ်မရှိဟု သိရှိထားပြီးဖြစ်သော တရုတ်အစိုးရအတွက် အရေးတကြီးဖြစ်စေသည့် စိုးရိမ်သောကမှာ တရုတ်နယ်စပ်ဒေသတစ်လျှောက် မတည်မငြိမ်ဖြစ်မှုများကို ကာကွယ်ဟန့်တားရေးပင်ဖြစ်တော့သည်။ သို့သော်လည်း NLD ပါတီဦးဆောင်သော အစိုးရသစ်လက်ထက်တွင် တရုတ်အစိုးရသည် မြန်မာနှင့် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးကောင်းတစ်ရပ် ထူထောင်နိုင်ရေးအတွက် သိသာထင်ရှားသော ကြိုးပမ်းချက်များကို ပြုလုပ်ခဲ့လေသည်။ နောက်ဆုံးတွင်မူ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဘေဂျင်းအနေနှင့် မည်မျှအတိုင်းအတာအထိ ကြိုးပမ်းလုပ်ဆောင်ပေးမည်နည်းဟူသည်မှာ နှစ်နိုင်ငံဆက်ဆံရေးအပေါ်တွင် မူတည်မည်ဖြစ်သလို မြန်မာနိုင်ငံ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် တရုတ်ပြည်၏ စီးပွားရေးနှင့် မဟာဗျူဟာအကျိုးစီးပွားနှင့် တူညီမှု ရှိ၊ မရှိ သို့မဟုတ် ဆန့်ကျင်ကွဲလွဲမှု ရှိ၊ မရှိဟူသည့်အချက်ပေါ်တွင်လည်း မူတည်နေပါလိမ့်မည်။

**တင်းမာမှုများ၏ သမိုင်းဇာစ်မြစ်**

မြန်မာပြည်မြောက်ပိုင်း၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့်နယ်မြေဒေသများတွင် တရုတ်တို့ပါဝင်ပတ်သက်နေမှုသည် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အမြဲပင်တစေ ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်စေခဲ့သည်။ သမိုင်းကြောင်းအရဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (Union of Burma။ မူရင်းအတိုင်းပြန်ဆိုသည်) အကြား

စာမျက်နှာ 28 သို့

# အရပ်သားနှင့် အလှမ်းဝေးနေရသော ထိုင်းနိုင်ငံရေး




**ထိုင်း** နိုင်ငံဘုရင်ကြီး ဘူမိဘောသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်နေ့တွင် ကံတော်ကုန်သွားခဲ့ရသည်။ သူ၏ သားတော်အိမ်ရှေ့စံ မဟာဝိဇယလောင်ကွန် သို့မဟုတ် ဒသမမြောက် ရာမမင်းသည် ထိုင်းနိုင်ငံရေးကိုလည်း စိတ်မဝင်စား၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်ကိုပါ လျစ်လျူရှုထားသူဖြစ်သည်။ ခမည်းတော် နတ်ရွာစံ ပြီးနောက် ထီးနန်းကိုဆက်ခံရန် အင်တင်တင်လုပ်ပြလိုက်သဖြင့် ထိုင်းပြည်သူများ ထီးနန်းတွင် ဘုရင်နှင့် ၄၇ ရက် ကင်းကွာသွားခဲ့ရသည်။

ထိုင်းနိုင်ငံ ဘုရင့်အာဏာနှင့် ကင်းကွာခဲ့ရသည့်ကာလတွင် ၂၀၁၄ ခုနှစ်ကတည်းက အာဏာသိမ်းကာ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသူ ပရာရွတ် ချန်အိုချာက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၄၄ ကို အသုံးပြုပြီး တိုင်းပြည်၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာများကို လွှဲပြောင်းရယူနိုင်ရန် ကြိုးစားတည်ဆောက်တော့သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကျမှ ဝိဇယလောင်ကွန်ကို ဖခမည်းတော်၏ အရိုက်အရာကို ဆက်ခံမည့် ဘုရင်မင်းမြတ်အဖြစ် ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ဘုရင်အဖြစ် နန်းတက်ပွဲနှင့် အာဏာလွှဲပြောင်းပွဲကို ထိုင်းနိုင်ငံ ထိပ်တန်းခေါင်းဆောင်ကြီးများ တက်ရောက်ကြပြီးနောက် သားတော် ဝိဇယလောင်ကွန်ကို ဘုရင်အဖြစ် ခန့်အပ်လိုက်ကြသည်။ ထို့ကြောင့် သူသည် ၁၇၈၂ ခုနှစ်ကတည်းက ထိုင်းနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သော ချာကရီ မင်းဆက်၏ ဒသမမြောက်ရာမမင်းဘွဲ့ခံ ဘုရင်တစ်ပါး ဖြစ်လာပါတော့သည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘာ့အမြင်မှာ လောင်ကွန်ကို ဘုရင်တစ်ပါးထက် ပလေးဘွိုင်းတစ်ယောက်ဟူ၍သာ မြင်နေကြသည်။ လောင်ကွန်က ကား၊ ပါတီနှင့် မိန်းမတွေဘက်တွင် အတော်လေးနာမည်ထွက်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်ကာလ၊ သူ့ဖခင်ဘုရင်ကြီးရှိစဉ်ကတည်းက နာမည်ဆိုးဖြင့် ကျော်ကြားပြီး ဘုရင်တစ်ပါးဖြစ်လာချိန်တွင် ဖခင်၏ အစဉ်အလာရှိသော နိုင်ငံရေးကို ထိန်းချုပ်နိုင်မှုအပေါ် သူက မည်သို့တုံ့ပြန်ကိုင်တွယ်နိုင်မည်နည်းဆိုခြင်းကိုလည်း လူတိုင်းက စိတ်ဝင်စားနေကြသည်။

သို့သော် အထင်နှင့် အမြင် လွဲမှားလောက်အောင် ဝိဇယလောင်ကွန်ဘုရင်က ကိုင်တွယ်ထိန်းချုပ်နိုင်စွမ်းရှိနေသည်ကို အံ့သြစွာ တွေ့လိုက်ကြရသည်။ နန်းတက်ပြီး လေးလအကြာတွင် ဖခင်အရိုက်အရာကို တည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။ ဖခင်လက်ထက်ကတည်းက ပြည်သူများသည် စစ်အာဏာရှင်ကို ကြောက်ရွံ့နေမှုကို ဖြေသိမ့်ပေးနိုင်သလို သူကလည်း အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းနှင့် လုပ်ဆောင်နေသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လက စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ပြီးမှ ပြောင်းလဲရန် လောင်ကွန်က တောင်းဆိုခဲ့ဖူးသည်။ ယခင် သူ့ခမည်းတော် လက်ထက်ကတည်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းကို ငြိမ်းချမ်းစွာဖြင့် ထိန်းချုပ်ကာ လုပ်ဆောင်သွားလိုသည့် ဆန္ဒရှိခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံသစ်က ဘုရင်အသစ်အနေနှင့် ပါလီမန်ကို ပိုပြီး သူ့ဖခင်လက်ထက်ကထက် ထိန်းချုပ်ခွင့်အာဏာကို ပိုရလာမည်လားဟု စိတ်ဝင်စားလာကြသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့တွင် ဘုရင်ကြီး ဘူမိဘော နတ်ရွာစံ ကံတော်ကုန်ကြောင်း ထုတ်ပြန်ကြေညာကြသည်။ နှစ်ပေါင်းများစွာ နာမကျန်းဖြစ်ပြီးနေစဉ်ကတည်းက ဘုရင်ကြီးကံတော်ကုန်သွားပါက ဆက်ခံမည့် အိမ်ရှေ့မင်း၏ အရည်အသွေးနှင့် ပတ်သက်ပြီး အငြင်းပွားစရာများဖြစ်ခဲ့ရသည်။ ဥပဒေအရ ဘုရင်ကံတော်ကုန်လျှင် အိမ်ရှေ့စံကသာ ထီးနန်းကို ဆက်ခံရမည်သာဖြစ်သည်။ ထို့ပြင် နိုင်ငံရေးလည်း စိတ် မဝင်စား၊ လက်ရှိအနေအထားအတိုင်း ပြည်သူ့ဘဏ္ဍာများကို ဆက်ပြီး သုံးဖြုန်းနေဦးမည်ဆိုလျှင် မည်သို့ လုပ်ကြမည်နည်းဟု တွေးသူတွေကလည်း တွေးကြသည်။

အိမ်ရှေ့မင်းသည် သူ့ဖခင်လောက် ပြည်သူများ၏ ချစ်ကြိုက်ရိုသေ လေးစားမှုကို မရရှိခဲ့ပေ။ သို့သော် ထိုင်းနိုင်ငံ ရေးကလည်း အစိတ်စိတ်အမြွာမြွာကွဲပြီး စစ်တပ်ကသာ စိုးမိုးထိန်းချုပ်သွားရသည့် အနေအထားကို ရောက်နေသောကြောင့် ပြည်သူတို့မှာ အားကိုးအားထားရာ တစ်ခုခုကို ဆွဲကိုင်ထားမှသာ ဖြစ်နိုင်မည့် အနေအထားကို ရောက်နေသည်။ ယခင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်လက်ထက်က ဘုရင်စနစ်ကို မကြိုက်သည့် အရိပ် အယောင်များရှိခဲ့သော်လည်း ယခု ဘုရင်ကို သြဇာတက်အောင်ပြန်လုပ်ရန် စဉ်းစားနေကြပြန်သည်။

သက်ဆင်လက်ထက်က အိမ်ရှေ့မင်းသားလောင်ကွန်နှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံမှုများ ရှိခဲ့သည်။ လောင်ကွန်က နော်သမ်ဘူရီနန်းတော်ကို စွန့်ခွာခဲ့စဉ် မြို့ထဲရှိ ဆူခိုထိုင်းနန်းတော်ကြီးကို သက်ဆင်က ဝယ်ပေးခဲ့ဖူးသည်။ ၂၀၀၇ ခုနှစ်ကလည်း သက်ဆင်နှင့် လောင်ကွန်တို့သည် လန်ဒန်တွင် တွေ့ဆုံခဲ့ကြသည့် ဇာတ်လမ်းတွေကလည်း ရှိခဲ့ဖူးသည်။ သူတို့နှစ်ယောက် လူမြင်ကွင်းကိုတွဲပြီး ထွက်လာသည့် မှတ်တမ်းများ ရှိနေသည်။ အိမ်ရှေ့မင်း လာရောက်တည်းခိုနေသည့် ဟိုတယ်ကို သက်ဆင်က လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

အိမ်ရှေ့မင်းနှင့် ပြည်ပြေးသက်ဆင်တို့သည် မကြာခဏ ပြည်ပတွင် တွေ့ဆုံကြခြင်းမှာ အကြံတစ်ခုခုတော့ရှိပေလိမ့်မည်။ သူတို့နှစ်ဦး မိတ်ရင်းဆွေရင်းဆိုခြင်းထက် လောင်ကွန်၏ လိုအပ်သမျှသော ငွေကြေးများကို သက်ဆင်က ထောက်ပံ့ပေးမည်ဟု ထင်ကြေးပေးနေသူများလည်း ရှိကြသည်။ လောင်ကွန်သည် အိမ်ရှေ့မင်းသားဘဝကတည်းက ဂျာမနီနိုင်ငံ၊ မြူးနစ်တွင် အနေများသည်။ ထိုင်းနိုင်ငံတွင် ရှိနေသည့် တရားဝင် ဇနီးထက် သူကမြူးနစ်တွင်ထားသော ဇနီးတစ်ယောက်အပေါ် မခွဲနိုင် မခွာရက်ဖြစ်နေသည်။ မြူးနစ်တွင် ရှိနေသည့် လေယာဉ်မယ်လေးနှင့် သူ့အကြောင်း ဓာတ်ပုံတွေကလည်း အင်တာနက်ပေါ်တွင် ပျံ့နှံ့နေသည်။

ထိုင်းနိုင်ငံတွင် အိမ်ရှေ့မင်းနှင့်အပြိုင်အဖြစ် သတ်မှတ်ထားကြသည်မှာ နှမတော် မင်းသမီး သီရိဒုံဖြစ်သည်။ ထိုင်းနိုင်ငံပြည်သူများကြားတွင် နိုင်ငံရေးအရ သီရိဒုံက သူ့အစ်ကိုတော် လောင်ကွန်ထက် ပိုပြီး အောင်မြင်သူဟု ဆိုရမည်။ ထို့ပြင် လူမှုရေးလုပ်ဆောင်ချက်များအရလည်း သီရိဒုံက သူ့အစ်ကိုတော်ထက် ပိုပြီး သြဇာကြီး မားကာ ထင်ရှားသည်။ ထို့ကြောင့်လည်း သူတို့နှစ်ဦးကြားတွင် ဆက်ဆံရေးမှာ ခိုးလိုးခုလု ဖြစ်စရာတွေ များလှသည်။ ထိုင်းနိုင်ငံပြည်သူများအနေနှင့် ဘုရင်မဖြစ်မီကဘဝနှင့် ဘုရင်ဖြစ်ပြီးဘဝတို့ကို ခွဲခြားပြီး ကြည့်ညို နိုင်ဖို့ကပိုပြီး အရေးကြီးနေသည်။

၂၀၀၇ ခုနှစ်က အိမ်ရှေ့မင်းလောင်ကွန်သည် တရုတ်နိုင်ငံကို သွားရောက်မည်ဆိုသည့် သတင်းတွေထွက်လာသည်။ လောင်ကွန်အတွက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သည်။ သူ့ကို တရုတ်နိုင်ငံကလည်း အထူးဗီအိုင်ပီ ဧည့်သည်တစ်ဦး အနေနှင့် ကြိုဆိုရန် ပြင်ဆင်ထားပြီးမှ လောင်ကွန်က ခရီးစဉ်ကို ဖျက်သိမ်းလိုက်သည်။ တရုတ်နိုင်ငံသို့ နှမတော် သီရိဒုံက မကြာခဏ အလည်အပတ်ထွက်သည်။ သီရိဒုံသည် တရုတ်မန်ဒရင်းစကားကိုပင် ကောင်းစွာပြောတတ်နေပြီ။ ထို့ကြောင့် တရုတ်နှင့်ဆက်ဆံရေးအဆင်ပြေရန် သီရိဒုံကို မြင်သူတွေ ကလည်း မြင်ကြသည်။

မယ်တော် သီရိခေတ်ကလည်း သားတော်လောင်ကွန်ကိုသာ ထီးနန်းဆက်ခံစေလိုသည့်ဆန္ဒအပြည့်ရှိခဲ့သည်။ သြဇာကြီးမားသည့် ပရန်တင်ဆူလာနွန်တို့လို အငြိမ်းစားဗိုလ်ချုပ်ကြီး၊ ဝန်ကြီးချုပ်ဟောင်းကလည်း သီရိဒုံကို ထီးနန်းဆက်ခံစေလိုကြသည်။

အိမ်ရှေ့မင်း လောင်ကွန်ကို ပြည်သူတွေမနှစ်သက်သည့် အချက်များကို ပြန်ပြီးဆန်းစစ်ကြည့်သည့်အခါ မာနကြီး စိတ်ကြီးဝင်လွန်းခြင်း၊ စိတ်ဆတ်ဒေါသကြီးခြင်း၊ အရက်ကြိုက်ခြင်း၊ အနောက်နိုင်ငံပစ္စည်းများကိုသာ သုံးစွဲခြင်း၊ မိန်းမလိုက်စားလွန်းခြင်းတို့ဖြစ်သည်။ ထို့ပြင် အိမ်ရှေ့မင်းဘဝကတည်းက HIV ရောဂါရှိနေသည်ဆိုသော သတင်းတွေကလည်း ထွက်နေသည်။ မင်းမျိုးမင်းနွယ်တစ်ယောက်ဆိုသော်လည်း သူ့ဖခင်နှင့် သူ့ညီမ ဖြစ်သူတို့လောက် ပြည်သူများ မနှစ်သက်ရခြင်းမှာ ဆိုးသွမ်းသည့်စရိုက်များကြောင့်သာဖြစ်သည်။ ဖခင်နှင့် ညီမတို့က လူမှုရေးနှင့် ပြည်သူ့အရေးကို ကြိုးစားလုပ်သလောက် သူ့တွင်ကောင်းကွက်ထောက်ပြရန် အချက် အလက်တွေကနည်းပါးလွန်းလှသည်။

ထိုင်းနိုင်ငံတွင် သတ်မှတ်ပြဋ္ဌာန်းထားသော Lèse majesté ဥပဒေအရ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသားနှင့် အနွယ်တော်များကို ဝေဖန်ခြင်းအား တင်းကျပ်စွာ တားမြစ်ပိတ်ပင်ထားသည်။ ဝိဇယလောင်ကွန် နန်းမတက်မီက သောင်းကျန်းထားသည့် ကိစ္စများကို ထိုင်းနိုင်ငံတွင် တရားဝင်ထုတ်ပြန်ခြင်းကြောင့် သိရှိကြရသည် မဟုတ်ပေ။

၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ထုတ် Far Eastern Economic Review တွင် ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ထိုဆောင်းပါးတွင် လောင်ကွန်သည် ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့် စီးပွားရေးအရ ဆက်နွယ်နေကြောင်း အချက်အလက်များကို ထောက်ပြထားသည်။ ထိုင်းနိုင်ငံက ချက်ချင်း ထိုမဂ္ဂဇင်းကို ပိတ်လိုက်ရုံမက၊ ထိုင်းနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု အကြောင်းပြပြီး ထိုဆောင်းပါးကို ရေးသည့် သတင်းထောက်နှစ်ဦးဖြစ်သော ရှောင်ခရစ္စပင်နှင့် ရော့ဒ်နေ တာ့စ်ကာတို့ကို ပြည်ဝင်ခွင့် ပိတ်ပင် လိုက်တော့သည်။

လောင်ကွန်သည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က မင်းသမီး ဆုမ်ဆာဝါလီ ကီတီယာကာရာနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ သူတို့တွင် သမီးလေးတစ်ပါး ဖွားမြင်ခဲ့သည်။ သို့သော် လောင်ကွန်သည်

**ကျော်ဗလ**

၁၉၇၀ လောက် ကတည်းက ရုပ်ရှင်မင်းသမီး ယုဗာဒိဒါ ပိုပရာဆက်ဆိုသူနှင့် တွဲနေသည်။ ရုပ်ရှင်မင်းသမီးနှင့် သားသမီး ငါးဦး ထွန်းကားလိုက်သည်။ မင်းသမီး ဆုမ်ဆာဝါလီနှင့် တရားဝင်လက်ထပ်ပြီး မိဖုရားမြှောက်ထားသဖြင့် မင်းသမီးကလည်း လောင်ကွန်ကို ကွာရှင်းမပေးဖြစ်နေသည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် လောင်ကွန်သည် မိသားစုခုံရုံးကို ဆုမ်ဆာဝါလီနှင့် ကွာရှင်းခွင့်ပေးရန် ဦးတိုက် လျှောက်ထားတော့သည်။ အကြောင်းပြချက်က သူတို့လင်မယားအရာမမြောက်ဘဲ နှစ်ပေါင်းများစွာ အနေကြာ လာပြီဖြစ်သောကြောင့်ဟုဆိုသည်။ ထိုင်းနိုင်ငံ Lèse majesté ဥပဒေအရ မင်းသမီးအနေနှင့် မင်းသားလောင်ကွန်ကို စွပ်စွဲချေပခွင့်မရှိဖြစ်နေသည်။ ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် တရားရုံးက အမိန့်ချသည်။ သူတို့ အတူနေသည် မနေသည်ကိုမသိ။ သို့သော် မင်းသမီးနှင့် သမီးတော်လေးကို ဘုရင့်အခမ်းအနားပွဲများတွင် မိဖုရားကြီးအရာ အဆောင်အယောင်များဖြင့်ပင် တက်ရောက် စေဟူ၍ဖြစ်သည်။

လောင်ကွန်သည် ရုပ်ရှင်မင်းသမီး ယုဗာဒိဒါ ပိုပရာဆက်ကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် တရားဝင် မိဖုရားမြှောက်သည်။ နန်းတော်ထဲတွင် လက်ထပ်ပွဲကို ခမ်းနားစွာကျင်းပခဲ့သည်။ ထိုပွဲကို ခမည်းတော်နှင့် ဘွားတော်ကြီးသာတက်ပြီး မယ်တော် သီရိခေတ်က တက်ရောက်ခြင်းမရှိပေ။ ရုပ်ရှင်မင်းသမီးကလည်း မိဖုရားဖြစ်လာပြီးမှ ဆုဂျာရီနီ မဟီဒေါ အယုဒ္ဓယဘွဲ့ခံသည်။ သာမန်အရပ်သားတစ်ဦးက မင်းမျိုးမင်းနွယ်ဘဝ ရောက်လာရခြင်းပင်ဖြစ်သည်။ သူတို့လက်ထပ်ပြီး ၂ နှစ်အကြာတွင် ဆုဂျာရီနီသည် သားသမီး ငါးဦးကိုခေါ်ပြီး ဗြိတိန်ကို ပြောင်းရွှေ့နေထိုင်သည်။ သူတို့တွင်လည်း အိမ်ထောင်ရေး ပြဿနာများရှိနေခဲ့သည်။ အရှုပ်အရှင်းတွေ များလှသည်။ ဆုဂျာရီနီသည် ၂၀၀၇ ခုနှစ်တွင် သားများကိုခေါ်ပြီး အမေရိကန်ပြည်ထောင်စုကို ပြောင်းရွှေ့နေ သည်။ သမီးတစ်ယောက်ကို လောင်ကွန်က လန်ဒန်မှ တိတ်တိတ်ပြန်ခေါ်လာပြီး ထိုင်းနိုင်ငံတွင် မင်းသမီးအရာဖြင့် ထားသည်။

လောင်ကွန်သည် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တတိယအကြိမ်အဖြစ် ဆရီရဆာမီ ဆူဝါဒီဆိုသူနှင့် လက်ထပ်ပြန်သည်။ သူ့ထံတွင် ၁၉၉၂ ခုနှစ်ကတည်းက အမှုထမ်းနေသည့် သာမန်အရပ်သားဝန်ထမ်း တစ်ဦးဖြစ်သည်။ ထိုလက်ထပ်ခြင်းကို ပြင်ပသို့ တရားဝင်ထုတ်ပြန်ခြင်းမရှိပေ။ ပြည်သူတို့က ထိုသို့လက်ထပ်ထားခြင်းကို ၂၀၀၅ ခုနှစ်မှသာ တရားဝင်သိကြရခြင်းဖြစ်သည်။ တတိယအိမ်ထောင်နှင့် သားတစ်ဦးမွေးဖွားခဲ့သည်။ ၂၀၀၅ ခုနှစ် ဧပြီ ၅ ရက်နေ့တွင်ဖြစ်သည်။ သူ့ကိုလည်း မင်းသားအရာပေးထားသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဝိဇယလောင်ကွန်သည် ပြည်ထဲရေးဝန်ကြီးဌာနကို စာတစ်စောင်ပို့ထားသည်။ မင်းသမီးကို ပေးထားသည့် ဘွဲ့အား ရုပ်သိမ်းကြောင်းဖြစ်သည်။ တတိယဇနီးကို ကွာရှင်းပြန်သည်။ ကွာရှင်း ကြေးအဖြစ် ဘတ်သန်း ၂၀၀ (ဒေါ်လာ ၅ ဒသမ ၅ သန်း) ပေးလိုက်ရပြန်သည်။

ထိုင်းနိုင်ငံပြည်တွင်းရေးက ထိုင်းဘုရင်သစ် ဝိဇယလောင်ကွန်၏ အတွင်းရေးများလိုပင် စိတ်ဝင်စားစရာ ဖြစ်သည်။ ထိုင်းစစ်တပ်အာဏာသိမ်းဝန်ကြီးချုပ်ကလည်း ဘုရင်သစ်၏ တောင်းဆိုချက်များကို ဖိအားတွေ ပေးလိုက် လျှော့ပေးလိုက်လုပ်နေသည်။ ဖွဲ့စည်းပုံ၊ ဘုရင်နှင့် စစ်အာဏာရှင်တို့ကြားတွင် ထိုင်းနိုင်ငံပြည်သူများအတွက် အရပ်သားအစိုးရတက်လာရေးဆိုသည်မှာ အလှမ်းဝေးနေဦးမည်လား ထင်မှားစရာဖြစ်သည်။

■**(Ref : Reuters, Forbes, Global Security, The Diplomat)**



# မန္တလေးမြို့မှာ Live Show ဖျော်ဖြေပွဲ ပြုလုပ်မယ့် ထက်ယံ

**ရန်ကုန်၊ ဧပြီ ၂၄**

လူငယ်ပရိသတ်တွေရဲ့အားပေးမှုကို ရရှိထားတဲ့ တေးသံရှင် ထက်ယံက ဇွန်လ ၉ ရက်နေ့မှာ မန္တလေးမြို့ရှိ ဒိုင်းမွန်းပလာဇာ အပေါ်ဆုံးထပ်မှာ Live Show ဖျော်ဖြေပွဲ ပြုလုပ်သွားဖို့ရှိကြောင်း The Voice ကို ပြောကြားပါတယ်။

“မန္တလေးမှာ ပွဲလုပ်ဖို့ ရွေးဖြစ်တာကတော့ ရန်ကုန်မှာက ရှိုးပွဲတွေ အများကြီးဆိုခဲ့ပြီးပြီ။မန္တလေးက ပရိသတ် တွေနဲ့လည်း ရှိုးပွဲတွေမှာ သိပ်မဆုံဖူးသေးဘူး။ မန္တလေးမြို့က ကျွန်တော့်မွေးရပ်မြေဖြစ်တဲ့ မိတ္ထီလာမြို့နဲ့လည်း နီးတဲ့အတွက် မိတ္ထီလာက ပရိသတ်တွေပါ လာနိုင်အောင် မန္တလေးမှာ လုပ်ဖြစ်တာပါ” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းပွဲမှာတော့ ဂီတလောကကို စတင်ဝင်ရောက်လာစဉ်ကာလက ဆိုဖြစ်ခဲ့တဲ့ သီချင်းတွေ၊ ထွက်ရှိခဲ့တဲ့ တစ်ကိုယ်တော် စီးရီးနှစ်ခွေထဲက သီချင်း တွေနဲ့ သီချင်းသစ်အချို့ အပါအဝင်စုစုပေါင်း၊ အပုဒ် ၃၀ နီးပါး သီဆိုပေးသွားမှာဖြစ်ပြီး၊ စုံတွဲသီဆိုခဲ့ဖူးတဲ့ အနုပညာရှင်တွေလည်း အမှတ်တရအနေနဲ့ ပါဝင်သီဆိုပေးကြမှာဖြစ်ကြောင်း ထက်ယံက ပြောကြား ပါတယ်။

“ဒီပွဲရဲ့နာမည်ကိုတော့ In My Life လို့ ပေးထားတယ်။ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ကျွန်တော် ဘာတွေ လုပ်ခဲ့လဲဆိုတာ ပရိသတ်တွေကို သိစေချင်လို့ လုပ်ဖြစ်တဲ့ပွဲပါ။ ကျွန်တော်ကတော့ ဒီပွဲကို One Man Show လို့ မသတ်မှတ်ထားဘူး။ ကျွန်တော်ထွက်ခဲ့ဖူးတဲ့ သီချင်းတွေကို ချစ်ရတဲ့ ပရိသတ်တွေ၊ အတူတွဲဆိုခဲ့ဖူးတဲ့ အဆိုတော်တွေနဲ့ ပျော်ပျော်ပါးပါး ဆိုချင်တဲ့အတွက် လုပ်ဖြစ်တဲ့ပွဲပါ” လို့ ၎င်းက ဆိုပါတယ်။

**ဝင်းထွန်းနိုင်**

# ‘ပန်းနှစ်ပွင့် စီးချင်း’ ဇာတ်လမ်းတွဲမှာ ရှေ့နေမလေးဇာတ်ရုပ် နဲ့ ပထမဆုံး မြင်တွေ့ရမယ့် ပိုင်ဖြိုးသု

**ရန်ကုန်၊ ဧပြီ ၂၄**

ဒါရိုက်တာ မင်းခိုက်စိုးစံနဲ့ ရိုက်ကူးနေတဲ့ ပန်းနှစ်ပွင့်စီးချင်း ရုပ်သံဇာတ်လမ်းတွဲမှာ ရှေ့နေမလေးဇာတ်ရုပ်နဲ့ ပထမဆုံး မြင်တွေ့ရမှာ ဖြစ်ကြောင်း သရုပ်ဆောင် ပိုင်ဖြိုးသုက The Voice ကို ပြောကြားပါတယ်။

“ရှေ့နေဇာတ်ရုပ်က ဒါပထမဆုံး လုပ်ဖူးတာပါပဲ။ အဓိကအခက်အခဲကတော့ ဒိုင်ယာလော့ခ် ပြောရတဲ့ အပိုင်းပါပဲ။ ရှေ့နေတွေပြောတဲ့ပုံစံက အပြင်မှာ စကားပြောနေကျ ပုံစံမျိုးမဟုတ်တဲ့အပြင် လျှောက်လဲချက်တွေ၊ ပုဒ်မတွေကိုလည်း အလွတ်ကျက်ရတယ်။ လျှောက်လဲချက်ဆို A4 စာရွက် တစ်မျက်နှာစာလောက်ကို အလွတ်ကျက်ရတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ပထမဆုံး ရိုက်ဖူးတဲ့ ဇာတ်လမ်းတွဲဖြစ်သလို ရှေ့နေဇာတ်ရုပ်ကလည်း ပထမဆုံး လုပ်ဖူးတာဖြစ်တဲ့အတွက် သရုပ်ဆောင်တဲ့အခါမှာ အခက်အခဲတချို့တော့ ရှိပေမယ့်၊ အဝတ်အစား၊ အပြင်အဆင်ပိုင်းကို ကုမ္ပဏီဘက်က တာဝန်ယူပေးတဲ့အတွက် အထောက်အကူတစ်ခုတော့ဖြစ်စေကြောင်း ပိုင်ဖြိုးသုက ပြောကြားပါတယ်။

“ဆရာမင်းခိုက်စိုးစံက တရားခွင်မှာ သက်သေကိုစစ်တဲ့နေရာမှာ အက်တင်ကို အငြိမ်မလိုချင်ဘူးတဲ့။ အက်တင်အပြင် Body Movement ပိုင်းကိုလည်း လိုချင်တော့ ပြောရမယ့် ဒိုင်ယာလော့ခ်ကိုလည်း မှတ်ရတယ်။ အက်တင်နဲ့ Body Movement ပိုင်းကိုလည်း ဂရုစိုက်ပြီး လုပ်ရတယ်။ တရားရုံးမှာ ရိုက်တဲ့ ဇာတ်ဝင်ခန်းတွေဆို စိတ်ဖိစီးမှု တော်တော် များတယ်” လို့ ၎င်းကဆိုပါတယ်။

ဒါရိုက်တာ မင်းခိုက်စိုးစံ ရိုက်ကူးတဲ့ ပန်းနှစ်ပွင့်စီးချင်း ရုပ်သံဇာတ်လမ်းတွဲမှာတော့ သရုပ်ဆောင် စိုးရန်အောင်၊ ကိုကိုလင်းမောင်၊ ရန်ကျော်၊ ထက်ကိုကိုလင်း၊ အေးမြတ်သူ၊ ပိုင်ဖြိုးသု၊ မေဘရဏီသော်နဲ့ ထူးမွန်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

**ဝင်းထွန်းနိုင်**


ဓာတ်ပုံ - ဝင်းထွန်းနိုင်

# ရုပ်ရှင်ဇာတ်ကားသစ် Upper Class ကို လက်ခံရိုက်ကူးဖို့ စဉ်းစားနေတဲ့ ဆိုအေး



**ဆိုးလ်၊ ဧပြီ ၂၄**

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆိုအေးက Upper Class လို့ အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားကို လက်ခံရိုက်ကူးဖို့ စဉ်းစားနေကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ယင်းရုပ်ရှင်ဇာတ်ကားမှာ အဓိကအမျိုးသမီး ဇာတ်ဆောင်အဖြစ် ပါဝင်ဖို့ ဆိုအေးကို ကမ်းလှမ်းထားတာဖြစ်ပြီး၊ လက်ခံရိုက်ကူးဖို့၊ ရှိမရှိဆိုတာကို နောက်ဆုံး ဆုံးဖြတ်ချက်ချမယ့် အဆင့်ရောက်နေပြီဖြစ်ကြောင်း သူ့ရဲ့အနုပညာ အေဂျင်စီဖြစ်တဲ့ Star J Entertainment က သတင်းထုတ်ပြန်ခဲ့ပါတယ်။

ယင်းရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ Byun Hyuk က ရိုက်ကူးမှာဖြစ်ပြီး၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ အောင်မြင်မှုရဖို့ ကြိုးစားတဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ပုံဖော်ရိုက်ကူးသွားမှာပါ။ ဆိုအေးက ၂၀၁၆ ခုနှစ်တုန်းက Take Off 2 ရုပ်ရှင်ကို နောက်ဆုံး ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

ဆိုအေးက ၂၀၀၂ ခုနှစ်တုန်းက MBC ဒရာမာ ရုပ်သံဇာတ်လမ်းတွဲ First Love နဲ့ အနုပညာလောကကို စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ Upper Class ရုပ်ရှင်ဇာတ်ကားကိုတော့ လာမယ့် မေလအတွင်းမှာ စတင်ရိုက်ကူးသွားဖို့ စီစဉ်ထားပါတယ်။

## Recap

❍ သရုပ်ဆောင် မင်းမော်ကွန်းက ယခုနှစ်အတွင်းမှာ သူ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတော်တော်များများ ရုံတင်ပြသသွားဖို့ ရှိပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

“မေလထဲမှာတော့ ကိုညီမြင်းလွင်နဲ့ ရိုက်ထာတဲ့ လူသားများကို ခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် ရုပ်ရှင်ရုံတင်ဖို့ရှိမယ်။နောက်ပြီးရင် ပြေတီဦးနဲ့ ရိုက်ထားတဲ့ ဗိုလ်အောင်ဒင် ရုပ်ရှင်ရုံတင်ဖို့ရှိမယ်။ ဒါရိုက်တာ အိအိခိုင်နဲ့ ရိုက်ထားတဲ့ သရဲဆိုတာ ချိုနဲ့လားဟော့ ရုပ်ရှင်ကလည်း ဖြတ်ကားအနေနဲ့ ရုံတင်ဖို့ရှိတယ်လို့ ပြောပါတယ်။ ရုပ်ရှင်ကားသစ်တွေလည်း ရိုက်ဖို့လက်ခံထားတာတွေရှိပါတယ်” လို့ ၎င်းကဆိုပါတယ်။

❍ အနုပညာပျိုးခင်းရဲ့စင်တင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ရွှေသမီးက ယခင်ကထက်စာရင် အနုပညာလှုပ်ရှား မှုလေး တွေပိုများလာတဲ့အတွက် ပရိသတ်တွေက စောင့်ကြည့်ဝေဖန်အကြံပေးကြဖို့ ပြောချင်ပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

“ဒီနောက်ပိုင်းမှာဆို ညီမ ဗီဒီယိုနဲ့ ရုပ်ရှင်ဇာတ်ကားတွေ တော်တော်များများ ရိုက်ဖြစ်တယ်။ တီဗီကြော်ငြာလေးတွေ၊ မဂ္ဂဇင်း၊ ဂျာနယ် မျက်နှာဖုံးဓာတ်ပုံလေးတွေလည်း ရိုက်ဖြစ်တယ်။ အရင်ကထက်တော့ အနုပညာ အလုပ်တွေပိုပြီး စိပ်လာပါပြီ။ အဲ့ဒီအတွက် ပရိသတ်ကြီးကလည်းညီမရဲ့ အနုပညာလှုပ်ရှားမှုလေးတွေကို ကြည့်ပြီးအကြံပေးကြပါလို့ ပြောချင်ပါတယ်” လို့ ၎င်းက ဆိုပါတယ်။

# ‘နွေကန္တာဦး’ ဇာတ်လမ်းတွဲမှာ အဓိကဇာတ်ကောင်အဖြစ် ပါဝင်ရတဲ့အတွက် တာဝန်ကြီးတယ်ဆိုတဲ့ စည်သူဝင်း

**ရန်ကုန်၊ ဧပြီ ၂၄**


ဓာတ်ပုံ - စည်သူဝင်း Facebook Page

စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ နွေကန္တာဦး ဝတ္ထုကို ဒါရိုက်တာ ဇမ္ဗူ့ထွန်းသက်လွင်က ရုပ်သံဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးပုံဖော်ရာမှာ အဓိကဇာတ်ကောင် နှင်းငွေ အဖြစ် ပါဝင်သရုပ်ဆောင်ရတာကြောင့် တာဝန်ကြီးပါတယ်လို့ သရုပ်ဆောင် စည်သူဝင်းက The Voice ကို ပြောကြားပါတယ်။

“ဒီဇာတ်လမ်းတွဲကို ကျွန်တော့်ပရိသတ်တွေက မရိုက်စေချင်ကြဘူး။ ဝတ္ထုက တအား ကောင်းတာကိုး။ ကျွန်တော်ကိုယ်တိုင်လည်း ဝတ္ထုဖတ်ကြည့်ပြီးတဲ့အချိန်မှာ ဒီလောက်အထိတောင် ကောင်းလား၊ ငါလုပ်နိုင်ပါ့မလား ဆိုတဲ့စိတ် ဖြစ်လာတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားနေပါတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

‘နွေကန္တာဦး’ ရုပ်သံဇာတ်လမ်းတွဲမှာ အေးဆေးတည်ငြိမ်တဲ့ ဆရာဝန်လေး နှင်းငွေနေရာက ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး၊ မကြာခင်က ရိုက်ကူးပြီးစီးခဲ့တဲ့ ဆုံစည်း ခြင်းမိုးတိမ်များ ဇာတ်လမ်းတွဲမှာတော့ ခေတ်လေးခေတ်မှာ ဇာတ်ရုပ်လေးမျိုးနဲ့ ပါဝင်သရုပ်ဆောင်ထားကြောင်း သရုပ်ဆောင် စည်သူဝင်းက ပြောကြားပါတယ်။

“ဆုံစည်းခြင်းမိုးတိမ်များ ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်လေးမျိုးလုံးကတော့ လုံးဝ ကွဲပြားတယ်။ တကယ်လို့ ကျွန်တော့်ရဲ့ ကြိုးစားမှုသာ အရာထင်ခဲ့မယ်ဆိုရင် အောင်မြင်မှု ရဖို့အတွက် လှေကားတစ်ထစ် ဖြစ်လာနိုင်တယ်။ ဒီလိုအခွင့်အရေးမျိုးကလည်း ပထမဆုံးရဖူးတာဆိုတော့ အများကြီး မျှော်လင့်ထားပါတယ်” လို့ ၎င်းကဆိုပါတယ်။

ဆုံစည်းခြင်းမိုးတိမ်များ ဇာတ်လမ်းတွဲက ထိုင်းဇာတ်လမ်းတွဲတစ်ခုရဲ့ ကျောရိုးကိုယူကာ ထိုင်းဒါရိုက်တာနဲ့ မြန်မာဒါရိုက်တာတွေ ပူးပေါင်းရိုက်ကူးထားကြတာဖြစ်ပြီး သရုပ်ဆောင်များအဖြစ် စည်သူဝင်း၊ အောင်ရဲချမ်း၊ မင်းဦး၊ မေမြင့်မိုရ်၊ ခိုင်နှင်းဝေ၊ ဂျူဂျူးကေတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

# တေးအယ်လ်ဘမ်အသစ်ထွက်ပြီးနောက် ရင်သွေးများကို အချိန်ပေးတော့မည်ဟု ရှယ်ရီခရိုး ဆို



ဘဝမှာ ကိုယ့်ဝါသနာ၊ ကိုယ့်အနုပညာ၊ ကိုယ့်ယုံကြည်ချက်၊ အလုပ် စတာတွေက အရေးကြီးတယ်ဆိုတာ တကယ့်ကို အမှန်ပါပဲ။ ဒါပေမဲ့ မိသားစုကလည်း အရေးကြီးတဲ့အရာဖြစ်ပါတယ်။

တေးသံရှင် ရှယ်ရီခရိုးဟာ သူမရဲ့ နောက်ဆုံးထွက်ထားတဲ့ တေးအယ်လ်ဘမ်ကို ဆက်တိုက်အရောင်းမြှင့်တင်ခရီးတွေ ထွက်ခဲ့ပြီးနောက်မှာ မိမိရင်သွေးများနဲ့ ဝေးရာမှာ အကြာကြီးမနေတော့ဘူးလို့ ဟစ်ကြွေးခဲ့တာ ဖြစ်ပါတယ်။

Soak Up the Sun တေးသီချင်းနဲ့ ပရိသတ်ရဲ့အားပေးမှုကို ပိုင်ဆိုင်ထားတဲ့ ကန်းထရီးရော့ခ် အဆိုတော်ဟာ ၂၀၁၃ ခုနှစ်က အခွေသစ် ထုတ်ခဲ့ပါတယ်။

ရှယ်ရီခရိုးဟာ Billboard မှာ နံပါတ်ခုနစ်အထိ ချိတ်ခဲ့တဲ့ အဆိုပါ တေးစီးရီးကို အရောင်းမြှင့်တင်မှုနဲ့ ဖျော်ဖြေပွဲတွေ ကာလရှည်ကြာစွာ ထွက်ခဲ့ပါတယ်။

အသက် ၉ နှစ်နဲ့ ၆ နှစ်အရွယ် သားလေးနှစ်ယောက်ကို မွေးစားထားတဲ့ မိခင်ဖြစ်သူဟာ သီချင်းရေးလည်း အလွန်ကောင်းသူ ဖြစ်ပါတယ်။

ကလေးတွေနဲ့ ခွဲနေရတဲ့ ညပေါင်းများစွာရှိခဲ့ပြီးတော့ နောင်အဲဒီလိုမဖြစ်ရလေအောင် ကိုယ့်ကိုယ်ကိုယ် ကတိပေးထားတယ်လို့ ရှယ်ရီက ဆိုပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ထွက်ရှိခဲ့တဲ့ အခွေသစ် Be Myself ဆိုတဲ့ တေးသီချင်းတွေကိုလည်း ယုံကြည်ချက် အပြည့်ရှိတယ်လို့ ဆိုထားပါတယ်။ **F-02**

# “ဇာတ်ကားနာမည်ကို Rose Rider လို့ပေးထားတဲ့အတိုင်း ဆိုင်ကယ်စီးတဲ့ သူတွေရဲ့ဘဝကို အခြေခံပြီးတော့မှ ဇာတ်လမ်း တည်ဆောက် ထားတာပေါ့”

**နေတိုးနဲ့ တွေ့ဆုံခြင်း**

**သန့်ဇင်ဦး**


ဓာတ်ပုံ - နေတိုး Facebook Page

**နာမည်ကျော် သရုပ်ဆောင် နေတိုးနဲ့ တွေ့ဆုံပြီး ပြင်ဦးလွင်မှာ လက်ရှိရိုက်ကူးနေတဲ့ တည်ကြက် ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ နှင်းဆီအဖွဲ့သားတွေနဲ့ ရိုက်ကူးရမယ့် Rose Rider ရုပ်ရှင်အတွက် မင်းသမီးအသစ် ရွေးဖြစ်တဲ့အကြောင်းနဲ့ ရုပ်သံဇာတ်လမ်းတွဲတွေ မရိုက်ကူး ဖြစ်သေးတဲ့ အကြောင်းတွေကို The Voice က မေးမြန်း ဖော်ပြထားပါတယ်။**

**Voice: တည်ကြက် ရုပ်ရှင်က ရတနာသိုက်ရှာတဲ့ အကြောင်းကို ဇာတ်အိမ်တည်ထားတာ ဆိုတော့ ကြည့်ဖူးနေကျ Adventure ဇာတ်လမ်းပုံစံမျိုးပဲလား။**

**NT:** ကျွန်တော့်အမြင်ပြောရရင်တော့ ဒီဇာတ်ကားရဲ့ Presen-tation က မြင်နေကျ Adventure ဇာတ်ကားတွေရဲ့ ပုံစံခွက်ထဲမှာပဲရှိနေတယ်။ ကျွန်တော် သရုပ်ဆောင်ရတဲ့ ကာရိုက်တာအနေနဲ့ သာ နည်းနည်းလေး အားကောင်းတာပေါ့။ တခြားထွေထွေထူးထူးတော့ မရှိပါဘူး။ ပင်ပင်ပန်းပန်းနဲ့သရုပ်ဆောင်ရမယ်။ စိတ်ရော၊ လူရော ပင်ပန်း မယ်။ ဒီကားလေးကို ပရိသတ်တွေ လာရောက်ကြည့်ရှုတဲ့အချိန်မှာ အားရကျေနပ်မှုရှိအောင် ကြိုးစားရိုက်ကူးကြမှာပါ။

**Voice: ဒီကားမှာ ကိုနေတိုးက မုဆိုးတစ်ယောက်အဖြစ် သရုပ်ဆောင်ရတာနော်။ ဘယ်လိုထူးထူးခြားခြား ပုံစံမျိုးနဲ့ တွေ့ရမလဲ။**

**NT:** ကျွန်တော့် ကာရိုက်တာက မုဆိုးဆိုပေမယ့် သားကောင်ရှာတဲ့ မုဆိုးတော့ မဟုတ်ဘူး။ သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ တန်ဖိုးကြီးတဲ့ သစ်ပင်တွေ၊သတ္တဝါတွေရဲ့ပစ္စည်းတွေ၊ တန်ဖိုးကြီးတဲ့ တွင်းထွက်ပစ္စည်းတွေကို ရှာဖွေပြီးတော့ အသက်မွေးဝမ်းကျောင်းပြုရတဲ့ မုဆိုးတစ်ယောက်ပါ။ ဒီကားမှာ သရုပ်ဆောင်ရတဲ့ မုဆိုး ဇာတ်ရုပ်အတွက်တော့ နည်းနည်းလေး ဝတ်ရတာ ပေါ့ပေါ့ပါးပါးရှိပြီး မာတဲ့ အဝတ်အစားမျိုးကို ဝတ်ဖို့ပြင်ဆင်ထားပါတယ်။

**Voice: အနုပညာလောကမှာ အောင်မြင်မှုရဖို့ ကြိုးစားဆဲကာလမှာ အက်ရှင်ကားတွေ တော်တော်လေး ရိုက်ခဲ့တယ်နော်။ နောက်ပိုင်းမှာ အက်ရှင်ကားတွေ သိပ်မရိုက်ဖြစ်တော့တာ ဘာကြောင့်လဲ။**

**NT:** အက်ရှင်ကားတွေကတော့ ကြိုးကြားကြိုးကြားတော့ ရိုက်ဖြစ်ပါတယ်။ အက်ရှင်ကားတွေ ရိုက်ရတာကိုလည်း သဘောကျပါတယ်။ ကျွန်တော်အကယ်ဒမီရခဲ့တဲ့ နက္ခတ်မှားတဲ့ တိုက်ပွဲရုပ်ရှင်မှာဆို အက်ရှင် ဇာတ်ဝင်ခန်းတွေ တော်တော်လေးပါပါတယ်။ ဇာတ်သိမ်းခန်းမှာဆိုလည်း အဖေနဲ့ သားရဲ့အက်ရှင်ခန်းတွေ ထည့်ထားပါတယ်။ အက်ရှင်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ကြိုက်ခဲ့တဲ့ ပရိသတ်တွေရှိတယ်လေ။ အဲ့ဒီလို ပရိသတ်တွေအတွက် တည်ကြက် ရုပ်ရှင်ဇာတ်ကားမှာ အက်ရှင်ခန်းတွေ ပြန်မြင်ရမှာပါ။

**Voice: သင်္ကြန်တုန်းက နှင်းဆီအဖွဲ့သားတွေနဲ့ ဘန်ကောက်သွားခဲ့သေးတယ်နော်။ နှင်းဆီအဖွဲ့သားတွေနဲ့ ရိုက်ရမယ့် Rose Rider ရုပ်ရှင်က ဘယ်တော့ စရိုက်မလဲ။**

**NT:** ဘန်ကောက်သွားတာကတော့ ဈေးဝယ်ထွက်တာပါပဲ။ ဇာတ်ကားအတွက် လိုအပ်တာလေးတွေ သွားဝယ်တာပါပဲ။ Rose Rider ရုပ်ရှင်ကတော့ ဩဂုတ်လလောက် ရိုက်ဖို့မှန်းထားပါတယ်။ ဇာတ်လမ်းကတော့ အရင်ပြောထားသလို သရဲကားမဟုတ်ပါဘူး။ ရိုးရာကို အခြေခံတဲ့ ဟာသဇာတ်လမ်းလေးပါပဲ။ ဇာတ်ကားနာမည်ကို Rose Rider လို့ပေးထားတဲ့အတိုင်း ဆိုင်ကယ်စီးတဲ့ သူတွေရဲ့ ဘဝကို အခြေခံပြီးတော့မှ ဇာတ်လမ်း တည်ဆောက်ထားတာပေါ့။

**Voice: ဒီဇာတ်ကားအတွက် လက်ရှိနာမည်ရနေတဲ့ မင်းသမီးတွေထဲက မသုံးဘဲ မင်းသမီး အသစ်ရွေးဖြစ်တဲ့ အကြောင်းလည်း ပြောပြပေးပါဦး။**

**NT:** ဒီကားအတွက် မျက်နှာသစ် မင်းသမီးတစ်ယောက်လိုချင်တာကြောင့် Facebook ကနေ ကြော်ငြာခဲ့တာပါ။ မင်းသမီးအသစ်တစ်ယောက်ကို တင်ပေးလိုက်ခြင်းအားဖြင့် နောက်လည်း ပရိသတ်တွေအတွက် အနုပညာရှင်တစ်ယောက် ထပ်တိုးလာဖို့ ရည်ရွယ်တာပါ။ သူတို့ နောက်ထပ်အလုပ်တွေ ဆက်လုပ်ဖို့ဆိုတာကတော့ ရွေးချယ်ပြီးတော့မှပဲ စကား ဆက်ပြောရမှာပါ။

**Voice: ဒီကားက ကိုနေတိုးနဲ့ ကိုကျော်ကျော်ဗိုတို့ တည်ထောင်ထားတဲ့ Storyboard Media ကနေ ရိုက်မှာနော်။**

**NT:** ဒီကားကို ကျွန်တော်တို့ Storyboard နဲ့ နှင်းဆီအဖွဲ့သားတွေ ပေါင်းပြီး ရိုက်ကြမှာပါ။ ဒီကားက Storyboard အနေနဲ့ ပထမဦးဆုံး ရိုက်တဲ့ ရုပ်ရှင်ဇာတ်ကားလို့ ပြောလို့ရပါတယ်။ ရှေ့မှာတော့ ရိုက်ထားတာတွေရှိတယ်။ ဒါပေမဲ့ Storyboard နာမည်နဲ့တော့ မဟုတ်ဘူး။ နောက်ထပ်လည်း ရုပ်ရှင်ကားကြီးတွေ ဆက်ရိုက်ဖို့ရှိပါသေးတယ်။ ဒီနှစ်ထဲမှာတော့ Rose Rider ရုပ်ရှင်တစ်ကားပဲ ရိုက်ဖြစ်မယ်။

**Voice: Storyboard ရဲ့ လုပ်ငန်းလည်ပတ်မှုကရော ဘယ်လိုအခြေအနေရှိလဲ။ အမြတ်အစွန်းရတဲ့အပိုင်း ရောက်နေပြီလား။**

**NT:** ကျွန်တော်တို့ Storyboard ကတော့ လက်ရှိမှာ အနုပညာနဲ့ပတ်သက်တဲ့ Project တွေ များများစားစား မလုပ်ဖြစ်သေးဘူးပေါ့နော်။ လုပ်ငန်းစတင်လည်ပတ်ခဲ့တာတော့ ၂ နှစ်လောက်ရှိနေပြီပေါ့။ ရုပ်သံအစီအစဉ်လေးတွေ ရိုက်ခဲ့တာရှိတယ်။ ခရီးသွား အစီအစဉ်တွေ ရိုက်ခဲ့တာရှိတယ်။ ဒီနှစ်ထဲမှာတော့ ရုပ်ရှင်ကားကြီးတွေ ရိုက်ဖို့အတွက် စပြီး လှုပ်ရှားတာပေါ့။

**Voice: တချို့မင်းသားတွေ ရုပ်သံဇာတ်လမ်းတွဲတွေ ရိုက်နေကြပြီ။ ကိုနေတိုးကိုရော ရိုက်ဖို့ ကမ်းလှမ်းထားတာရှိလား။**

**NT:** ကျွန်တော်တို့ကို ရိုက်ဖို့လာပြောတာတွေလည်းရှိပါတယ်။ ဇာတ်လမ်းတွဲတွေ စပြီးရိုက်ကြမယ်ဆိုကတည်းက ထည့်သွင်းစဉ်းစားခံရတဲ့အထဲမှာ ကျွန်တော်တို့ ပါခဲ့ပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းတွဲ ရိုက်ဖို့က အချိန်အကြာကြီးပေးနိုင်ဖို့ ခဲယဉ်းတယ်။ တစ်လခွဲ၊ နှစ်လဝန်းကျင်လောက် အချိန်ပေးပြီး ရိုက်ရမယ့် ဇာတ်လမ်းမျိုးတွေ ဖြစ်နေတာပေါ့နော်။ ကျွန်တော်တို့ကို ပေးရမယ့်အချိန်တွေက ထုတ်လုပ်သူတွေအတွက်လည်း အခက်အခဲ ရှိနိုင်တယ်လေ။ အဲ့ဒါကြောင့် မရိုက်ဖြစ်သေးတာပါ။



ဆန္ဒပြမှုများကို တနင်္လာနေ့တွင်ပါ ဆက်လက်ပြုလုပ်ခဲ့ကြသည်

# အတိုက်အခံများနှင့် ဆွေးနွေးရန် ဗင်နီဇွဲလားသမ္မတ မာဒူရိုကမ်းလှမ်း

**ကာရာကတ်စ်၊ ဧပြီ ၂၄**

ဗင်နီဇွဲလားသမ္မတ မာဒူရိုက အတိုက်အခံများနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ကမ်းလှမ်းလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ဒေသန္တရ ရွေးကောက်ပွဲများ ကျင်းပပေးရန် လိုလားသည်ဟုလည်း မာဒူရိုက ဆိုသည်။

နိုင်ငံတစ်ဝန်း ပြင်းပြင်းထန်ထန် ဆန္ဒပြမှုများ သုံးပတ်ကြာဖြစ်ပေါ်ခဲ့ပြီးနောက် တနင်္လာနေ့တွင် နောက်ထပ်အကြီးစား ဆန္ဒပြပွဲပြုလုပ်ရန် စီစဉ်ထားသည့်အချိန်တွင် ၎င်း၏မှတ်ချက်ပေးမှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆန္ဒပြသူများက လာမည့်နှစ်တွင် ကျင်းပရန်ရှိသည့် သမ္မတရွေးကောက်ပွဲကို ဆက်လက်လုပ်ဆောင်ရန်နှင့် သမ္မတမာဒူရိုရာထူးမှဆင်းပေးရန် တောင်းဆိုထားကြသည်။

အတိုက်အခံများက သမ္မတမာဒူရိုသည် သဘောတူညီချက်များကို ဖောက်ဖျက်သည့်အပြင် အချိန်ဆွဲရန်အတွက် ဆွေးနွေးပွဲများကို အသုံးချနေသည်ဟု စွပ်စွဲခဲ့ပြီးနောက် မနှစ်က ညှိနှိုင်းဆွေးနွေးပွဲများ ပျက်ပြားသွားခဲ့သည်။

တနင်္ဂနွေနေ့က ရုပ်သံမိန့်ခွန်းတွင် သမ္မတမာဒူရိုက မြို့တော်ဝန်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ ကျင်းပရေးကို ထုတ်ဖော်ပြောဆိုခဲ့သော်လည်း သမ္မတရွေးကောက်ပွဲအကြောင်းကို ထည့်သွင်းပြောဆိုခြင်း မပြုခဲ့ပေ။

"ရွေးကောက်ပွဲ ဟုတ်လား။ ကျုပ်လည်း ရွေးကောက်ပွဲတွေ အခု ကျင်းပပေးချင်တယ်။ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ခေါင်းဆောင်တစ်ဦးအနေနဲ့ ပြောတဲ့စကားပဲ" ဟု မာဒူရိုက ပြောကြားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို ပြီးခဲ့သောဒီဇင်ဘာလက ပြုလုပ်ခဲ့ပြီး ဒေသန္တရ မြို့တော်ဝန် ရွေးကောက်ပွဲများမှာ ယခုနှစ် အလှည့်ကျမည်ဖြစ်သည်။

ဗင်နီဇွဲလားတွင် မကြာသေးမီက ဆန္ဒပြပွဲများအတွင်း ကျဆုံးခဲ့ရသူ ၂၀ ခန့်အတွက် လေးစားမှုပြသသည့်အနေနှင့် အဖြူရောင်ဝတ်ဆင်ကာ စနေနေ့က ငြိမ်သက်ချီတက်ဆန္ဒပြပွဲကို ပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြမှုများ ဖြစ်ပွားနေသည့်ကာလအတွင်း လူပေါင်း ၁၀၀၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး ၇၀၀ ကျော်ကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြောကြားသည်။

ဗင်နီဇွဲလားတွင် စားနပ်ရိက္ခာ၊ အခြေခံလူသုံးကုန်နှင့် ဆေးဝါးများ မလောက်မင ဖြစ်စေခဲ့သည့် စီးပွားရေးအကျပ်အတည်းနှင့်ပတ်သက်၍ အတိုက်အခံများက အစိုးရကို ပြစ်တင်ဝေဖန်လျက်ရှိသည်။

အတိုက်အခံများ လွှမ်းမိုးထားသော လွှတ်တော်၏ အာဏာအချို့ကိုမာဒူရိုအစိုးရ ထိန်းချုပ်သော အထက်ခုံရုံးက လျှော့ချရန် ကြိုးစားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ■F-04

# မက္ကဆီကို မူးယစ်ဂိုဏ်းများကြောင့် သီတင်းတစ်ပတ်အတွင်း လူ ၃၅ ဦးသေဆုံး

**မက္ကဆီကိုစီးတီး၊ ဧပြီ ၂၄**

မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများ၏ လုပ်ရှားမှုများ၊ အပြန်အလှန်တိုက်ပွဲများ မြင့်တက်လာသော မက္ကဆီကိုတွင် ပြီးခဲ့သည့် သီတင်းပတ်က တစ်ပတ်အတွင်း အကြမ်းဖက်မှုများနှင့်ဆက်စပ်၍ အနည်းဆုံး လူ ၃၅ ဦးသေဆုံးခဲ့ကြောင့် Reuters သတင်းတစ်ရပ်က ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အထကြွဆုံးသော မူးယစ်ဆေးဝါးလှုပ်ရှားမှုများ ဖြစ်သည်ဟု အဆိုပါသတင်းက သုံးသပ်ရေးသားထားသည်။

ဆီနာလိုအာ ပြည်နယ်တွင်ပြီးခဲ့သည့် တနင်္ဂနွေနေ့က တိုက်ခိုက်မှုများကြောင့် လူ ၁၂ ဦးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အရာရှိများက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်က အဆိုပါ ပြည်နယ် အခြေစိုက် မူးယစ်ရာဇဝ ဂျိုအာကွင်း အယ်ချာပို ဂက်ဇ်မန်းကို ဖမ်းဆီးရမိခဲ့ပြီးနောက် ဒုစရိုက်ဂိုဏ်းများအချင်းချင်း ဖြစ်သည့် တိုက်ပွဲအရေအတွက်များမြင့်တက်လာခဲ့သည်။

မက္ကဆီကို အနောက်ဘက် ကမ်းရိုးတန်းဒေသ မီချိုအာကန်ဒေသတွင် ပြိုင်ဘက်ဒုစရိုက်ဂိုဏ်းအချင်းချင်း တိုက်ပွဲကြောင့် လူကိုးဦးသေဆုံးခဲ့ရသေးသည်ဟု ဥပဒေအရာရှိများက ဆိုထားသည်။

စနေနေ့ကလည်း ဂွါရီယိုပြည်နယ်တွင် နယ်စပ်အနီးရှိ ကျေးရွာတစ်ရွာတွင် အလားတူတိုက်ပွဲများဖြစ်ခဲ့ရာ လမ်းမပေါ်တွင် အလောင်းရှစ်လောင်းကို တွေ့ရှိခဲ့ရသည်ဟု အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ခြိမ်းခြောက် ငွေညှစ်ခြင်း၊ ပြန်ပေးဆွဲခြင်း စသည့်အမှုများလည်း မြင့်တက်လာသည်ဟု သတင်းများက ဖော်ပြထားသည်။

ဘိန်းခင်းများ စိုက်ပျိုးလေ့ရှိရာ ဂွါရီယိုပြည်နယ်တွင် ရာဇဝတ်မှုက အထူပြောဆုံးဖြစ်နေသည်ဟု Reuters က ကိန်းဂဏန်းများကို ကိုးကားပြီးရေးသားထားသည်။

မက္ကဆီကိုတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းကို အစိုးရက စစ်ကြေညာထားပြီး နှိမ်နင်းလျက်ရှိကာ အဓိကမူးယစ်ရာဇဝကြီးများကို ဖမ်းမိထားသော်လည်း ဂိုဏ်းခွဲများအကြား စစ်ပွဲများက မြင့်တက်လာနေသည်။

၂၀၁၁ ခုနှစ်တွင် မူးယစ်ဂိုဏ်းသားများ ခိုအောင်းရာ ပြည်နယ် ခြောက်ခု၌ တိုက်ခိုက်မှုများ အမြင့်ဆုံးသို့တက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း ပြန်လည်ကျဆင်းခဲ့သည်။ ■F-02



မူးယစ်ရာဇဝကြီးများကို ဖမ်းမိပြီးနောက် ဂိုဏ်းသားများအချင်းချင်း တိုက်ပွဲများ မြင့်တက်လာသည်

# ထိန်းသိမ်းခံရသော အမေရိကန်နိုင်ငံသား၏အမည်ကို မြောက်ကိုရီးယားတက္ကသိုလ်ထုတ်ပြန်




**ပြုံယမ်း၊ ဧပြီ ၂၄**

စနေနေ့က ထိန်းသိမ်းခြင်းခံရသော အမေရိကန်နိုင်ငံသားမှာ ကင်ဆမ်ဒွတ်ခေါ် တိုနီကင်မ်ဖြစ်သည်ဟု မြောက်ကိုရီးယားတက္ကသိုလ်က ထုတ်ပြန်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ကိုရီးယား-အမေရိကန် ကပြားကထိကသည် ဖမ်းဆီးခြင်းမခံရမီအချိန်အထိ ပြုံယမ်းတက္ကသိုလ်သိပ္ပံနှင့် နည်းပညာဌာနတွင် စာသင်ပေးနေသူဖြစ်သည်။

တိုနီကင်မ်အား ဖမ်းဆီးစစ်ဆေးနေခြင်းသည် တက္ကသိုလ်နှင့် ပတ်သက်ခြင်းမရှိဟု ပြုံယမ်းတက္ကသိုလ်က ပြောကြားထားသည်။

ကထိကကင်မ်သည် ပြုံယမ်းမှထွက်ခွာခါနီးတွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး ဖမ်းဆီးသည့် အကြောင်းရင်းကို အာဏာပိုင်များက ပြောကြားခြင်းမပြုပေ။

အသက် ၅၀ အရွယ် မစ္စတာကင်မ်သည် ထောက်ပံ့ရေးအစီအစဉ်တစ်ခုအရ မြောက်ကိုရီးယားတွင် ကယ်ဆယ်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးရန် ရောက်ရှိနေခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ပြောကြားသည်။

တိုနီကင်မ်သည် ပြုံယမ်းတက္ကသိုလ်နှင့် အဆက်အသွယ်ရှိသော တရုတ်နိုင်ငံ ယမ်ဘီယန်တက္ကသိုလ် သိပ္ပံနှင့်နည်းပညာဌာနတွင် စာသင်နေသော ဆရာဖြစ်သည်ဟု သိရှိရသည်။ ယမ်ဘီယန်တက္ကသိုလ်ကမူ မှတ်ချက်ပေးခြင်း မပြုပေ။

အမေရိကန်နိုင်ငံခြားရေးဌာနကမူ မစ္စတာကင်မ် ဖမ်းဆီးခံရသည့်သတင်းကို သိရှိသည်ဟု ပြောကြားသော်လည်း သီးသန့် ဆောင်ရွက်ရသည့်အတွက် မှတ်ချက်ပေးခြင်းမပြုပေ။

မြောက်ကိုရီးယား၏ ခြိမ်းခြောက်ရန်စမှု ကြီးထွားလာကာ ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှု မြင့်တက်လာခြင်းကြောင့် အမေရိကန်စစ်သင်္ဘောအုပ်စု ဦးတည်ခုတ်မောင်းလာသည့်အချိန်တွင်

စာ-23

# အာဖဂန်နိုင်ငံ မာဇာအီးရှာရစ်ဖ်တွင် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် စစ်သား ၁၀၀ ကျော်သေဆုံး

**ကဘူးလ်၊ ဧပြီ ၂၄**

အာဖဂန်နိုင်ငံ စစ်စခန်းတစ်ခုကို တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် စစ်သား ၁၀၀ ကျော် သေဆုံးခဲ့ရပြီးနောက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ပြုလုပ်ခဲ့သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

မြောက်ပိုင်းမြို့တော် မာဇာအီးရှာရပ်ဖ်အနီးရှိ စစ်စခန်းကို တိုက်ခိုက်မှုသည် လူ့တန်ဖိုးနှင့် အစ္စလာမ်ဘာသာ၏ သင်ကြားမှုများကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု သမ္မတအက်ရှရပ်ဖ်ဂါနီက ပြောကြားသည်။

သူပုန်များသည် သောကြာနေ့က စစ်စခန်းရှိ ဗလီတွင် ဝတ်ပြုနေသူများနှင့် စားရိပ်သာရှိ အခြားလူများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အသက်ရှင် လွတ်မြောက်လာသူ အချို့က တိုက်ခိုက်မှုတွင် အတွင်းလူ ကူညီမှု ပါဝင်သည်ဟု ပြောကြားသည်။

"လုံခြုံရေးဂိတ် ၇ ခု၊ ၈ ခု ခန့် ရှိသော်လည်း စခန်းသို့ တိုက်ခိုက်သူများ ဝင်ရောက်လာချိန်တွင် သတိပေးမှုမရှိခဲ့ဘူး" ဟု ဒဏ်ရာရရှိသော စစ်သားတစ်ဦးက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများစွာ ဖြစ်ပွားနေသော အာဖဂန်နစ္စတန်တွင် အသေအပျောက်အများဆုံး နောက်ဆုံး တိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခြင်း ဖြစ်သည်ဟု တာလီဘန်အဖွဲ့က ကြေညာချက်ထုတ်ပြန်သည်။

သူပုန်များသည် အာဖဂန်စစ်တပ် ဝတ်စုံကိုဝတ်ဆင်ကာ စစ်တပ် မော်တော်ယာဉ်များဖြင့် ဝင်ရောက်လာခြင်းဖြစ်သည်ဟု စစ်ဘက်က ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်စဉ်တွင် တာလီဘန် ၁၀ ဦးခန့်သေဆုံးခဲ့ပြီး သူပုန်တစ်ဦးကို ဖမ်းဆီးရမိခဲ့သည်ဟု သိရှိရသည်။

အာဖဂန်စစ်ဘက်က ထိခိုက်သေဆုံးမှု ကိန်းဂဏန်းများကို အတိအကျ ပြောကြားခြင်းမရှိဘဲ ၁၀၀ ကျော် သေဆုံး ထိခိုက်ဒဏ်ရာရရှိသည်ဟုသာ ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် အမည်မဖော်လိုသော သတင်း ဇာစ်မြစ်များက အနည်းဆုံး ၁၄၀ ခန့်သေဆုံးခဲ့သည်ဟု ပြောကြားကြသည်။

သေဆုံးစစ်သားတစ်ဦး၏ဖခင်က "လွန်ခဲ့တဲ့သုံးလက တပ်ထဲဝင်သွားပြီး ကတည်းက သားကို မတွေ့ရတော့ပါဘူး။ အခုတော့ အလောင်းကိုပဲ ပြန်ရတယ်" ဟု ဝမ်းနည်းစကားဆိုသည်။

သမ္မတဂါနီသည် စနေနေ့က အခင်းဖြစ်ဒေသသို့ သွားရောက်ခဲ့ပြီး ဒဏ်ရာရသည့်စစ်သားများကို သွားရောက်ကြည့်ရှုခဲ့သည်။

မာဇာအီးရှာရစ်ဖ်ရှိ စစ်စခန်းသည် အာဖဂန်မြောက်ပိုင်း လုံခြုံရေးကို တာဝန်ယူထားရသော အာဖဂန် ၂၀၉ တပ်ဖွဲ့၏ အခြေစိုက်ဌာနချုပ်ဖြစ်သည်။

လောလောဆယ်တွင် ဂျာမန်နှင့် အခြားနိုင်ငံခြားတပ်ဖွဲ့များက ထိုနေရာကို လုံခြုံရေးယူပေးထားသည်ဟု သိရှိရသည်။ ထိုအတောအတွင်း တာလီဘန်တပ်မှူး ကွာရီတာရစ်ကို လေကြောင်းတိုက်ခိုက်မှုဖြင့် သုတ်သင်နိုင်ခဲ့သည်ဟု အာဖဂန်ရှိ အမေရိကန်စစ်ဌာနချုပ်က ထုတ်ပြန်ခဲ့သည်။

တာကာပြည်နယ်၏ ရှဲဒိုးအုပ်ချုပ်ရေးမှူးဟု လူသိများသော ကွာရီတာရစ်သည် အခြားတာလီဘန်သူပုန် ရှစ်ဦးနှင့်အတူ ဧပြီလ ၁၇ ရက်က လေကြောင်းတိုက်ခိုက်မှုတွင် ကျဆုံးသွားခဲ့သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

■ F-04




ဒဏ်ရာရသူများကို အာဖဂန်နစ္စတန်သမ္မတ ဂါနီ သွားရောက်ကြည့်ရှုခဲ့သည်

**စာ-22 ထိန်းသိမ်းခံရသော အမေရိကန်နိုင်ငံသား၏အမည်ကို မြောက်ကိုရီးယားတက္ကသိုလ်ထုတ်ပြန် မှအဆက်**

ယခုဖမ်းဆီးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်တို့ တနင်္လာနေ့တွင် ဖုန်းဖြင့် ဆက်သွယ်ပြောဆို ဆွေးနွေးကြမည်ဟု တရုတ်နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ထားသည်။

တိုနီကင်မ်သည် မြောက်ကိုရီးယားတွင် ဖမ်းဆီးခံနေရသော သုံးဦးမြောက် အမေရိကန်နိုင်ငံသားဖြစ်ပြီး အာဏာပိုင်များက ယခင်နှစ်ဧပြီလက ကင်ဒေါင်ချူး ၆၂ နှစ်ကို သူလျှိုမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်၊ ယခင်နှစ် ဇန်နဝါရီလက အော်တိုဝမ်ဘီယာ ၂၁ နှစ်ကို ဝါဒဖြန့်ဆိုင်းဘုတ် ခိုးယူမှုဖြင့် ထောင်ဒဏ် ၁၅ နှစ် အသီးသီး ချမှတ်ခဲ့သည်။

■ F-04

**ကျောဖုံး - မျက်နှာသစ် လစ်ဘရယ် မက်ခရွန်နှင့် အမျိုးသားရေး အစွန်းရောက် လာပန်း ပြင်သစ်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ ပြိုင်ရမည်မှအဆက်**

ဘဏ်လုပ်ငန်းရှင်ဟောင်းမက်ခရွန်သည် နိုင်ငံရေးမျက်နှာသစ်တစ်ဦးဖြစ်ပြီး ခိုင်မာသည့် နိုင်ငံရေးပါတီကျောထောက်နောက်ခံမရှိဘဲ ကိုယ်တိုင်ထူထောင်ထားသည့် ပါတီကို ကိုယ်စားပြုကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

## အကြိတ်အနယ်မဲရလဒ်

ပထမအကျော့ မဲရလဒ်အရ မက်ခရွန်သည် မဲ ၂၃ ဒသမ ၈ ရာခိုင်နှုန်းရခဲ့ပြီး လာပန်းက ၂၁ ဒသမ ၅ ရာခိုင်နှုန်းရခဲ့သည်။ မဲပေးခွင့်ရှိသူ ၇၉ ရာခိုင်နှုန်းနီးပါး မဲလာပေးခဲ့ခြင်းကြောင့် မဲပေးသူရာခိုင်နှုန်းမြင့်မားသည်ဟုဆိုနိုင်သည်။

ဝင်ပြိုင်သူ ၁၁ ဦးအနက် အနီးဆုံးစိန်ခေါ်နိုင်ခဲ့သူများမှာ ဗဟိုလက်ယာယိမ်း ရီပတ်ဘလီကန်ပါတီမှ ဖရန်ဆွာ ဖီယွန်နှင့် လက်ဝဲယိမ်း ပြင်သစ်အနိုင်မခံပါတီ (La France insoumise) မှ ယန်း-လု မယ်လန်ချွန်တို့ ဖြစ်ပြီး မဲ ၁၉ ရာခိုင်နှုန်းစီရရှိခဲ့ကြသည်။

လာပန်း၏ အမျိုးသားရေးတပ်ဦးပါတီ (FN) အာဏာရမလာစေရေးအတွက် ဒုတိယအကျော့တွင် နိုင်ငံရေးပြိုင်ဘက်အများအပြားက မက်ခရွန်ကို ထောက်ခံသွားကြဖွယ်ရှိသည်။

## မက်ခရွန် ဘာလဲ၊ ဘယ်လဲ

အသက် ၃၉ နှစ်သာရှိသေးသူ မက်ခရွန်သာ ဒုတိယအကျော့တွင် အနိုင်ရပါက အသက်အငယ်ဆုံးသမ္မတဖြစ်လာဖြစ်သည်။ မက်ခရွန်သည် လက်ရှိသမ္မတဟော်လန်၏စီးပွားရေးဝန်ကြီး တာဝန်ယူရာမှ နိုင်ငံရေးနယ်ပယ်သို့ အမှတ်မထင်ရောက်လာခဲ့သူဖြစ်သည်။ ဝန်ကြီးရာထူးမှ နုတ်ထွက်ပြီးနောက် လစ်ဘရယ်အယူအဆ ကိုင်စွဲသော ဥရောပပေါင်းစည်းရေးလိုလားသည့် En-Marche (ရှေ့သို့) ပါတီကို ထူထောင်ခဲ့သူဖြစ်သည်။

မက်ခရွန်၏ မဲဆွယ်ကတိကဝတ်များထဲတွင် လုပ်ငန်းဝင်သင်တန်းများ ဖွင့်လှစ်ပေးရန်၊ ကျောက်မီးသွေးအသုံးပြုမှု အဆုံးသတ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲရန်၊ အခြေခံအဆောက်ဦများတည်ဆောက်ရန်နှင့် ခေတ်မီမွမ်းမံမှုများ ပြုလုပ်ရန် ယူရို ၅၀ ဘီလျံ သုံးစွဲမည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပါဝင်သည်။

ကော်ပိုရေးရှင်းအခွန်အကြီးအကျယ် လျှော့ပေးမည်ဖြစ်ပြီး တစ်ပတ် ၃၅ နာရီအလုပ်ချိန် ကိစ္စ ကုမ္ပဏီများ အဆင်ပြေစေရေး ဆွေးနွေးနိုင်ရန် စည်းမျဉ်းများ ဖြေလျှော့ပေးမည်ဟု ကတိပြုထားသည်။ အလုပ်သမားသမဂ္ဂများ အားကောင်းသော ပြင်သစ်တွင် အလုပ်သမားအခွင့် အရေးအထူးကောင်းမွန်သော်လည်း အလုပ်ခန့်ရန်၊ ဖြုတ်ရန် အလွန်ခက်ခဲပြီး လုပ်ငန်းရှင်များအပေါ် မျက်နှာသာပေးမှု အားနည်းသည်။

အလုပ်လက်မဲ့နှုန်းကို ၇ ရာခိုင်နှုန်းအထိ (လက်ရှိ ၉ ဒသမ ၇ ရာခိုင်နှုန်း) မှ လျှော့ချရန် ရည်ရွယ်ထားသည်။ ကျောင်းများတွင် အသက် ၁၅ နှစ်အောက်များ မိုဘိုင်ဖုန်း သုံးစွဲမှု ပိတ်ပင်ရန်နှင့် အသက် ၁၈ နှစ် ပြည့်သူများအတွက် ယဉ်ကျေးမှုလေ့လာရေးအသုံးစရိတ် ယူရို ၅၀၀ ပေးမည့် အစီအစဉ်များ ပါဝင်သည်။

ပထမအကျော့ မဲရလဒ်ထွက်ပေါ်အပြီး အောင်ပွဲခံမိန့်ခွန်းတွင် မက်ခရွန်က သူ့ပြိုင်ဘက်၏ လေသံမျိုး သုံးနှုန်းကာ သူ့ကိုယ်သူ ပြင်သစ်၏ မျိုးချစ်တစ်ဦးအဖြစ် ပုံဖော်သွားခဲ့သည်။

"နှစ်ပတ်အတွင်း ကျွန်တော်ခင်ဗျားတို့ရဲ့သမ္မတဖြစ်လာမယ်လို့မျှော်လင့်ပါတယ်။ အမျိုးသားရေးဝါဒီတွေရဲ့ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရတဲ့အချိန်မှာ မျိုးချစ်တို့ရဲ့သမ္မတအဖြစ် ပြင်သစ်ပြည်သူအားလုံးကို ကိုယ်စားပြုတဲ့သမ္မတ ဖြစ်ချင်ပါတယ်" ဟု မက်ခရွန်က ပြောကြားခဲ့သည်။

## လာပန်း ဘာလဲ၊ ဘယ်လဲ

လာပန်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ဖခင်ဖြစ်သူထံမှ အမျိုးသားရေးတပ်ဦးပါတီ ခေါင်းဆောင်နေရာကိုလွှဲပြောင်းရယူခဲ့သူဖြစ်ပြီး ဒေသဆိုင်ရာရွေးကောက်ပွဲများတွင် ပါတီအောင်ပွဲရရေးအတွက် ဦးဆောင်နိုင်ခဲ့သူဖြစ်သည်။

အပြင်းပွားဖွယ်အစွန်းရောက်အမြင်များကို ပြောကြားလေ့ရှိသူ လာပန်းသည် ရွှေ့ပြောင်းအခြေချမှုကို ဟန့်တားလိုသလို လွတ်လပ်စွာကုန်သွယ်ရေးကို ထိန်းကွပ်လိုသူဖြစ်ပြီး ပြင်သစ်နှင့် ဥရောပဆက်ဆံရေးကိုပါ ပြင်ဆင်လိုသူဖြစ်သည်။

မဲဆွယ်ကာလအတွင်း သူသာသမ္မတဖြစ်လာပါက ဥရောပသမဂ္ဂကို ပြင်ဆင်ဖွဲ့စည်းရေး ဆွေးနွေးသွားမည်ဟု ကြွေးကြော်ထားပြီး ပြင်ဆင်နိုင်ခြင်းမရှိပါက သမဂ္ဂတွင် ဆက်နေရန် သင့်၊ မသင့် ဗြိတိန်နည်းတူ ခွဲရေး၊ တွဲရေး လူထုဆန္ဒခံယူပွဲလုပ်မည်ဟုပါ ပြောကြားထားသည်။

တရားမဝင် ရွှေ့ပြောင်းအခြေချသူအားလုံးကို အစစ်ဆေးမရှိ နှင်ထုတ်ရန်၊ တရားဝင် ရွှေ့ပြောင်းအခြေချမှုများကိုလည်း ချက်ချင်းရပ်ဆိုင်းပစ်ပြီး နောက်ပိုင်းတွင် တစ်နှစ်လျှင် ၁၀၀၀၀ ထက် ပိုပြီး လက်မခံဟု ကြေညာထားသည်။

အစ္စလာမ္မစ်အစွန်းရောက် ဗလီများအားလုံးကို ပိတ်ပစ်မည်ဟု ကြေညာထားသလို ပြည်သူ့အိမ်ရာ စီမံကိန်းများတွင် ပြင်သစ်လူမျိုးများကို ဦးစားပေးရန်၊ ပင်စင်ယူရမည့် အသက်ကို ၆၀ တွင် ပုံသေထားရန်၊ တစ်ပတ်အလုပ်ချိန် ၃၅ နာရီကို ပုံသေထားရန်လည်းအဆိုပြုထားသည်။

ပထမအကျော့ရလဒ်များထွက်ပေါ်လာအပြီးတွင် လာပန်းက "မျိုးချစ်အားလုံးကို မေတ္တာရပ်ခံကြောင်း" ကြေညာခဲ့ပြီး သူ့ကိုမဲပေးမှသာ ပြင်သစ်နိုင်ငံရှင်ကျန်မည်ဟု သတိပေးခဲ့သည်။

"ဘယ်ကလာလာ၊ ဘယ်ဇာစ်မြစ်နဲ့ပဲဖြစ်ဖြစ်၊ ပထမအကျော့မှာ ဘယ်သူ့ကိုပဲ မေးပေးခဲ့သည်ဖြစ်စေ အတိတ်က ကွဲလွဲမှုတွေကို ခဝါချပြီး အားလုံး ကျွန်မတို့နဲ့ ပူးပေါင်းဖို့၊ ကျွန်မတို့တိုင်းပြည်အတွက် အရေးကြီးတာကို အာရုံစိုက်ကြဖို့ တောင်းဆိုပါတယ်" ဟု လာပန်းက ပြောကြားခဲ့သည်။

## ဒုတိယအကျော့မှာ ဘယ်သူနိုင်နိုင်သလဲ

ပထမအကျော့တွင် အရေးမလုခဲ့သည့် လက်ရှိသမ္မတဟော်လန်၏ ဆိုရှယ်လစ်ပါတီမှ သမ္မတလောင်း ဘီနွိုက်ဟာမွန်က ဒုတိယအကျော့တွင် မက်ခရွန်ကို မဲပေးကြရန် ထောက်ခံသူများကို တိုက်တွန်းထားသည်။ အခြားသမ္မတလောင်း အများစုကလည်း မက်ခရွန်ဘက်မှ သာရပ်တည်ဖွယ်ရှိသည်။ လက်ဝဲယိမ်း မယ်လန်ချွန်ကမူ မည်သည့်သမ္မတလောင်းကိုမှ မထောက်ခံသေးပေ။

မက်ခရွန်နှင့် လာပန်း မည်သူနိုင်သည်ဖြစ်စေ ဇွန်လတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲမှာ အဓိကအရေးပါနေဦးမည်ဖြစ်သည်။ မက်ခရွန်၏ပါတီသည် အသစ်ဖြစ်သလို လာပန်း၏ ပါတီမှာလည်း လွှတ်တော်တွင်း မဟာမိတ်ရရန် ခဲယဉ်းရာ မည်သူနိုင်သည်ဖြစ်စေ ညွန့်ပေါင်းအစိုးရဖွဲ့ရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ်ရှိသည်။

မက်ခရွန်သာနိုင်ပါက ဗဟိုလက်ဝဲယိမ်း၊ လက်ယာယိမ်းပါတီအများအပြားနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရေး ညှိနှိုင်းနိုင်ဖွယ်ရှိသော်လည်း လာပန်း၏အမျိုးသားတပ်ဦးပါတီနှင့် ပူးပေါင်းဆောင်ရွက်ရန်မှု ပါတီကြီးအများစုက ငြင်းပယ်ထားကြသည်။ သို့ဖြစ်ရာ လာပန်း၏ အမျိုးသားတပ်ဦးပါတီအနေနှင့် အမတ်နေရာ ၅၇၇ နေရာရှိသော လွှတ်တော်တွင် လူများစုရရေးကိုသာ မျှော်လင့်ရမည်ဖြစ်သည်။ လက်ရှိလွှတ်တော်တွင် လာပန်း၏ပါတီမှ အမတ်နှစ်ဦးသာရှိသည်။

## ဥရောပဂယက်

ဗြိတိန်တွင် ဥရောပသမဂ္ဂမှ ခွဲထွက်ရေးအနိုင်ရသွားသလို အမေရိကန်တွင် ဒေါ်နယ်ထရမ့်သမ္မတ ဖြစ်လာချိန်၌ အနောက်ကမ္ဘာ၏ လစ်ဘရယ်ဒီမိုကရေစီတန်ဖိုးများ စိန်ခေါ်ခံလာရချိန်တွင် ပြင်သစ်ရွေးကောက်ပွဲမှာ စိတ်ဝင်တစားစောင့်ကြည့်ဖွယ်ဖြစ်ခဲ့ရသည်။

ဥရောပတစ်လွှား လူပြိန်းကြိုက်ဝါဒီများနှင့် အမျိုးသားရေးအစွန်းရောက်များအားကောင်းလာချိန်တွင် အာဏာရရန် အနီးစပ်ဆုံး စိန်ခေါ်နိုင်သူမှာ ပြင်သစ်မှ လာပန်းဖြစ်သောကြောင့် ဥရောပတစ်လွှားမှ လစ်ဘရယ်အုပ်စုများက မက်ခရွန်ကိုသာ ဝန်းရံကြဖွယ်ရှိနေသည်။

ပထမအကျော့မဲရလဒ်ထွက်လာအပြီးတွင် ဥရောပခေါင်းဆောင်အများစုက မက်ခရွန်ကိုချီးကျူးဂုဏ်ပြုစကားပြောခဲ့ကြသည်။ ရလဒ်ထွက်လာချိန်တွင် မက်ခရွန်ကလည်း ဥရောပသမဂ္ဂအလံရှေ့တွင် မိန့်ခွန်းပြောခဲ့ခြင်းဖြင့် သမဂ္ဂအနာဂတ်နှင့် ပြင်သစ်၏ ဦးဆောင်အခန်းကဏ္ဍကို အာမခံခဲ့သည်။

■ Ref: BBC, CNN

# REGIONAL



ဓာတ်ပုံ - မောင်မျိုးထက်

## စလူယပ်တောင်လုပ်ငန်း ရေရှည်ရပ်တည်ရန် ခက်ခဲ

**ပုသိမ်၊ ဧပြီ ၂၄**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်သာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော စလူယပ်တောင်လုပ်ငန်းမှာ ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် အဓိကကုန်ကြမ်းဖြစ်သော စလူရွက်ရရှိမှု ခက်ခဲလာသဖြင့် ရေရှည်တွင် ဆက်လက်လုပ်ကိုင် ရပ်တည်ရန် ခက်ခဲလာကြောင်း ပုသိမ်မြို့ရှိ စလူယပ်တောင် လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

စလူဖက်ကို လက်ဖြင့် ရက်လုပ်ရသော စလူယပ်တောင်များမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက ပြင်သစ်၊ ဂျာမနီနှင့် အရှေ့တောင် အာရှနိုင်ငံအချို့သို့ပါ ဈေးကွက်နှင့် ဝယ်လိုအားရှိနေသော်လည်း ယပ်တောင်ရက်သည့် လက်မှုပညာတတ် လုပ်သားများမှာ ရေကြည်ရာမျက်နုရာ ပြောင်းရွှေ့ခြင်း၊ လူငယ်မျိုးဆက်များမှာလည်း အထည်ချုပ်လုပ်ငန်းကဲ့သို့ စက်မှုဇုန်လုပ်ငန်းများသို့ ဝင်ရောက် လုပ်ကိုင်ကြခြင်းကြောင့် ကျွမ်းကျင်လုပ်သား နည်းပါးလာကြောင်း၊ ယင်းအပြင် သဘာဝအလျောက် ပေါက်ရောက်သော စလူခင်းများ ပြုန်းတီးစပြုလာသဖြင့် ရေရှည်လုပ်ကိုင်ရန် အခက်အခဲများဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ယပ်တောင် ရက်လုပ်သူများတွင် အမျိုးသား အနည်းငယ်သာ ရှိပြီး အမျိုးသမီးလုပ်သားများကြောင်း၊ ဝါသနာ၊ ဝီရိယ အရင်းခံဖြင့် တစ်နေ့လျှင် နံနက် ၇ နာရီမှ ညနေ ၅ နာရီ ဝန်းကျင်အထိ ရက်လုပ်ပါက ယပ်တောင် အချောင်း ၃၀ နှင့် ၅၀ ခန့်သာ ပြီးစီးကြောင်း၊ ယပ်တောင် အသေးလျှင် ၁၀၀ ကျပ်၊ အကြီးလျှင် ၁၅၀ ကျပ် ရရှိကြောင်း၊ ယပ်တောင်ရက်လုပ်ငန်းကျွမ်းကျင်သူတစ်ဦး၏ တစ်နေ့ဝင်ငွေမှာ အထည်ချုပ် အလုပ်သမ တစ်ဦးနှင့် ကွာဟမှု မရှိသော်လည်း အလုပ်ချိန်နှင့်ဝီရိယစိုက် ထုတ်ရမှု ကွာဟချက်ကြောင့် ယပ်တောင် ရက်လုပ်ခြင်းကိုလူငယ်မျိုးဆက်လုပ်သားများက စွန့်ခွာလာကြောင်း ပုသိမ်မြို့ အမှတ် ၈ နယ်မြေ ဘိုကြီးကုန်းရပ်ကွက်ရှိ မျိုးဆက် ၃ ဆက်မြောက်အထိ ယပ်တောင်လုပ်ငန်းလုပ်ကိုင်သော ကျောင်းဆရာမ ဒေါ်သူသူနိုင် က ပြောကြားသည်။

"အထည်ချုပ်မှာ လုပ်ကြည့်ခဲ့ဖူးတယ်။ အစိတ်အပိုင်း တစ်ခုကိုပဲလုပ်ရတာကြောင့် လူသက်သာပြီး ကိုယ်ပိုင်လုပ်ကိုင်နိုင်ဖို့ ပညာမရပါဘူး၊ ယပ်တောင်လုပ်ငန်းက ငယ်ငယ်ကတည်းက တတ်ခဲ့တဲ့ ထမင်းစားလို့ရတဲ့ ပညာပါ၊ ဝီရိယစိုက်ပြီး တစ်ထိုင်တည်း မထတမ်းလုပ်ရတာပါ၊ ဝါသနာလည်းပါ၊ ပညာလည်းရဆိုတော့ ယပ်တောင်လုပ်ငန်းပဲ လုပ်ဖြစ်တော့တယ်" ဟု အသက် ၂၂ နှစ်ခန့်ရှိ ယပ်တောင်ရက်လုပ်သူ မအေးလေး က ပြောဆိုသည်။

ပုသိမ်မြို့တွင် စလူယပ်တောင် လုပ်ငန်း ထုတ်လုပ်ရောင်းဝယ်သည့် လုပ်ငန်းရှင် ယခင်က ၈ ဦးခန့်ရှိခဲ့သော်လည်း ယခုအခါ လေးဦးခန့်သာရှိပြီး တစ်နိုင် တစ်ပိုင် လုပ်ကိုင်နေသူများလည်းရှိကြောင်း၊ လုပ်ငန်းရှင်များ အနေနှင့် ယပ်တောင် အရောင်းသွက်သည့် တော်သတင်းလ၊ သီတင်းကျွတ်လနှင့် နွေရာသီကာလတွင် လုပ်ငန်းရှင် တစ်ဦးလျှင် ယပ်တောင်အချောင်းပေါင်း လေးသိန်းဝန်းကျင်အထိ ရောင်းရကြောင်း၊ စလူယပ်တောင်ကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရာတွင် ရန်ကုန်မြို့ရှိ စလူယပ်တောင်ရောင်းဝယ်သူများက တစ်ဆင့် ဖြန့်ချိပြီး ဧရာဝတီတိုင်းရှိ နယ်မြို့များကို ပုသိမ်မှ တိုက်ရိုက် ဖြန့်ချိကြောင်း ပြည်ပကိုမူ ပုသိမ်ထီးလုပ်ငန်းရှင်များမှ တစ်ဆင့် ရောင်းချရကြောင်း ယပ်တောင် လုပ်ငန်းရှင်များထံမှ သိရသည်။

တစ်နိုင်တစ်ပိုင် လုပ်ရသူများအနေနှင့် စလူဖက်များကို ကြိုတင်ဝယ်ယူ သိုလှောင်ထားပြီး ကုန်ချောများ ကြိုတင်ထုတ်လုပ်စုဆောင်းထားပါက ရာသီကျချိန်တွင် အကျိုးအမြတ်ရှိကြောင်း၊ မိသားစုလိုက် လုပ်ကိုင်နိုင်ရန် အစိုးရနှင့် အသင်းအဖွဲ့အစည်းမှ စက်မှု၊ လက်မှု ထုတ်ကုန်များအတွက် ရင်းနှီးမတည်ချေးငွေများ ထုတ်ချေးပေးလျှင် အဆင်ပြေနိုင်ကြောင်း တစ်နိုင်တစ်ပိုင် စလူယပ်တောင် လုပ်ကိုင်သော ဒေါ်သန်းဝင်းက ပြောကြားသည်။

စလူပင်မှ စလူရွက်များကို မြောင်းမြလပွတ္တာ၊ သာပေါင်း ၊ ငပုတော၊ ပုသိမ်မြို့နယ်များမှ ထွက်ရှိပြီး စလူယပ်တောင်လုပ်ငန်းကို ပုသိမ်မြို့ဘိုကြီးကုန်း၊ လှည်းကျော်ကုန်း၊ မငြိမ်းလှကုန်း၊ ကျောက်စရစ်ကုန်း၊ ချဉ်ပေါင်ကုန်း၊ ရာမညနှင့် ဇေယျဝတီ စသည့် ရပ်ကွက်တို့တွင် စလူယပ်တောင်ရက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ယပ်တောင်လုပ်ရန် အဆင်မပြေသော စလူဖက်များကို ကောက်ညှင်းထုပ်ထုပ်ခြင်း၊ ဆေးလိပ်အစီခံလုပ်ခြင်း၊ ဝါးခမောက်အတွင်းမှ အခံဖြင့် အသုံးပြုကြသည်။ ■ R- 12

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## တိုက်ကြီးမြို့နယ်တွင် ဧကတစ်ထောင်ကျော် ငါးကန်တူးဖော်မှု တောင်သူ ၁၅၀ ဆန္ဒထုတ်ဖော်

**တိုက်ကြီး၊ ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ဒါးပွဲအင်းတွင် ဧကတစ်ထောင်ကျော် ငါးကန်တူးဖော်မှုကြောင့် အနီးရှိ လယ်ယာမြေများတွင် ထိခိုက်သဖြင့် ဒေသခံတောင်သူ အင်အား ၁၅၀က ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့တွင်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။

အဆိုပါ ငါးကန်များကို ၂၀၁၅ ခုနှစ်ကုန်ပိုင်းမှ စတင်ကာ တူးဖော်လျက်ရှိပြီး သက်ဆိုင်ရာ ဌာနအသီးသီးထံ တိုင်ကြားသော်လည်း ထူးခြားမှု မရှိကြောင်း၊ ယင်းအခြေအနေကြောင့် လယ်သမားများက တိုက်ကြီးမြို့နယ် မြေစာရင်း ဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ကို ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ဦးဆောင်သူ ဦးစန်းမောင်က ပြောကြားသည်။

"ငါးကန်တွေ တူးတာကြောင့် ကျွန်တော်တို့ လယ်မြေ ဧက တစ်သောင်းကျော်က ရေစီးရေလာ မကောင်းတော့ဘူး၊ လယ်တွေ ရေနစ်မြုပ်တော့ စိုက်ပျိုးချိန်ခါမီ မစိုက်ရဘူး၊ တောင်သူတွေ ဘာမှ လုပ်စားလို့ မရဘူး၊ မခံနိုင်တော့ဘူး" ဟု ၎င်းက ပြောကြားသည်။

ဆန္ဒထုတ်ဖော်မှုတွင် ဒါးပွဲအင်းဂရန်အတွင်း ငါကန်းတူဖော်မှု ရပ်ဆိုင်းပေးရေး၊ ဒါးပွဲအင်း ဂရန်ဖျောက်ဖျက်မှုကို ပြန်လည်ဖော်ထုတ်ပေးရေး၊ လယ်မြေဧကပေါင်း တစ်သောင်းကျော်ကို ရေနစ်မြုပ်မှုမှ အချိန်မီ ကာကွယ်ပေးရေးတို့ကို ကြွေးကြော်သံများဖြင့် ဆန္ဒထုတ်ဖော်ကြသည်။

ဒါးပွဲအင်းတွင် ငါးကန်တူးဖော်မှုနှင့် ပတ်သက်၍ အင်းလမ်းကြောင်းကို ပိတ်ဆို့၍ မရကြောင်း၊ တရားဝင် ငါးကန်တူးဖော်ခွင့် လျှောက်ထားသည်ဟု သိရကြောင်း တိုက်ကြီး မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးရင်ရှိန် ကပြောကြားသည်။

ကြွေပုဂံချောင်း ကျေးရွာအုပ်စု ဒါးပွဲ အင်းကို မြေလွတ် မြေလပ်နှင့်မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီက ၂၀၁၆ခုနှစ် မတ်လတွင် ဦးခင်မောင်ဝင်း အပါအဝင် ငါးဦးကို မြေဧက ၄၉၁ တွင် မွေးမြူရေးများ လုပ်ကိုင်ခွင့်ပြုထားကြောင်း တိုက်ကြီးမြို့နယ် မြေစာရင်း ဦးစီးဌာန ရုံးမှ တာဝန်ရှိသူ တစ်ဦးကပြောဆိုသည်။ ■

## ဟုမ္မလင်းမြို့တွင် ရွှေ ခိုးယူတူးဖော်

**ကလေး ၊ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်ရှိ ရွှေတူးဖော်သည့် လုပ်ငန်းများ တိုင်းအစိုးရအဖွဲ့က ယာယီရပ်ဆိုင်းထားသော်လည်း ရွှေတူးဖော်မှုများကို ခိုးယူတူးဖော်နေကြောင်း ဟုမ္မလင်းမြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးလွင် က ပြောကြားသည်။

ဟုမ္မလင်းမြို့နယ်တွင် တရားမဝင် ရွှေတူးသော လုပ်ကွက်များရှိနေသဖြင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ယာယီရပ်ဆိုင်း ထားခဲ့ကြောင်း၊ ယင်းသို့ ရပ်ဆိုင်းပြီးကာလမှ ဧပြီလ ၂၃ရက် အထိ တရားမဝင် ရွှေတူးဖော်မှုများ ရှိသဖြင့် သွားရောက်ဖြေရှင်းရသည်မှာ ၁၅ ကြိမ်ခန့် ရှိနေကြောင်း ၎င်းက ရှင်းပြသည်။

ဟုမ္မလင်းမြို့တွင် နေသူများမှာ ရွှေတူးဖော်မှုများကို အဓိကထား လုပ်ကိုင်သည့်အတွက် ယခုကဲ့သို့ ရွှေတူးဖော်မှုရပ်ဆိုင်းထားသည့်အခါ အလုပ်မရှိတော့ကြောင်း၊ ထို့ကြောင့် ယခင် ကုမ္ပဏီများက တူးဖော်ပြီး ရွှေမထွက်တော့သော စွန့်ပစ်လုပ်ကွက်များတွင် ဝင်ရောက် ရွှေတူးဖော်မှုများရှိနေကြောင်း၊ တားမြစ်ရန်က ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းထားနိုင်ခြင်း မရှိသေးသည့်အတွက် တားမြစ်ရန် ခက်ခဲနေကြောင်း၊ ၎င်းက ရှင်းပြသည်။

ဟုမ္မလင်းမြို့နယ်တွင် တရားမဝင် ရွှေတူးဖော်သည့် လုပ်ငန်းများကို စစ်ဆေးတွေ့ရှိသဖြင့် ရွှေလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားကြောင်း၊ တိုင်းအစိုးရအဖွဲ့၏ စစ်ဆေး တွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း စစ်ကိုင်းတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးဦး က ပြောကြားသည်။

"ရွှေတူးဖော်မှုကနေ ကြည့်လိုက်မယ်ဆိုရင် အစိုးရအတွက်လည်း အခွန်ရရှိမှု နည်းနေတယ်၊ ဒီလုပ်ငန်းမှာ လုပ်နေကြတဲ့ အလုပ်သမားတွေအနေနဲ့လည်း လုပ်ခလစာ အပါအဝင် အခြား ရပိုင်ခွင့်တွေမရှိသလောက်ကို နည်းတယ်၊ အခုနောက်ပိုင်း ဒေသခံတွေကတော့ စိုက်ပျိုးရေးဘက်ကို ပြန်ပြီး အားသန်လာတာကို တွေ့ရတဲ့အတွက် ရွှေတူးဖော်မှု လုပ်ငန်းတွေကို တတ်နိုင်သလောက် လျှော့ချနိုင်ရင် ကောင်းတယ်" ဟု ဟုမ္မလင်း ဒေသခံ ဦးဖုန်းခန့်ဇော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ယာယီရပ်နားထားရန် မညွှန်ကြားမီကာလက ဟုမ္မလင်းမြို့နယ်တွင် ရွှေတူးဖော်နေသော တရားဝင် ကုမ္ပဏီ ၆၂ ခု ရှိပြီး လုပ်ကွက်ပေါင်း ၄၈ ကွက် ရှိကြောင်း ဟုမ္မလင်းမြို့အမှတ်(၂) သတ္တုရုံး၏ စာရင်းများအရ သိရသည်။ ■



ဓာတ်ပုံ – မင်းမင်းအောင်

# လှိုင်မြစ်ကမ်းထိန်း နံရံပြိုကျမှု ဒေသခံများ စိုးရိမ်

**တိုက်ကြီး၊ ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အလဘုတ်ကျေးရွာ အုပ်စုတွင် အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော လှိုင်မြစ်ကမ်း ရေထိန်းနံရံမှာ တစ်နှစ်မပြည့်မီကာလတွင် ပြိုကျခဲ့မှုကြောင့် အိမ်ခြေ ၂၉လုံးမှ ဒေသခံ ၁၅၀ ကျော်တို့ကနေထိုင်ရေးအတွက် စိုးရိမ်နေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ရေထိန်းနံရံကို ၂၀၁၆ ခုနှစ် ဇွန်လက ရန်ကုန်တိုင်း အစိုးရ၏ ဘတ်ဂျက်ဖြင့် သိန်း တစ်ထောင်ကျော် အသုံးပြုပြီး ပေ ၆၃၀ ကျော်တည်ဆောက်ထားကြောင်း၊ ရေထိန်းနံရံမှာ ဧပြီလ ၂၀ရက်မှ စတင်ကာ တဖြည်းဖြည်း ပြိုကျနေပြီး မိုးကာလ ရောက်ရှိတော့မည် ဖြစ်သောကြောင့် ဒေသခံများမှာ နေထိုင်ရေးအတွက် အခက်ကြုံနေကြောင်း၊ နေထိုင်သူများကို သတိဖြင့် နေထိုင်ရန် ပြောဆိုထားပြီး တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးကို အသိပေးထားကြောင်း အလဘုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ဆွေက ပြောကြားသည်။

"ရေနံ့ရံက တဖြည်းဖြည်း ပြိုလိုက်နေတာ၊ မိုးဦးကာလ ရောက်ရင် နေထိုင်ဖို့ မသင့်တော် ပေမယ့်လည်း မြေနေရာမရှိလို့ ရှိတဲ့နေရာမှာ ကပ်နေရတယ်"ဟု ယင်းကျေးရွာဒေသခံ ဦးသောင်းရွှေက ပြောဆိုသည်။

အဆိုပါ ကျေးရွာမှာ ယခင်ကတည်းက ကမ်းပြိုမှုဖြစ်နေပြီး ယာယီအနေနှင့် ဝါးထရံ၊ ရေထိန်း နံရံများကို ထိန်းသိမ်းထားကြောင်း၊ ၂၀၁၆-၁၇တွင် ဘတ်ဂျက်ရရှိသဖြင့် နှစ်လအတွင်း ရေထိန်း နံရံများကို တည်ဆောက်ထားပြီး ယခုအခါ ရေထိန်းနံရံပြိုကျခြင်းမှာ မိုးရွာသွန်းသောကြောင့် ယိုစိမ့်ရာမှ ပြိုကျခဲ့ကြောင်း၊ ပြိုကျသော ရေထိန်းနံရံများကို ပြန်လည်ပြုပြင်ရန် အတွက်တည်ဆောက်ပေးခဲ့သော Myanmar River Engemar ကိုပြန်လည် ဆောင်ရွက်ပေးရန် ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်ကျော်မှူးက ရှင်းပြသည်။

မြစ်ရေထိန်း နံရံကို မိုးတွင်းကာလ မြစ်ရေတက်ချိန်တွင် တည်ဆောက်ထားကာ ၂လအတွင်း တည်ဆောက် မှုကြောင့် ရေအတိမ်အနက်ကို ခန့်မှန်းရန် ခက်ခဲကြောင်း၊ ရေမြင့်တက်ချိန်ကာလတွင် ရေထိန်းနံရံ ပြိုကျမှုမှာ ခိုင်ခံ့မှု အားနည်းကြောင်း အလဘုတ်ကျေးရွာ ရပ်မိရပ်ဖများထံမှ သိရသည်။ ■

# ခလိန်ရွှေတွင်းဟောင်းကို လူစုလူဝေးဖြင့် တူးဖော်သဖြင့် လုံခြုံရေးတိုးမြှင့်

**တောင်ငူ၊ ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာအုပ်စု ခလိန်ဒေသရှိ ရွှေတွင်းဟောင်း လုပ်ကွက်တွင် လူတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရမှုကြောင့်ပိတ်သိမ်းထားရာ ဧပြီလ တတိယပတ်မှ စတင်ကာ လူစုလူဝေးဖြင့် လာရောက် တူးဖော်ကြသဖြင့် လုံခြုံရေး တိုးမြှင့်ချထားကြောင်း ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လူသေပြီးကတည်းက ၁၄၄ ထုတ်ပြီး ပိတ်ထားတာ၊ ဒါကို လူအုပ်စုလိုက်ဝင်တူးနေကြလို့ လုံခြုံရေး တိုးမြှင့်ချထားရပါတယ်၊ လတ်တလောမှာ သတိပေးတားမြစ်တာတွေ လုပ်မှာဖြစ်ပေမယ့် နောက်ပိုင်းမှာ တည်ဆဲဥပဒေနဲ့ထိရောက်စွာ အရေးယူသွားပါမယ်"ဟု ၎င်းက ရှင်းပြသည်။

ရွှေတွင်းဟောင်းတွင် မတ်လ ၁၈ ရက်က အလုည့်ကျ ရွှေတူးဖော်သော အဖွဲ့ကရွှေတူးနေစဉ် လူတစ်စုက အတင်းတိုးဝှေ့ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် နယ်မြေလုံခြုံရေး ယူထားသော အမှတ် ၅၉၉ ခြေမြန်တပ်ရင်းမှ တပ်သား မင်းအောင်က လူအုပ်စုထဲကို သေနတ်ဖြင့် ပစ်ရာမှ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံများထံမှသိရသည်။

သေဆုံးသူမှာ ရွှေကျင်မြို့နယ် စလူချောင်းကျေးရွာနေ ဦးမင်းမင်းထိုက်(ခ) ကုလား (၂၁နှစ်) ဖြစ်ပြီး အမှုနှင့် ပတ်သက်၍ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို လိုချင်ကြောင်း သေဆုံးသူ၏ အစ်ကိုတော်စပ်သော ဦးသန်းနိုင်က ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ စတင်ကာ ခလိန်ရွှေတွင်းဟောင်း နေရာတွင် တစ်နိုင်တစ်ပိုင် ရွှေတူးသူများမှာ တစ်ရက်လျှင် ရွှေတစ်ဆယ်သားမှ ငါးဆယ်သားအထိ ရရှိသည်ဟု သတင်းထွက်ပေါ်မှုကြောင့် မတ်လ ပထမအပတ်မှ စတင်ကာ ဒေသခံများနှင့် အနီးတစ်ဝိုက် ကျေးရွာများမှ လူရာနှင့်ချီ ရွှေတူးဖော်ခဲ့ကြောင်း၊ ယင်းနောက် လူစုလူဝေးဖြင့် လူတစ်ဦး သေနတ်မှန်ကာ သေဆုံးမှုကြောင့် ပုဒ်မ ၁၄၄ထုတ်ကာ ရွှေတွင်းကို ပိတ်ထားခဲ့သည်။

ယင်းရွှေတွင်းကို တာဝန်ရှိသူများက တားမြစ်ထားပြီး နယ်မြေခံ လက်နက်ကိုင်အဖွဲ့ KNU နှင့် နယ်မြေခံ တပ်ရင်းတစ်ခုမှ လုံခြုံရေးရယူ စောင့်ရှောက်ထားကြောင်း ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ စုံစမ်းသိရှိရသည်။

ရွှေလုပ်ကွက်ဟောင်းမှာ ရွှေကျင်ဒေသခံ ဦးသိန်းဝင်းနှင့် ရွှေကျွန်းကြီးကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းကာ လွန်ခဲ့သော နှစ်အနည်းငယ်က လုပ်ကိုင်ခဲ့ဖူးပြီး ရွှေမထွက်သဖြင့် ပစ်ထားခဲ့ကြောင်း၊ လက်ရှိတွင် ဒေသခံများက ရွှေတူးဖော်မှု များပြားလာသည့်အတွက် မူလပိုင်ရှင်များက မတ်လ ၃ရက်တွင် အမှတ် ၂ သတ္တုတွင်းလုပ်ငန်းသို့ ပြန်လည်တူးဖော်ခွင့်လျှောက်ထားခဲ့ကြောင်း ရွှေကျင်မြို့မ ရဲစခန်းမှ စုံစမ်း သိရသည်။ ■ R-15

# မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ဖရဲအရောင်းအဝယ်သွက်

**လားရှိုး၊ ဧပြီ ၂၄**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဈေးကွက်တွင် တရုတ်ဘက်က အဝယ်လိုက်နေသဖြင့် ဖရဲသီး အရောင်း အဝယ်လိုက်နေကြောင်း သစ်သီးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"နေ့တိုင်းဝင်လာသမျှ ဖရဲ တရုတ်ဘက်ကဆွဲတယ်" ဟု မူဆယ်မြို့ရှိသင်းသင်း သစ်သီးပွဲရုံမှ ဦးစိုင်းနောင်နောင်က ပြောဆိုသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် သစ်သီးဈေးကွက်အတွင်းသို့ နေ့စဉ်ဖရဲပျမ်းမျှတန်ချိန် ၃၀၀၀ မှ ၅၀၀၀ အထိပုံမှန် အဝင်ရှိနေပြီး အရောင်းအဝယ်လိုက်သည့်လများတွင် နေ့စဉ်တန်ချိန် ၉၀၀၀ မှ ၁၀၀၀၀ အထိ အဝင်ရှိကြောင်း၊ ဝင်ရောက်လာသည့်ဖရဲများကိုတရုတ်ဘက်က အများဆုံးအဝယ်လိုက်ကြောင်း ၎င်းက ရှင်းပြသည်။

ဖရဲသီးကိုမြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားတွင် စိုက်ပျိုးနေခြင်းဖြစ်ပြီး ချင်းပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကယားပြည်နယ်များမှအပ ကျန်ဒေသများတွင် ဖရဲစိုက်ပျိုးမှုမှာ တစ်နှစ်ပတ်လုံးစိုက်ပျိုးနေကြောင်း၊ ရှမ်းပြည်နယ်တွင် သီပေါ၊ ကျောက်မဲ၊ တန့်ယန်း၊ မိုးရယ်နှင့် သိန်းနီမြို့နယ်တို့တွင် ဖရဲစိုက်ပျိုးမှုပိုမိုများပြားလျက်ရှိကြောင်း သီပေါမြို့မှ ဖရဲစိုက်ပျိုးထုတ်လုပ်သူ ဦးစိုင်းမိုးမြင့်က ပြောကြားသည်။

တရုတ်နိုင်ငံဘက်က အများဆုံးဝယ်ယူသည့်ကာလမှာ အောက်တိုဘာလမှ စတင်၍ မေလကုန်အထိဖြစ်ပြီး ယင်းကာလတွင် ဖရဲကို အလုအယက် ဝယ်ယူကြကြောင်း ဦးစိုင်းနောင်နောင်က ပြောဆိုသည်။

ရှမ်းပြည်နယ် ကျောက်မဲ၊ သီပေါ၊ တန့်ယန်း၊ မိုင်းရယ်နှင့် သိန်းနီမြို့နယ်များမှ ဖရဲများကိုဆွတ်ခူးပြီးချိန်တွင် ၁၂ ဘီး ယာဉ်များဖြင့် ချက်ချင်းတင်ပို့မှုရှိကြောင်း၊ သစ်သီးတင်ပို့ရာတွင် လတ်ဆတ်မှုသည်အရေးပါသည့်အတွက် အချိန်မီလျင်မြန်စွာ တင်ပို့ရန်လိုအပ်ကြောင်း စိုက်ပျိုးသူများနှင့် ကုန်တင်ယာဉ်မောင်းများက ပြောကြားသည်။

၁၂ ဘီးယာဉ်တစ်စီးလျှင် ဖရဲတန်ချိန် ၁၅ တန်မှ ၁၇ တန်အထိတင်ဆောင်နိုင်သဖြင့် မူဆယ် ၁၀၅ မိုင် သစ်သီးဒိုင်သို့ နေ့စဉ်ဖရဲကားအစီးရေ ၂၀၀ ခန့်အနည်းဆုံးဝင်နေပြီး ဖရဲအဝယ်လိုက်သောလများတွင် ကားအစီးရေ ၆၀၀ခန့် အထိ နေ့စဉ်ဝင်ရောက်မှုရှိနေသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ဧပြီလ ၂၄ ရက်နေ့တွင် ဖရဲကားအစီးရေ ၅၀၀မှ ၆၀၀ အတွင်းအဝင်ရှိနေကြောင်း ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ထံမှ သိရသည်။

■ R-07

# ကိုင်းငရုတ်သီး ဈေးထက်ဝက်ကျော် မြင့်တက်

**ဟင်္သာတ၊ ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် မြို့နယ် ၆ခုမှ ထွက်ရှိသော ကိုင်းငရုတ်သီးမှာ သင်္ကြန်ကာလနောက်ပိုင်း ဈေးထက်ဝက်ကျော် မြင့်တက်နေကြောင်း ယင်းဈေးကွက်ထံမှ သိရသည်။

သင်္ကြန်အကြိုနေ့မတိုင်မီ ဧပြီလ ၁၁ ရက်နေ့အထိ ဒေသထွက်ကိုင်းစိုက် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငါးထောင်ကျပ် ဝန်းကျင်ဖြင့် ဝယ်ယူရပြီး သင်္ကြန်ပြီးနောက်ပိုင်း ဧပြီလ ၁၈ ရက်တွင် ကိုင်းစိုက် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် တစ်ထောင်ကျပ်အထက်ဖြင့် ဝယ်ယူခဲ့ရကြောင်း စားသုံးသူများက ပြောကြားသည်။

ဧပြီလအတွင်း ငရုတ်သီးစိမ်းဈေးတက်ခြင်းမှာ ပုံမှန်အခြေအနေမဟုတ်ကြောင်း၊ ကိုင်းစိုက် ငရုတ်သီးစိမ်းများ ထွက်ရှိနေဆဲဖြစ်ကြောင်း၊ သင်္ကြန်ကာလနှင့် သင်္ကြန်ရက်အတွင်း မိုးရွာသွန်းမှုကို အခွင့်ကောင်းယူကာ ဈေးမြှင့်ရောင်းချနေခြင်းဖြစ်နိုင်ကြောင်း ကိုင်းစိုက်တောင်သူအများစုက မှတ်ချက်ပြုသည်။

ကိုင်းစိုက် တောင်သူများ အနေနှင့် ငရုတ်သီးစိမ်း ဈေးမြှင့်လာခြင်းအပေါ် အကျိုးမခံစားရဘဲ လက်လီ လက်ကားရောင်းချသူများ၏ ဈေးကွက် အပြောင်းအလဲသာဖြစ်နိုင်ကြောင်း အင်္ဂပူမြို့ခံ ကိုင်းစိုက်တောင်သူ ဦးမြင့်အောင်က ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသ ကိုင်းစိုက် ငရုတ်သီးစိမ်းစိုက်ခင်းများမှာ ၂၀၁၆ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်များက ရေကြီးနစ်မြုပ်ခြင်းကြောင့် ခြံစိုက်ငရုတ်သီးစိမ်း ပိဿာချိန်တစ်ဆယ် (၁၀ ပိဿာ)လျှင် ကျပ်လေးသောင်းခွဲ အထိ စံချိန်တင် ဈေးတက်ခဲ့ဖူးကြောင်း၊ ဩဂုတ် ၂၁ ရက်နေ့မှ ဩဂုတ်လ ၂၈ ရက်နေ့အထိ အချိန်တစ်ဆယ် (ပိဿာချိန် ၁၀)လျှင် ကျပ်နှစ်သောင်းမှ ကျပ်တစ်သောင်းခွဲအထိ ဈေးပြန်ကျခဲ့ဖူးကြောင်း ဟင်္သာတရှိ ပြည့်ဝ ထမင်းဆိုင် ပိုင်ရှင် ဦးမျိုးသိန်းက ရှင်းပြသည်။

■

R-13

# ပြည်မြို့ရှေးဟောင်းဇုန်နှင့် ပြတိုက် ဝင်ကြေး သန်း ၄၀ကျော်ရ

**ပြည်၊ ဧပြီ ၂၄**

ရှေးဟောင်းသမိုင်းဝင် ယူနက်စကို အသိအမှတ်ပြု ပြည်ရှေးဟောင်းဇုန်နှင့် ပြတိုက်သို့ နိုင်ငံခြားသား ဝင်ရောက်မှုကြောင့် ကောက်ခံရရှိသော ဝင်ကြေးမှာ ကျပ်သန်း ၄၀ကျော်ရရှိကြောင်း ပြည်မြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသား ခရီးသည်ဝင်ရောက် လေ့လာမှုမှာ ယခင်နှစ်ထက် ပိုမိုမြင့်တက်လာကြောင်း၊ ထိန်းသိမ်းမှုများကိုလည်း ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းနည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ကောက်ခံရရှိသော ဇုန်ဝင်ကြေးများကို ပြည်ထောင်စု အစိုးရဘတ်ဂျက်သို့ သွင်းရပြီး အစိုးရ အဖွဲ့မှ ပြန်လည်ခွဲဝေပေးသော ဘဏ္ဍာငွေဖြင့်သာ ရှေးဟောင်းဇုန် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများလုပ်ဆောင်ရကြောင်း ၎င်းက ရှင်းပြသည်။

“ပြည်ဘက်ကို အလည်လေ့လာတဲ့ နိုင်ငံခြားသားအများစုက ဂျာမနီဘက်ကများတယ်၊ တခြားနိုင်ငံတွေလည်းရှိပါတယ်”ဟု ၎င်းက ပြောဆိုသည်။

ပြည်ရှေးဟောင်းဇုန်တွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က နိုင်ငံခြားသားဝင်ရောက်မှု ၂၀၅၃ဦး၊ ပြတိုက်သို့ဝင်ရောက်သူ ၄၈၈၃ဦး ရှိပြီး ဝင်ကြေးငွေ ၃၇,၆၈၀,၀၀၀ ကျပ် ရရှိကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ရှေးဟောင်းဇုန်သို့ ၆၂၃၆ဦး၊ ပြတိုက်သို့ ၂၃၂၆ဦး ဝင်ရောက်ပြီး ဝင်ကြေးငွေ ၄၂,၇၈၀,၀၀၀ ကျပ်ရရှိကြောင်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ပြတိုက်ဝင်ကြေး ကျပ်ငါးထောင်၊ ဇုန်ဝင်ကြေး ကျပ်ငါးထောင် ကောက်ခံကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန စာရင်းများအရ သိရသည်။

ပြည်တွင်းခရီးသွားများကို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ခွင့်ပြုထားပြီး နေ့စဉ် ပြည်တွင်း လာရောက်လည်ပတ်သူ ၂၀၀ နီးပါးရှိပြီး ဘာသာရေး အခါကြီး ရက်ကြီးများတွင် လာရောက်သူ ၅၀၀ခန့်ရှိကြောင်း ယင်းစာရင်းထံမှ သိရသည်။

■ M - 06

# ကလေးမြို့နယ် ဒေသန္တရ လေးနှစ် စီမံကိန်း ရေးဆွဲ

**ကလေး၊ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသန္တရ လေးနှစ် စီမံကိန်း ရေးဆွဲရာတွင် လမ်း၊ တံတားနှင့် ရေမြောင်းစသည်တို့ကို တည်ဆောက်ပြင်ဆင်ရေးအတွက် ကဏ္ဍသုံးခုကို အဓိကထားကာ ရေးဆွဲခဲ့ကြောင်း ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းရွှေ က ပြောကြားသည်။

အဆိုပါ စီမံကိန်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်အထိ မြို့နယ်စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ရေးဆွဲခဲ့ကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် ကလေးမြို့နယ်ရှိ ရပ်ကွက် (၁၉) ခုမှ အုပ်ချုပ်ရေးမှူးကို ခေါ်ယူကာ ရပ်ကွက်လိုအပ်ချက်များကို ဦးစွာတင်ပြစေကြောင်း၊ ယင်းတင်ပြချက်များအပေါ် အခြေခံကာ ဘတ်ဂျက်ခွဲဝေမှုအပေါ် မူတည်ပြီး လုပ်ဆောင်ပေးနိုင်သော ကဏ္ဍများကို ပထမနှစ်တွင် ဦးစားပေးသတ်မှတ်ကာ ဘတ်ဂျက်နှစ်အလိုက် တည်ဆောက်ရမည့် လမ်း၊ တံတားနှင့် ရေနုတ်မြောင်း လုပ်ငန်းများကို ရေးဆွဲခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

ရေးဆွဲပြီးသော ဒေသန္တရ စီမံကိန်းကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနထံ တင်ပြထားကြောင်း၊ ခွင့်ပြုချက် ရရှိပါက ရေးဆွဲထားသည့် စီမံကိန်းအတိုင်း ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

လေးနှစ် စီမံကိန်း ရေးဆွဲထားမှုအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတား၊ ရေမြောင်း၊ မြေထိန်းနံရံ တည်ဆောက်ရန် စီမံကိန်း ၁၀၃ ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတား၊ ရေမြောင်း၊ မြေထိန်းနံရံ လုပ်ငန်း စီမံကိန်း ၁၀၅ ခု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတား၊ ရေမြောင်း၊ မြေထိန်းနံရံတည်ဆောက်ရန် စီမံကိန်း ၈၅ ခု၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတား၊ ရေမြောင်း၊ မြေထိန်းနံရံတည်ဆောက်ရန် စီမံကိန်း ၇၂ ခု ကို ရေးဆွဲထားကြောင်း ကလေးမြို့ စည်ပင်သာယာရေးကော်မတီထံမှသိရသည်။

■




ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အခြေစိုက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏အစီအစဉ်ဖြင့် ဧပြီ၂၄ရက် နံနက်ပိုင်းက မြို့မဈေးကြီးရှေ့ မီးသတ်ဦးစီးဌာနအနီးတွင် တန်ဖိုးသင့် ဟင်းနှင့် စားသောက်ကုန်များ ရောင်းချခဲ့သည်။

ဒေသခံပြည်သူများ အာဟာရပြည့်ဝသည့် ထမင်းဟင်းများကို တန်ဖိုးသင့်စွာဖြင့် ဝယ်ယူစားသောက်နိုင်ရန်အတွက် မတ်လမှ စတင် ရောင်းချပေးနေကြောင်း၊ အသားငါးများ အပါအဝင် အသီးအရွက်ဟင်းများပါဝင်သည့် တန်ဖိုးသင့်ထမင်းဟင်းတစ်ပွဲလျှင် ၄၀၀ကျပ်ဖြင့် ရောင်းချပေးနေပြီး အသင်းအဖွဲ့ များနှင့် ဝန်ထမ်းများအပါအဝင် မည်သူမဆို အော်ဒါမှာယူပါကလည်း လက်ခံရောင်းချပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# NEWS IN BRIEF

## ကချင်အမျိုးသားမူးယစ်တိုက်ဖျက်ရေးနေ့ မနောကွင်းတွင် ကျင်းပမည်

ကချင်အမျိုးသား မူးယစ်တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဧပြီလ ၂၅ ရက်နေ့တွင် စီတာပူမနောကွင်း၌ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်နှင့် ဆမားမြို့နယ်တို့စုပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း ယင်းအခမ်းအနားဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

အဆိုပါပွဲတွင် ကချင်လူမျိုးအားလုံးပါဝင်နိုင်ရန်စီစဉ်ထားပြီး စုရပ်များကိုလည်းနေရာ ၇ ခုသတ်မှတ်ထားကာ လူစု၍ မနောကွင်းသို့ နံနက် ၈ နာရီမှ ချီတက်၍ ဆုတောင်းခြင်းအခမ်းအနားကို ပြုလုပ်မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

ယင်းအခမ်းအနားတွင် ဘာသာပေါင်းစုံ မှ ဆရာများကဦးဆောင်ကာ ဝတ်ပြု ဆုတောင်းခြင်းအပြင် ကချင်အမျိုးသား မူးယစ်တိုက်ဖျက်ရေး အစီရင်ခံစာဖတ်ကြားခြင်းနှင့် သက်သေခံခြင်းအပြင် မူးယစ် ဆေးဝါးတိုက်ဖျက်ရေး ပညာပေးပြခန်း များလည်း ပါဝင်ပြသထားမည်ဖြစ်ကြောင်း ယင်းအခမ်းအနား ဖြစ်မြောက်ရေးကော်မတီမှ ဦးဒေါင်ခေါင်က ပြောကြားသည်။

ကချင်လူထု မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (Pat Jasan) အဖွဲ့၏ ကချင်အမျိုးသားမူးယစ်တိုက်ဖျက်ရေးနေ့အခမ်းအနားကို ၂၀၁၄ ခုနှစ်မှစတင်ကျင်းပလာခဲ့ပြီး ယခုနှစ်သည် လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။ ■ R-06

## ကားနှင့် ဆိုင်ကယ်တိုက်၊ နှစ်ဦးသေ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း သွားဖွား သင်တန်းကျောင်းရှေ့တွင် ဧပြီလ ၂၂ ရက် ညပိုင်းက ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိရာမှ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း တောင်ငူမြို့မ ရဲစခန်းထံမှ သိရသည်။

အသက် ၂၁ နှစ်အရွယ် ကိုစောဂူဂေ မောင်းလာသော ကိုယ်ပိုင်ယာဉ်က ရှေ့တွင် မောင်းနှင်လာသော မော်တော်ယာဉ်ကို ကျော်တက်ရာ တစ်ဖက်ယာဉ်ကြောတွင် ဦးထွန်းထွန်း (၄၁နှစ်) နှင့် ကျော်ကျော်တို့က စီးနင်းလာသော ဆိုင်ကယ်ကို တိုက်မိရာမှ ဆိုင်ကယ် စီးလာသော အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကိုယ်ပိုင်ယာဉ်မောင်းကို ရာဇသတ်ကြီးပုဒ်မ ၃၀၄- ကဖြင့် အမှုဖွင့်ထားကြောင်း တောင်ငူခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။ ■ R-15

# ခရီးသည်တင်ယာဉ်နှင့် ကုန်ကားတိုက်၊ တစ်ဦးသေဆုံးကာ ၁၃ ဦးဒဏ်ရာရ

**မိတ္ထီလာ၊ ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အရှေ့ဘက်ခုနစ်မိုင်အကွာရှိ ပျဉ်သာကျေးရွာအနီး မိတ္ထီလာမြို့ရှောင်လမ်းပိုင်းနှင့် မိတ္ထီလာ- တောင်ကြီး လမ်းဆုံတွင် ဧပြီလ ၂၄ ရက်နေ့ နံနက်က ခရီးသည်တင်ကားနှင့် ကုန်တင်ကားတိုက်မိရာတွင် အမျိုးသားတစ်ဦးသေဆုံးပြီး ၁၃ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကူညီဆောင်ရွက်ပေးခဲ့သည့်ရန်အောင်မြင်လူမှုကူညီရေးအသင်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့နံနက် ၁ နာရီခွဲက တောင်ကြီးမှ မိတ္ထီလာဘက်သို့ ယာဉ်မောင်း မျိုးမြင့်ဟန်မောင်းနှင်လာသည့် အဖြူရောင် ဟိုက်အေ့စ်ခရီးသည်တင်ကားနှင့် မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အိုက်ငွေ ၂၂ ဘီးယာဉ်တို့တိုက်မိခဲ့ရာ ခရီးသည်တင်ကားပေါ်မှ အသက် ၄၅ နှစ် အရွယ်ရှိ အမည်မသိအမျိုးသားတစ်ဦးနေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်းနှစ်ဦးအပါအဝင် ခရီးသည် ၁၃ ဦးကို မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ တင်ပို့လိုက်ရကြောင်း မြို့မရဲစခန်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါ လမ်းဆုံနေရာအနီးတွင် ယခင်ကလည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ဖူးပြီး လမ်းဆုံနေရာတွင် အချက်ပြမီး၊ အရှိန်လျှော့ကုန်းများလည်း မရှိသေးကြောင်း၊ သို့ဖြစ်၍ လမ်းနှစ်လမ်းစလုံးပေါ်မှ ယာဉ်မောင်းများကလည်း မိမိတို့၏ လမ်းကြောအမှန်ဟုသာယူဆပြီး အမြန်မောင်းလေ့ရှိကြောင်း မြို့မရဲစခန်းမှ အရာရှိတစ်ဦးက ပြောဆိုသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှစ်ဦးကို နယ်မြေခံ မြို့မရဲစခန်းက ယာဉ် (ပ)၂၅/ ၂၀၁၇၊ ပုဒ်မ၃၀၄(က)/ ၃၃၇/ ၃၃၈ အရ အမှုဖွင့် အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

■

R-01

## လမ်း ၅၀ တွင် အနုကြမ်းစီးမှု မသင်္ကာသူ အယောက် ၆၀ ကျော် စစ်ဆေး

**ရန်ကုန်၊ ဧပြီ ၂၄**

ဗိုလ်တထောင်မြို့နယ်၊ လမ်း ၅၀ (အောက်ဘလောက်)၊ ငါးလွှာတိုက်ခန်းရှိ ကုမ္ပဏီပိုင်ရှင်တစ်ဦး အနုကြမ်းစီးခံရမှုနှင့်ပတ်သက်၍ မသင်္ကာသူ အယောက် ၆၀ ကျော်ကို ခေါ်စစ်ဆေးပြီး ဖြစ်သော်လည်း ပြစ်မှုကျူးလွန်သူဟု ယူဆရသူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ကုမ္ပဏီဝန်ထမ်းတွေနဲ့ အခြားသံသယရှိသူတွေအားလုံးကို ခေါ်စစ်ဆေးပြီးပါပြီ၊ ဒါပေမဲ့ လုယက်မှု ကျူးလွန်တဲ့ တရားခံနှစ်ယောက်ကိုတော့ မမိသေးဘူး" ဟု ရဲအရာရှိ တစ်ဦးက ဆိုသည်။

အနုကြမ်းစီးခံရသည့် New Wave Service Co.,Ltd ရုံးခန်းတွင် မတ်လ ၂၁ ရက် နံနက် ၈ နာရီက ကုမ္ပဏီ ပိုင်ရှင်ဖြစ်သူ အသက် ၇၀ အရွယ် ဦးမင်းဆွေ တစ်ဦးတည်းရှိနေချိန် အနက်ရောင်အဝတ်စများ မျက်နှာစည်းထားသည့် လူငယ်နှစ်ဦးက ၎င်းကို ဓားဖြင့်တိုက်ခိုက်၍ တိပ်များဖြင့်ပတ်ချုပ်နှောင်ပြီး ငွေကျပ် နှစ်သိန်းပါ ပိုက်ဆံအိတ် တစ်လုံးနှင့် ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို လုယက်ခဲ့သည်။

"အန်ကယ်က ရုံးခန်းတံခါးကို အတွင်းက လော့ခ်ချပြီး တရားထိုင်နေချိန် လုယက်မှု ကျူးလွန်သူတွေက သော့အတုနဲ့ ရုံးခန်းတံခါးသော့ ဖွင့်ပြီး ဝင်လာတာ၊ အန်ကယ့်ကို ဓားနဲ့ထောက်ချိန် ဓားဆွဲလုပြီး ပြန်သတ်ပုတ်ခဲ့ရာက ဒဏ်ရာတွေ ရခဲ့တယ်၊ သူတို့က အန်ကယ့်ပါးစပ်ကို တိပ်အနက်နဲ့ပတ်ပြီး လက်နဲ့ ခြေထောက်ကိုပါ တိပ်နဲ့ပတ်ချည်သွားတယ်၊ လုယက်မှု ကျူးလွန်တဲ့နှစ်ယောက်က ငယ်ငယ်လေးတွေပါ" ဟု ဦးမင်းဆွေက ပြောကြားသည်။

ယင်းအနုကြမ်းစီးသူနှစ်ဦးမှာ မျက်နှာဖုံးစွပ်ထားသော်လည်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ကနဦး စစ်ဆေးချက်များအရ သိရှိရပြီး ၎င်းတို့၏ ရုပ်ပုံများကို လမ်း ၅၀ ကွန်ဒိုတွင် တပ်ဆင်ထားသည့် CCTV မှတ်တမ်းများမှ ရရှိထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားဖြင့်တိုက်ခိုက်ပြီး အနုကြမ်းစီးခံရသော ကုမ္ပဏီပိုင်ရှင် ဦးမင်းဆွေမှာ တပ်မတော်မှ ဗိုလ်ကြီးအဆင့် ရာထူးဖြင့် အငြိမ်းစားယူထားသူ တစ်ဦးဖြစ်ပြီး လုယက်မှုကျူးလွန်ခဲ့သည့် အမည်မသိစုံတွဲကို ဗိုလ်တထောင် မြို့မ ရဲစခန်းက (ပ) ၅၅/ ၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေသည်။

■ S-03

## တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ စွန့်ပစ်ခဲ့သူကို မမိသေးဟုဆို

**ရန်ကုန်၊ ဧပြီ ၂၄**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၇) ရပ်ကွက်၊ ရဿာရုံလမ်းရှိ နေအိမ်တစ်လုံးတွင် ကျပ်သိန်း ၁၃၀၀ ရှိ တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ စွန့်ပစ်ခဲ့သည့် အမျိုးသားကို ယနေ့အချိန်ထိ ဖမ်းဆီးရမိခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါစုံစမ်းရှာဖွေနေသူမှာ အသက် ၂၇ နှစ်အရွယ် ကိုသိန်းကျော်ဖြစ်ပြီး ၎င်းငှားရမ်းနေထိုင်ခဲ့သည့် နေအိမ်အတွင်းမှအမည်းရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသည့် တစ်သောင်းကျပ်တန် ငွေစက္ကူအတု ကျပ်သိန်း ၁၃၀၀ ကို မတ်လ ၉ ရက် ညနေပိုင်းတွင် အိမ်ရှင်ဖြစ်သူက အိမ်လာရှင်းစဉ် တွေ့ရှိခဲ့ကြောင်း စီအိုင်ဒီမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ငွေစက္ကူအတုတွေ ထားခဲ့တဲ့ အိမ်ငှားအမျိုးသားကို စစ်ဆေးမေးမြန်းဖို့ နယ်မြေရဲတပ်ဖွဲ့နဲ့ စီအိုင်ဒီ ပူးပေါင်းစုံစမ်းရှာဖွေနေပါတယ်၊ ရန်ကုန်မှာ ငွေအတုဖမ်းမိတာ ဒီအမှုက စံချိန်တင်ဖြစ်ပြီး နောက်ကွယ်မှာ ငွေတုဂိုဏ်းနဲ့ ပတ်သက်ဆက်နွယ်မှု ရှိနိုင်တယ်လို့ ယူဆရတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါငွေစက္ကူအတုများ တွေ့ရှိခဲ့သည့် နေအိမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က အိမ်ငှားခ တစ်လလျှင် ကျပ်ရှစ်သောင်းဖြင့် ကိုသိန်းဇော်က ခြောက်လ ငှားရမ်းခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလက ၎င်းမှာ အိမ်နီးချင်းများကို နှုတ်ဆက်၍ ပြောင်းရွှေ့သွားခဲ့သည်။

အိမ်ငှားဆင်းသွားကြောင်း ပတ်ဝန်းကျင်မှ အိမ်ရှင်ဖြစ်သူ ရန်ကင်းမြို့နယ်၊ (၉) ရပ်ကွက်၊ ထင်းရှူးမြိုင်လမ်းတွင် နေထိုင်သော အသက် ၆၆ နှစ်အရွယ် အိမ်ရှင်အမျိုးသားထံ အကြောင်းကြားခဲ့သောကြောင့် မတ်လ ၉ ရက်နေ့က အိမ်သန့်ရှင်းရေးလာလုပ်စဉ် ယင်းငွေစက္ကူအတုများကို အိပ်ခန်းခုတင်အောက်တွင် တွေ့ရှိခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ သိရသည်။

■ S-03

## ဆိုင်ကယ်ကယ်ရီ လိုက်ပို့ရာမှ စကားများရန်ဖြစ်ပြီး ချွန်ထက်သောအရာဖြင့် ထိုးသွင်းခံရ

**ရန်ကုန်၊ ဧပြီ ၂၄**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၈၉)ရပ်ကွက်၊ ဦးဖိုးလှိုင်လမ်း (ချစ်သူလမ်းကြား) အနီးတွင် ဧပြီလ ၂၂ ရက် ညပိုင်းက ဆိုင်ကယ်ကယ်ရီလိုက်ပို့ရာမှ စကားများရန်ဖြစ်ပြီး အသက် ၃၀ အရွယ် အမျိုးသားတစ်ဦး ချွန်ထက်သောအရာဖြင့် ထိုးသွင်းခံခဲ့ရကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၉) ရပ်ကွက်၊ အင်းဝလမ်းတွင် နေထိုင်သူ ကိုဇော်လင်းထက်သည် ယင်းနေ့က အလုပ်ဆင်းပြီး ဆိုင်ကယ်ဖြင့်ပြန်လာစဉ် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ စာဥမှတ်တိုင်အနီး၊ အမည်မသိအမျိုးသားနှစ်ဦးက ဆိုင်ကယ် ကယ်ရီပို့ဆောင်ပေးရန် ငှားရမ်းခဲ့ကြောင်း၊ ယင်းသို့ငှားရမ်းသဖြင့်လိုက်ပါပို့ဆောင်စဉ် စကားများရန်ဖြစ်ပြီး ချွန်ထက်သောအရာဖြင့် ထိုးသွင်းခံခဲ့ရခြင်း ဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူက ဒဂုံတောင်မှာရှိတဲ့ ကားအင်ဂျင်ပြုပြင်ရောင်းဝယ်ရေးလုပ်ငန်းက အလုပ်သမားပါ၊ အလုပ်ဆင်းပြီး အိမ်ပြန်လာတဲ့အချိန်မှာ ကျူးလွန်သွားတဲ့ အမျိုးသားနှစ်ဦးက ကယ်ရီပို့ပေးဖို့ ငှားတာနဲ့ လိုက်ပို့ပေးတာပါ၊ သူက ဒီမှာနေတာမဟုတ်တော့ လမ်းမသိဘူး၊ လမ်းပြပေးဖို့ပြောတယ်၊ အခင်းဖြစ်တဲ့နေရာရောက်တော့ ငှားတဲ့သူနှစ်ဦးက လမ်းကို အတိအကျ မပြောနိုင်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး စကားများရန်ဖြစ်တာလို့ သိရပါတယ်" ဟု ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါထိုးသွင်းခံရမှုကြောင့် ကိုဇော်လင်းထက်တွင် ညာပခုံးပြတ်ရှဒဏ်ရာ၊ ကျောကုန်းထိုးသွင်းဒဏ်ရာများ ရရှိကာ သဃ်န်းကျွန်း(စံပြ) ဆေးရုံကြီးသို့ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်တင်ပို့ကုသနေရသဖြင့် ပြစ်မှုကျူးလွန်သူ အမည်မသိအမျိုးသားနှစ်ဦးကို ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းက (ပ)၄၀၁/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ ■ J -16

## ဗဟန်းတရားရုံးတွင် အချုပ်သားတစ်ဦး ထွက်ပြေးလွတ်မြောက်

**ရန်ကုန်၊ ဧပြီ ၂၄**

ဗဟန်းမြို့နယ်တရားရုံးတွင် ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းက ခိုးမှုဖြင့် ဖမ်းဆီးခံထားရသော အသက် ၂၀ ဝန်းကျင်အရွယ် အချုပ်သားတစ်ဦးမှာ အိမ်သာတွင်ကာရံထားသည့် အမိုးကိုဖောက်ကာ ထွက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် နီးစပ်သူအသိုင်းအဝိုင်းထံမှ သိရသည်။

အဆိုပါအချုပ်ခန်းဖောက် ထွက်ပြေးသွားသူမှာ တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်သူ ကိုထွန်းအောင်ကျော်ဖြစ်ပြီး မြို့နယ်တရားသူကြီးတရားခွင်တွင် ရာကြီးအမှတ် ၅၃/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉ ဖြင့် တရားရင်ဆိုင်နေရသူဖြစ်ကြောင်း၊ ၎င်းမှာ တရားရုံးတွင်းရှိ အိမ်သာသို့သွားစဉ် အိမ်သာအမိုးနှင့်ကပ်ပြီး ကာထားသော အုတ်ခဲများကို ဖယ်ရှားပြီးထွက်ပြေးခြင်း ဖြစ်ကြောင်း သိရသည်။

"ထွက်ပြေးသွားတဲ့သူက ခိုးမှုနဲ့ စွဲထားတာပါ၊ အချုပ်ခန်းထဲကနေ မဟုတ်ဘူး၊ အိမ်သာကို သွားတဲ့အချိန်မှာ အမိုးကိုဖောက်ထွက်သွားတာ၊ သူ့အမှုတွဲက သုံးယောက်ပါ၊ ကျန်တဲ့နှစ်ယောက် ရှိသေးတယ်။ သူ့ကို လိုက်ဖမ်းနေပေမယ့် အခုထိဖမ်းမမိသေးပါဘူး" ဟု ရဲတပ်ဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

■ J -16

## မှုခင်းသတင်းတိုများ

■ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်ဝင်း လူပျိုဆောင်တွင် ဧပြီလ ၂၃ ရက် နံနက်ပိုင်းက အသက် ၂၃ နှစ်အရွယ် လေတပ်သား တစ်ဦး ကြိုးဆွဲချသေဆုံးခဲ့သဖြင့် ရုပ်အလောင်းကို အမှတ် (၁)တပ်မတော် ခုတင်တစ်ထောင်ဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိ နိုင်ရန် မင်္ဂလာဒုံမြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၈/၁၇ ဖြင့် ဖွင့်လှစ်စစ်ဆေးဆောင်လျက်ရှိကြောင်း သိရသည်။

■ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်အောင်ကျော်ကွန်တိန်နာဝင်းရှေ့ ကွန်ကရစ်လမ်းမကြီးပေါ်တွင် ၂၀၁၇ ခုနှစ်၊ မတ်လ ခန့်က ရပ်တန့်ထားသော ကွန်တိန်နာယာဉ် တစ်စီးပေါ်မှ ၁၂၀/ ၁၅၀ တံဆိပ်ပါ ဘက်ထရီအိုးလေးလုံးခိုးယူခဲ့ သည်ဟုဆိုသော အသက် ၂၁ နှစ်အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းမှ (ပ)၈၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် ဧပြီလ ၂၂ ရက်နေ့တွင် ဖမ်းဆီးအမှုဖွင့်အရေးယူထားသည်။

■ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၈၈)ရပ်ကွက်၊ မဏ္ဍရာမင်းကြီးလမ်းတွင် ဧပြီလ ၂၃ ရက် ညနေပိုင်းက အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦး မှာ အရက်သေစာသောက်စားမူးယစ်ပြီး ပြင်ပဒဏ်ရာမတွေ့ရဘဲ မြေပြင်ပေါ်တွင် မှောက်လျက်အနေအထားသေဆုံးသွားသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်သိရှိ နိုင်ရန် ယင်းမြို့မရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိသည်။

■ လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကုန်-ပုသိမ်လမ်းမပေါ်တွင် ဧပြီလ ၂၃ ရက် ညပိုင်းက အရိုးအ သွား ၁၅ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းအား ကိုင်ဆောင်ကာ ရမ်းကားနေသည့် အသက် ၂၃ နှစ်အရွယ် ကိုအောင်စိုးမိုးကို ဖမ်းဆီးပြီးလှိုင်သာယာမြို့မရဲစခန်းမှ တရားမဝင်လက်နက်ကိုင်ဆောင်မှုဥပဒေပုဒ်မ ၁၉(င) ဖြင့် အမှုဖွင့်အရေးယူထားသည်။

■ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်းရှိ နေအိမ်တစ်လုံးတွင် ငှားရမ်းနေထိုင်သည့်အသက် ၄၀ အရွယ် အငှားယာဉ်မောင်းတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ ခုတင်ပေါ်တွင်ပက်လက်အနေအထား သေဆုံးကြောင်းတွေ့ရှိရသဖြင့် ရုပ်အလောင်းအား သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိနိုင်ရန် သုဝဏ္ဏနယ်မြေရဲခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိသည်။

J -16

The VOICE Daily

CARTOON




ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## မျက်နှာဖုံး - NCA စာချုပ်ကို စကားလုံးပြောင်းလဲပြင်ဆင်ရန်ပင် လက်ခံမည်ဟုတ် မှ အဆက်

ဆက်လက်ပြီး အကောင်အထည်ဖော်ပေးဖို့တိုက်တွန်းလိုပါတယ်” ဟု ဒုတပ်ချုပ်က ဆိုသည်။

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ဧပြီ ၂၄ ရက်နေ့က ၂၁ ရာစု ပင်လုံညီလာခံ ဆက်လက်ကျင်းပရေးအပါအဝင် NCA စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ပြုလုပ်ခဲ့ရာ နိုင်ငံတော်အတိုင်ပင်ခံ (အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ) ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော တပ်မတော်အရာရှိကြီးများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

“အန်စီအေဟာ ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ချခိုင်းတဲ့အချက် မဟုတ်ပါဘူး။ ဒါက လူတိုင်းသိပါတယ်။ သို့သော်လည်းပဲ တချို့အဖွဲ့အစည်းများက နားလည်မှုလွဲနေတာက NCA လက်မှတ်ထိုးခြင်းသည် လက်နက်ချခိုင်းတယ်ဆိုတဲ့ အယူအဆတွေ ရှိပါတယ်။ ဒါတွေကို နားမလည်သေးတဲ့ အဖွဲ့ရော၊ နားလည်ပြီးတော့မှ နားမလည်ချင်ယောင်ဆောင်တဲ့ အဖွဲ့တွေရော သိအောင်လို့ ကျွန်တော်တို့ လက်မှတ်ထိုးပြီးသား တိုင်းရင်းသားခေါင်းဆောင်ကြီးများက တစ်ဆင့်စကား တစ်ဆင့်ကြားအောင် ကိုယ်တိုင်ဖြစ်စေ၊ အဖွဲ့အစည်းနဲ့ဖြစ်စေ တိုက်တွန်းပေးစေလိုကြောင်း ပြောလိုပါတယ်” ဟု ဒုတပ်ချုပ်ကဆိုသည်။

JICM အစည်းအဝေးမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုအကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်အမြင့်ဆုံးအစည်းအဝေးတစ်ရပ်ဖြစ်ပြီး ယင်းအစည်းအဝေးမှတစ်ဆင့် ငြိမ်းချမ်းရေးညီလာခံနှင့် အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းစဉ်များကို ကြီးကြပ်ရသည်။

အဆိုပါအစည်းအဝေးတွင် မေလ ၂၄ ရက်နေ့၌ အစိုးရသစ်၏ ဒုတိယအကြိမ်ပင်လုံညီလာခံကို ၅ ရက်ကြာ ကျင်းပရန်ဆုံးဖြတ်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များကို ဖိတ်ကြားမည်ဖြစ်ကြောင်း သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မီဒီယာများကိုပြောကြားသည်။

JICM အစည်းအဝေးကို ၂၁ ရာစုပင်လုံညီလာခံ ပထမအကြိမ်မကျင်းပမီက တစ်ကြိမ်ပြုလုပ်ခဲ့ဖူးပြီး ယင်းအစည်းအဝေးသို့ ဒေါ်အောင်ဆန်းစုကြည် မတက်ရောက်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်အချို့က နောက်ထပ် JICM အစည်းအဝေးများတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ရန် တောင်းဆိုခဲ့ဖူးသည်။ ■S-01

## မျက်နှာဖုံး - မိုင်းတွမ်းတွင် လေပြင်းတိုက်၊ အိမ် ၆၀ ကျော် ပျက်စီး မှ အဆက်

လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းတွမ်းမြို့အတွင်းရှိ ဖားမိုက်၊ ဟွေမော်၊ မယ်ကြုတ်နှင့် လွယ်ပါရင်(၂) ကျေးရွာတို့ရှိလူနေအိမ် ၆၃လုံး အမိုးလန်ခဲ့ရာ သွပ်အချပ်ရေ ၅၄၆၂ ချပ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ဧပြီလ ၂၃ရက်နေ့က လေပြင်းတိုက်လို့မိုင်းတွမ်းမြို့က ကျေးရွာတွေမှာ အိမ်ခြေ ၆၃ လုံးပျက်စီးခဲ့သလို ဧပြီလ ၂၂ ရက်နေ့ကလည်း အခြားရွာမှာလေပြင်းတိုက်လို့စာသင်ကျောင်း၊ မီးသတ်ရုံး၊ ဘုန်းကြီးကျောင်းနဲ့ လူနေအိမ်နှစ်လုံးပျက်စီးတယ်လို့သိရတယ်၊ ကယ်ဆယ်ရေးပစ္စည်းတွေ အပါအဝင်တစ်အိမ်ကို ကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးဖို့ အခုသွားနေပါတယ်” ဟု ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဦးစီးဌာနမှူး ဦးမြင့်အောင်က ပြောဆိုသည်။

မိုင်းတွမ်းမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် မယ်ကြုတ်ကျေးရွာရှိ နေအိမ်၃၅လုံး၊ ဟွေမော်ကျေးရွာရှိ နေအိမ် ၁၁ လုံး၊ လွယ်ပါရင်ကျေးရွာရှိ နေအိမ် ၁၀ လုံးနှင့် ဖားမိုက်ကျေးရွာရှိ နေအိမ်၇လုံးပျက်စီးခဲ့ရာ လူဦးရေ ၂၀၆ ဦး လေဘေးသင့်ခဲ့ပြီး နီးစပ်ရာဆွေမျိုးများအိမ်၌ နေထိုင်နေရကြောင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ■ R-16

## မျက်နှာဖုံး - လွှတ်တော်တွင် YBS ကိစ္စ ဆွေးနွေးသည့်ရက် ဝန်ကြီးချုပ် မှ အဆက်

သို့တက်ရောက်ခြင်းမရှိဘဲ တာဝန်ထမ်းဆောင်စရာရှိသည်ဟုဆိုကာ ခွင့်ယူခဲ့ခြင်းဖြစ်သည်။

YBS ယာဉ်လိုင်းစနစ်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က အကြံပြုတင်ပြထားသော စနစ်မဟုတ်ကြောင်း ဖေဖော်ဝါရီလ ၇ ရက်က မြန်မာ နိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ဂျပန်စီးပွားရေးသံမှူး Mr. Hideaki Matsuo က ပြောကြားထားသကဲ့သို့ရန်ကုန်မြို့၏ခရီးသည်သယ်ယူပို့ဆောင်မှုကိုဝန်ဆောင်မှုပေးနေ သည့်YBS (Yangon Bus Services)စနစ် တစ်ခုလုံးမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏စီမံ ဆောင် ရွက် ချက် သာ ဖြစ် ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင် က ယခုနှစ်ဖေဖော်ဝါရီလက အတည်ပြုပြောဆိုခဲ့သည်။

အင်းစိန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က YBS ဝန်ဆောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းအတွင်း အများပိုင်သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုကောင်းမွန်လာစေရေးတိုက်တွန်းသည့်အဆိုကို ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ဧပြီလ ၂၄ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးထိ ဝင်ရောက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု အပြီးတွင် အစိုးရအဖွဲ့က YBS နှင့် ပတ်သက်၍ လွှတ်တော်သို့ လာရောက်ရှင်းလင်းခဲ့ခြင်း မရှိဘဲ အဆိုနှင့်ပတ်သက်၍ ဧပြီလ ၂၇ ရက်မှ ပြန်လည်ရှင်းလင်းပေးမည်ဟု ရန်ကုန်တိုင်း လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ယင်းအပြင် ရန်ကုန်တိုင်းဝန်ကြီးချုပ်က YBS နှင့်ပတ်သက်၍ တာဝန်ပေးထားသည့် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုးလည်း အဆိုပါအစည်းအဝေးသို့တက်ရောက်ခြင်း မရှိဘဲ ခွင့်မဲ့ပျက်ကွက်ခဲ့ ကြောင်း၊ ထိုဆွေးနွေးပွဲတွင် အစိုးရအဖွဲ့အတွင်း၌ ဒေါ်နီလာကျော်တစ်ဦးတည်းသာ ရှိနေကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျက ပြောကြားသည်။

“ကျွန်တော်တို့ ဒီဆွေးနွေးမှုတွေမှာ တာဝန်ရှိတဲ့သူတွေ ရှိသင့်တာပေါ့” ဟု ၎င်းက ဆိုသည်။

အစည်းအဝေးတွင် YBS ပြေးဆွဲသည့် ဝန်ဆောင်မှု အားနည်းချက်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

YBS ယာဉ်လိုင်း မလုံလောက်ခြင်း၊ ကြိုတင်ပြင်ဆင်မှု အားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ ယာဉ်ကြံ့ခိုင်မှုအခြေအနေ၊ YBS စနစ် ဖော်ဆောင်မှုတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးကြသည်။

လက်ရှိ YBS ပြောင်းလဲမှုသည် မ.ထ.သ မှ YBS သို့ အမည်ပြောင်းလဲရုံသာဖြစ်ပြီး ထူးခြားမှု တစ်စုံတစ်ရာ မရှိကြောင်း ပြောင်းလဲမှု စတင်ကတည်းက မူဝါဒကို သေချာညှိနှိုင်းမှု မရှိခဲ့ခြင်းကြောင့် အားနည်းချက်များ ဖြစ်ပွားခဲ့ကြောင်း ကျောက်တံတားမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောကြားသည်။

“လုပ်ရပ်က စေတနာတော့မှန်ပေမယ့် နည်းလမ်းမှားနေတယ်။ ဒီပြဿနာကြောင့် ခရီးသွား နှစ်သန်းခွဲကျော်လောက် နစ်နာနေရပါတယ်” ဟု ၎င်းကဆိုသည်။

ထို့ပြင် ပုဇွန်တောင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်ကလည်း လက်ရှိတွင် YBS ၏ မူလစတင်ခဲ့သည့်စနစ်သည် ပျက်စီးသွားပြီဖြစ်ပြီး ယခင်အများပိုင်စနစ်မှ ကိုယ်ရကိုယ်ယူစနစ်ဖြင့်လုပ်ဆောင်နေကြသည်ကိုတွေ့မြင်ရကြောင်း လွှတ်တော်တွင် ဝေဖန်သည်။

“YBS မျက်နှာဖုံးက ကွာကျသွားပြီ အရင်မထသအတိုင်းဖြစ်နေပါပြီ” ဟု ၎င်းက ဆိုသည်။

တိုင်းအစိုးရသစ် လက်ထက် ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့YRTA သည် မ.ထ.သကို ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၅ ရက်က ဖျက်သိမ်းခဲ့ပြီး YBS ယာဉ်လိုင်း အဖြစ် ယာဉ်လိုင်းပေါင်း ၆၀ခန့်ဖြင့် ဇန်နဝါရီလ ၁၆ ရက်တွင် ပြေးဆွဲခဲ့သည်။ ■ J08

The VOICE Daily CARTOON



## စာ - 18 “တရုတ်လွှမ်းမိုးမှုအောက်က မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် (အပိုင်း ၁)” မှ အဆက်

၁၉၆၀ ပြည့်နှစ်က ချုပ်ဆိုခဲ့သော နယ်စပ်ဒေသဆိုင်ရာ သဘောတူညီချက်စာချုပ်မှာ ဗြိတိသျှကိုလိုနီအစိုးရက သတ်မှတ်ပြဋ္ဌာန်းခဲ့သော ၁၉၄၁ နယ်စည်းသတ်မှတ်မှုပြဋ္ဌာန်းချက်နှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ အငြင်းပွားမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက တရားမဝင်လက်သင့်ခံပြီးနောက် အဆုံးသတ်ခဲ့ရသည်။ သို့တိုင်အောင် ဤအစီရင်ခံစာအတွက် ယူနန်ပြည်နယ်တွင် တွေ့ဆုံမေးမြန်းခံရသော ဒေသခံများ၏ ဖွင့်ဟညွှန်းဆိုမှုများအရ ဘေဂျင်းကွန်မြူနစ်အစိုးရက နိုင်ငံရေး အသိအမှတ်ပြုမှုနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် အလဲအထပ်သဘောမျိုးဖြင့် ရှေးယခင်ကတည်းက ရှိခဲ့သော တရုတ်နိုင်ငံနယ်နိမိတ်အား စွန့်လွှတ်ခဲ့မှုအပေါ် ဒေသခံတရုတ်လူမျိုးများနှင့် တရုတ်နွယ်တိုင်းရင်းသားလူမျိုးများအကြား မကျေမနပ်ဖြစ်မှုမှာ အခိုင်အမာရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် တွေ့ဆုံမေးမြန်းခံရသူများ အဆိုအရ ၁၉၆၀ နယ်စပ်ဒေသဆိုင်ရာ သဘောတူညီချက်မှာ တရားမျှတမှုမရှိသော ၁၉၄၁ နယ်စည်းသတ်မှတ်မှုကို တရားဝင်အသိအမှတ်ပြုခြင်းသာဖြစ်သည်ဟု ဒေသခံအတော်များများက ရှုမြင်ကြသည်။ ဆိုလိုသည်မှာ ၁၉၄၁ နယ်စည်းသတ်မှတ်မှုမှာ ဒုတိယကမ္ဘာစစ်အတွင်း (ဗြိတိသျှကိုလိုနီအစိုးရလက်ထက်) တရုတ်ပြည်၏ ပျော့ကွက်ရှိသော စေ့စပ်ညှိနှိုင်းမှု အနေအထားအပေါ် အသာစီးယူ အမြတ်ထုတ်မှုတစ်ခုဖြစ်သည်ဟု ၎င်းတို့က ရှုမြင်ကြခြင်းဖြစ်သည်။

တရုတ်ဘက်က လက်လွှတ်ဆုံးရှုံးနေရသည်ဟူသော သဘောထားအမြင်မှာ ပြင်းပြင်းထန်ထန်ရှိနေသည်။ သို့သော် တိုင်းရင်းသားမျိုးနွယ်စုတော်စပ်ပုံအရ ရှိနေခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါဒေသများတွင် နေထိုင်သူဒေသခံအတော်များများသည် မြန်မာနိုင်ငံသားအဖြစ်ခံယူထားခြင်းမရှိရာ ယင်းသဘောထားအမြင်ကို ပိုမိုအားကောင်းလျက်ရှိစေသည်။ ယင်းသို့ နိုင်ငံသားအဖြစ် မခံယူကြခြင်းမှာလည်း ယင်းဒေသများသည် မြန်မာဗဟိုအစိုးရ (နေပြည်တော်)၏အုပ်ချုပ်မှုအောက်တွင် မရှိသောကြောင့်ဖြစ်သည်။ အလားတူပင် သေချာသည့်အချက်တစ်ခုမှာ ဗမာလူမျိုးတို့၏ သဘောထားအမြင်တွင်လည်း အဆိုပါနယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများကို မြန်မာနိုင်ငံနှင့် သက်ဆိုင်မှုရှိသူများအဖြစ် သတ်မှတ်လေ့မရှိကြပေ။ နယ်စည်းပိုင်းခြားသတ်မှတ်မှု အမြဲထာဝရဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းက တိုင်းရင်းသားမျိုးနွယ်စုများကို ဤနိုင်ငံသား၊ အခြားနိုင်ငံသားဟူ၍ ခွဲခြားသတ်မှတ်ပစ်လိုက်သလိုဖြစ်စေခဲ့လေသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် နေထိုင်သူအများစုသည် တရုတ်နိုင်ငံဘက် နယ်စပ်ဒေသတွင် နေထိုင်သူများနှင့် တူညီသော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည်။ ဥပမာအားဖြင့် မြန်မာ ကချင်လူမျိုးနှင့် တရုတ်ဂျင်းဖောတို့မှာ တူညီကြသည်။ ‘ဝ’ လူမျိုးတို့မှာလည်း မြန်မာပြည်ဘက်တွင် နေသူများရှိသလို တရုတ်ဘက်တွင် နေထိုင်သူများလည်း ရှိကြသည်။ ၎င်းတို့သည် တူညီသောဘာသာစကားကို ပြောဆိုကြသလို ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာတို့လည်း တူညီကြသည်။ နီးကပ်သည့်ဆက်ဆံရေးရှိကြသလို ချစ်ကြည်ရင်းနှီးမှုလည်း ရှိကြပေသည်။ တရားဝင်သတ်မှတ်ထားသော နယ်ခြားစည်းမျဉ်းမှာ ၎င်းတို့အတွက်ကြီးမားသည့်အဟန့်အတားမျိုး မဖြစ်တော့ပေ။

၎င်းတို့၏ သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုသည် ယဉ်ကျေးမှုတော်လှန်ရေးကာလ၊ တရုတ်နိုင်ငံက ပုန်ကန်တော်လှန်မှုကို ပြည်ပသို့ရောက်အောင် လုပ်ဆောင်သည့် နိုင်ငံခြားရေးမူဝါဒကျင့်သုံးခဲ့စဉ် မြန်မာပြည်မြောက်ပိုင်း၌ ဩဇာလွှမ်းမိုးခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) ကြောင့် ပိုမိုရှုပ်ထွေးခဲ့ရသည်။ တရုတ်နိုင်ငံသည် ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် ထောက်ပံ့မှုများအား ၁၉၈၀ ပြည့်နှစ်များတွင် ရပ်ဆိုင်းပစ်လိုက်ရာ ယင်းပါတီပြိုကွဲမှုက မတူညီသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပေါ်ထွန်းစေခဲ့သည်။ (ဥပမာ- ‘ဝ’ နှင့် ကိုးကန့်တပ်ဖွဲ့တို့ဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခံရသော ဒေသခံများ၏အဆိုအရ သိရသည်) အဆိုပါလက်နက်ကိုင်အုပ်စုများက တရုတ်နိုင်ငံတွင်းရှိ ၎င်းတို့၏ မျိုးနွယ်စုများ၊ ဆွေမျိုးပေါက်ဖော်များ၊ ကူညီပံ့ပိုးပေးသူများနှင့် နီးကပ်သော ဆက်ဆံရေးများကို တရားမဝင်သဘောဖြင့် ဆက်လက်ထူထောင်ထားလေတော့သည်။ ■

**ချွန်ထူးဟန်**

**(ဆက်လက်ဖော်ပြပါမည်။)**

# ဂါရတ်ဘေးလ် ကြွက်သားလုံး ဒဏ်ရာရရှိ၊ ရာမို့စ်နှင့် ပီကေးတို့ စကားအချေအတင်ဖြစ်

**မက်ဒရစ်၊ ဧပြီ ၂၄**

ရီးရဲလ်မက်ဒရစ်တိုက်စစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ဘာစီလိုနာက ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် အယ်လ်ကလပ်စီကိုဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပေါင်ကြွက်သားလုံး ထိခိုက်ဒဏ်ရာရသွားခဲ့သည့်အတွက် ဒဏ်ရာအခြေအနေကို စစ်ဆေးမှုများ ခံယူနေရပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

ဂါရတ်ဘေးလ်သည် ပွဲကစားချိန် ၃၉ မိနစ်တွင် ယင်းဒဏ်ရာကို ရသွားခဲ့ခြင်းဖြစ်ကာ ပွဲဆက်လက်ကစားရန် မဖြစ်နိုင်တော့သည့်အတွက် ၎င်းကို နည်းပြဇီဒန်းက အဆန်ဆီယိုနှင့် လူစားလဲလိုက်ရသည်။

ဂါရတ်ဘေးလ်သည် လက်ရှိဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်ကိုကိုယ်စားပြု၍ ပွဲစဉ်ပေါင်း ၂၅ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာ၌ သွင်းဂိုး ကိုးဂိုးရယူပေးနိုင်ခဲ့ကာ ယခုမတိုင်မီတွင်လည်း ပေါင်ကြွက်သားလုံး ဒဏ်ရာရရှိမှုကြောင့် ဂါရတ်ဘေးလ်မှာ ကာလအတန်ကြာ အနားယူခဲ့ရပြီးဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းဆေးအဖွဲ့ တာဝန်ရှိသူများသည် ဂါရတ်ဘေးလ်၏ ယခုတစ်ကြိမ် ထိခိုက်ဒဏ်ရာရရှိမှုမှာ ပြင်းထန်ခြင်းမရှိသည့်အတွက် ရက်အနည်းငယ်ခန့် အနားယူလိုက်ပါက သက်သာပျောက်ကင်းသွားလိမ့်မည်ဟု ခန့်မှန်းထားပြီး ၎င်းအနေနှင့် ဒဏ်ရာများ အဆက်မပြတ်ရရှိနေခြင်းကို အလွန်အမင်း စိတ်ပျက်မိကြောင်း ဂါရတ်ဘေးလ်က ဖွင့်ဟပြောကြားထားပြီလည်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းခေါင်းဆောင် ရာမို့စ်နှင့် ဘာစီလိုနာနောက်ခံလူ ပီကေးတို့သည် ရာမို့စ်အနီကတ်ပြသ ထုတ်ပယ်ခံလိုက်ရချိန်တွင် စကားအချေအတင် ဖြစ်ခဲ့ပြီး ၎င်းတို့နှစ်ဦး၏ပုဂ္ဂိုလ်ရေး မကျေလည်မှုများမှာ စပိန် လက်ရွေးစင်အသင်းအပေါ် ရိုက်ခတ်မှုများရှိလာမည်ကို တာဝန်ရှိသူများက စိုးရိမ်ပူပန်နေကြသည်။

ရာမို့စ်သည် ပွဲကစားချိန် ၇၇ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီကို ခြေစုံဝင် ဖျက်ထုတ်၍ ကြမ်းတမ်းစွာ လူချခဲ့ခြင်းကြောင့် အနီကတ်ပြသထုတ်ပယ်ခံလိုက်ရခြင်းဖြစ်ကာ ရာမို့စ်မှာ မက်ဆီကို ယင်းကဲ့သို့ လူချကစားရန်အတွက် နေအိမ်ကတည်းကပင် ကြိုတင်ကြံစည်လာခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဟု ပီကေးက စွပ်စွဲထားသည်။

ရာမို့စ်သည် ကွင်းပြင်သို့ ထွက်ခွာချိန်တွင် ပီကေးဘက်သို့လှည့်၍ လက်ခုပ်တီးလှောင်ပြောင်ခဲ့ကာ ယင်းလုပ်ရပ်မှာ ဒိုင်လူကြီးများကို ရည်ရွယ်ခြင်းမဟုတ်သည့်အတွက် ရာမို့စ်ကို နောက်ဆက်တွဲအရေးယူသွားမည်မဟုတ်ဟု လာလီဂါပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးကော်မတီ တာဝန်ရှိသူတစ်ဦးက ရှင်းပြထားသည်။

ရာမို့စ်သည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ၂၂ ကြိမ်မြောက် အနီကတ်ပြသ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကာ ၎င်းအနေနှင့် ပြိုင်ဘက်ကစားသမား နာကျင်သွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ထုတ်ကစားသည့် အပြုအမူကို မည်သည့်အခါကမျှ လုပ်ဆောင်ခဲ့ဖူးခြင်းမရှိပါကြောင်း ရာမို့စ်က ပြောကြားထားသည်။ ■ E-11





Marca

# ချင်းယူနိုက်တက်အသင်းက လက်ရွေးစင်ကစားသမားသန်းပိုင်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် စီစဉ်

**ရန်ကုန်၊ ဧပြီ ၂၄**

မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲဝင် ချင်းယူနိုက်တက်အသင်းအနေနှင့် မြန်မာ့လက်ရွေးစင်ကစားသမား သန်းပိုင်ကိုအငှားစာချုပ်ဖြင့်ခေါ်ယူရန် စီစဉ်နေသည်။

ချင်းယူနိုက်တက်အသင်းသည် သန်းပိုင်ကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိရာ ယခုနှစ်ဘောလုံးရာသီ ဒုတိယအကျော့ ပွဲစဉ်များပြီးဆုံးသည်အထိ ခေါ်ယူအသုံးပြုမည်ဟု ယင်းအသင်းဥက္ကဋ္ဌ ဦးမင်းဟိန်းကျော်က ပြောကြားသည်။

“သန်းပိုင်ကို အငှားစာချုပ်နဲ့ ခေါ်ယူခွင့်ရဖို့ နီးစပ်နေပါပြီ။ ချင်းယူနိုက်တက်မှာတော့ သန်းပိုင်အနေနဲ့ ကျောနံပါတ် ၂၂ ဝတ်ဆင်ရမှာပါ”ဟု ၎င်းကဆိုသည်။

ချင်းယူနိုက်တက်အသင်းအနေနှင့် အသင်းဥက္ကဋ္ဌ အပြောင်းအလဲ ဖြစ်ခဲ့ပြီးနောက် ပြုပြင်မှုများစွာ ပြုလုပ်လျက်ရှိရာ မြန်မာ့လက်ရွေးစင်နှင့် ရန်ကုန်ယူနိုက်တက်ကစားသမားဟောင်း ရာဇဝင်းသိန်းကို နည်းစနစ်ဒါရိုက်တာသစ်အဖြစ် ခေါ်ယူခန့်အပ်ထားခဲ့သေးသည်။ ယင်းအပြင် အသင်းပိုင်ကွင်း တည်ဆောက်နိုင်ရန် ကလေးမြို့အနီးတွင် စီစဉ်နေပြီး ရလဒ်ပိုင်းဆိုးရွားနေမှုအတွက် ဒုတိယရာသီဝက်အတွင်း ကစားသမားပိုင်း အားဖြည့်ပြင်ဆင်မှုများ ပြုလုပ်နေသည့်အသင်းဖြစ်သည်။

ချင်းယူနိုက်တက်အသင်းသည် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပထမရာသီဝက်အပြီးတွင် နှစ်ပွဲသာ အနိုင်ရခဲ့ပြီး တစ်ပွဲသရေ၊ ရှစ်ပွဲရှုံးနိမ့်ထားသောကြောင့် ဇယားအောက်ဆုံးတွင် ရပ်တည်နေသည်။

သန်းပိုင်အနေနှင့် ရန်ကုန်ယူနိုက်တက်အသင်း၏အရန်ခုံတွင် ထိုင်နေရသည်ထက် အခြားအသင်းတွင် ပွဲကစားခွင့်ရပါက ၎င်း၏ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်လာနိုင်သည့်အတွက် ပွဲထွက်ကစားခွင့်ပေးနိုင်မည့်အသင်းထံ အငှားချပေးမည်ဟု ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက ပြောကြားသည်။ ■ J-04



# ဘာစီလိုနာကစားသမားဘဝ သွင်းဂိုး ၅၀၀ ပြည့်ဂိုးကို မက်ဆီ သွင်းယူ၊ အကြီးကျယ်ဆုံးကစားသမားဟု ဝင့်ကြွား

Daily Mail

**ဘာစီလိုနာ၊ ဧပြီ ၂၄**

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာက ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အယ်လ်ကလပ်စီကိုဒါဘီ လာလီဂါပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး ရယူပေးနိုင်ခဲ့ခြင်းနှင့်အတူ ဘာစီလိုနာကစား သမားဘဝဖြတ်သန်းမှုအတွင်း သွင်းဂိုး ၅၀၀ ပြည့်သွားခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မက်ဆီသည် ရီးရဲလ်မက်ဒရစ်ဘက်သို့ ပွဲကစားချိန် ၃၃ မိနစ်နှင့် ပွဲပြီးခါနီးနာကျင်အချိန်ပိုတို့တွင် ဂိုးများသွင်းယူခဲ့ခြင်းဖြစ်ပြီး ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွက် အမှတ်တရဖြစ်စေမည့် မှတ်တမ်းတစ်ခုကို ရီးရဲလ်မက်ဒရစ်နှင့် ယှဉ်ပြိုင်ရသည့် အယ်လ်ကလပ်စီကိုဒါဘီပွဲစဉ်တွင် ရေးထိုးစိုက်ထူလိုက်နိုင်သည့်အတွက် လွန်စွာကျေနပ်မိကြောင်း ပွဲအပြီးတွင် မက်ဆီက ဖွင့်ဟပြောကြားသွားခဲ့သည်။

မက်ဆီသည် လက်ရှိတွင် ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ဆုံတွေ့ယှဉ်ပြိုင်သည့် အယ်လ်ကလပ်စီကိုဒါဘီပွဲစဉ်များတွင် ဂိုးအများဆုံး သွင်းယူရရှိသူ ကစားသမားအဖြစ်လည်း စံချိန်တင်ရှိသွားနိုင်ခဲ့ပြီဖြစ်ကာ အယ်လ်ကလပ်စီကို ဒါဘီပွဲစဉ်များတွင် မက်ဆီသွင်းယူခဲ့သော ဂိုးအရေအတွက်မှာ ၁၅ ဂိုး ရှိသွားခဲ့ပြီဖြစ်သည်။

မက်ဆီမတိုင်မီတွင် အယ်လ်ကလပ်စီကိုဒါဘီပွဲစဉ်များ၌ ဂိုးအများဆုံးသွင်းယူရရှိခဲ့သူကစားသမားအဖြစ် ရပ်တည်ခဲ့သူမှာ ရီးရဲလ်မက်ဒရစ်ဂန္ထဝင်တိုက်စစ်မှူး ဒီစတီဖာနိုဖြစ်ပြီး ဒီစတီဖာနိုမှာ ၎င်း၏ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ရီးရဲလ်မက်ဒရစ်ကိုကိုယ်စားပြု၍ ဘာစီလိုနာနှင့်ယှဉ်ပြိုင်သော အယ်လ်ကလပ်စီကိုဒါဘီပွဲစဉ်များတွင် သွင်းဂိုး ၁၄ ဂိုးအထိ ရယူနိုင်ခဲ့သည်။

မက်ဆီသည် အသင်းအတွက် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးလိုက်နိုင်အပြီးတွင် ၎င်း၏ဂျာစီအင်္ကျီကို ဆွဲချွတ်၍ ရီးရဲလ်မက်ဒရစ်ပရိသတ်များ ရှိရာနေရာသို့သွားရောက်ကာ ၎င်း၏ကျောနံပါတ်ကိုပြသအောင်ပွဲခံခဲ့ပြီး ယင်းသို့ အောင်ပွဲခံခဲ့ရသည့်အကြောင်းရင်းမှာ ထာဝရအကြီးကျယ်ဆုံးကစားသမားဟူသည်မှာ ၎င်းဖြစ်ကြောင်း သက်သေထူလို၍ဖြစ်သည်ဟု မက်ဆီက အသိပေးသွားခဲ့သည်။

မက်ဆီသည် ၎င်း၏ကျောနံပါတ်ကို ရီးရဲလ်မက်ဒရစ်ပရိသတ်များအား ပြသအောင်ပွဲခံခဲ့အပြီးတွင် ကောင်းကင်ကို လက်ညှိုးညွှန်၍ ၎င်း၏ခန္ဓာကိုယ်၌ သင်္ကေတတစ်ခု ရေးဆွဲသည့်ဟန် သရုပ်ဖော်ခဲ့ပြီး ယင်းအောင်ပွဲခံဟန်မှာလည်း အကြီးကျယ်ဆုံးကစားသမားအဖြစ် ၎င်းကိုယ်၎င်း ရည်ညွှန်းခြင်းသာဖြစ်သည်ဟု မက်ဆီက ရှင်းပြသွားခဲ့သည်။

မက်ဆီသည် လွန်ခဲ့သည့် ၂၀၀၁ ခုနှစ်၌ အာဂျင်တီးနားကလပ် နယူးဝဲလ်အိုးဘွိုင်းစ်ကလပ်မှနေ၍ ဘာစီလိုနာထံသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ဘာစီလိုနာသို့ ရောက်လာစဉ်ကာလတွင် မက်ဆီ၏ အသက်မှာ ၁၄ နှစ်အရွယ်သာရှိခဲ့သည်။ ■ E-11

# ချက်လက်ရွေးစင်နောက်ခံကစားသမားဟောင်း ရတ်ဂျ်တိုရယ်လ် ကြိုးဆွဲချသေဆုံး

**အစ္စတန်ဘူလ်၊ ဧပြီ ၂၄**

အသက် ၃၁ နှစ်အရွယ်ရှိ ချက်လက်ရွေးစင် နောက်ခံကစားသမားဟောင်း ရတ်ဂျ်တိုရယ်လ်သည် ကြိုးဆွဲချ၍ ၎င်းကိုယ်၎င်း သေကြောင်းကြံစည်သွားခဲ့ပြီး ရတ်ဂျ်တိုရယ်လ်အနေနှင့် မည်သည့်အတွက် ကြိုးဆွဲချခဲ့သည်ဟူသော အကြောင်းရင်းကို သိရှိနိုင်ရန်အတွက်မူ ၎င်းတို့အနေနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း တူရကီရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်ဟု ESPN က ဖော်ပြထားသည်။

ရတ်ဂျ်တိုရယ်လ်သည် လက်ရှိတွင် တူရကီကလပ် ဂါဇီယန်တက်ဇ်စပေါ်အသင်းတွင် ပါဝင်ကစားလျက်ရှိပြီး လွန်ခဲ့သည့် တနင်္ဂနွေနေ့က အသင်းထံသို့လာရောက်ပူးပေါင်းရန် ပျက်ကွက်ခဲ့သည့်အတွက် ရတ်ဂျ်တိုရယ်လ်ထံသို့ ဆက်သွယ်ရာတွင် အဆက်အသွယ်မရခဲ့ခြင်းကြောင့် တူရကီရဲတပ်ဖွဲ့ထံ ၎င်းတို့အနေနှင့် အကြောင်းကြားလိုက်ရာ၌ ရဲတပ်ဖွဲ့တာဝန်ရှိသူများက လိုက်လံရှာဖွေရာတွင် ရတ်ဂျ်တိုရယ်လ်ကို ယခုကဲ့သို့အခြေအနေမျိုးဖြင့် မြင်တွေ့လိုက်ရခြင်းဖြစ်ကြောင်း ဂါဇီယန်တက်ဇ်စပေါ်အသင်းက သတင်းထုတ်ပြန်ထားသည်။

ရတ်ဂျ်တိုရယ်လ်သည် ချက်ကလပ်ပလာဇန်အသင်းထံတွင် ကစားသမားဘဝ ခုနစ်နှစ်ကြာ ဖြတ်သန်းခဲ့ပြီးသည့်နောက်၌ ဂါဇီယန်တက်ဇ်စပေါ်ထံသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ကာ ပလာဇန်ထံတွင် ကစားသမားဘဝ ဖြတ်သန်းခဲ့စဉ်ကာလအတွင်း ရတ်ဂျ်တိုရယ်လ်က ချက်အဆင့်မြင့်တန်း



BBC

အမှတ်ပေးပြိုင်ပွဲတွင် အသင်းနှင့်အတူ ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့သေးသည်။

ရတ်ဂျ်တိုရယ်လ်သည် တူရကီနိုင်ငံရှိ ၎င်းနေထိုင်ရာနေအိမ်တွင် ကြိုးဆွဲချသေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ရတ်ဂျ်တိုရယ်လ်မှာ အသင်းစည်းမျဉ်းစည်းကမ်းများကို သေဝပ်စွာလိုက်နာသူတစ်ဦးဖြစ်ကြောင်း၊ ပြဿနာများနှင့် ရင်ဆိုင်နေရသည်ဟုလည်း ယူဆနိုင်ဖွယ် အကြောင်းအချင်းအရာ မမြင်မိကြောင်း၊ မည်သည့်အတွက် ယခုကဲ့သို့ သေကြောင်းကြံစည်သွားသည်ကို လွန်စွာ နားမလည်နိုင်ဖြစ်ရကြောင်း ဂါဇီယန်တက်ဇ်စပေါ်အသင်းဥက္ကဋ္ဌ ခီဇယ်လ်က ဖွင့်ဟပြောကြားသွားခဲ့သည်။

ရတ်ဂျ်တိုရယ်လ်သည် ၎င်း၏ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ချက်လက်ရွေးစင်အသင်းကို ပွဲစဉ်ပေါင်း ၁၄ ပွဲ ကိုယ်စားပြုခွင့်ရခဲ့ဖူးပြီး ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့တိုင် တက်လှမ်းနိုင်ခဲ့သော ချက်အသင်း၌လည်း ရတ်ဂျ်တိုရယ်လ်မှာ အသင်းသားတစ်ဦးအဖြစ် ပါဝင်ခဲ့ဖူးသည်။ ■ E-11

Tuesday, April 25, 2017 The VOICE Daily



# အာဆင်နယ်နှင့် မန်စီးတီးပရိသတ်များ ခိုက်ရန်ဖြစ်၊ လီရွိုင်းဆိန်း၏ ဖြတ်တင်ဘောမှာ စည်းမကျော်ခဲ့ကြောင်း ဟောင်းဝပ်ဝက်ဘ် ထောက်ခံ

**လန်ဒန်၊ ဧပြီ ၂၄**

အာဆင်နယ်အသင်း အားပေးသူပရိသတ်များနှင့် မန်စီးတီးအသင်း အားပေးသူပရိသတ်များသည် အာဆင်နယ်က မန်စီးတီးကို အချိန်ပိုသွင်းဂိုးနှင့်အတူ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ် အပြီးတွင် ဝင်ဘလေဘောလုံးကွင်း အပြင်ဘက်၌ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း ESPN က ဖော်ပြထားသည်။

အာဆင်နယ်ပရိသတ်များနှင့် မန်စီးတီးပရိသတ်များသည် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေချိန်ကတည်းကပင် မကျေလည်မှုများ ရှိခဲ့ကြပြီး ရန်ပွဲဖြစ်စဉ်အတွင်း ဖျန်ဖြေပေးရန်ကြိုးပမ်းသူအချို့မှာလည်း ထိခိုက်အနာတရဖြစ်ခဲ့ကြရကြောင်း မျက်မြင်သက်သေများက ထုတ်ဖော်ပြောကြားသွားခဲ့ကြသည်။

ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ်တာဝန်ထမ်းဆောင်နေသည့်ပရီးမီးယားလိဂ်ဒိုင်လူကြီးဟောင်း ဟောင်းဝပ်ဝက်ဘ်သည် အာဆင်နယ်နှင့် မန်စီးတီးတို့ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းအက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်စီးတီးအသင်း သွင်းယူခဲ့သော အဖွင့်ဂိုးကို ခွင့်မပြုခဲ့သည်မှာ မှားယွင်းကြောင်း ထောက်ပြသွားခဲ့ပြီး လက်ရှိအခြေအနေများအရ ပြိုင်ဆိုင်မှုပြင်းထန်သော အင်္ဂလိပ်ဘောလုံးလောကတွင် ဗီဒီယိုဒိုင်လူကြီးများ ထားရှိမည့်အစီအစဉ်ကို အလျင်အမြန် အကောင်အထည်ဖော်သင့်ပြီဖြစ်ကြောင်းလည်း ဟောင်းဝပ်ဝက်ဘ်က တိုက်တွန်းသွားခဲ့သေးသည်။

စည်းကြပ်ဒိုင်လူကြီးသည် မန်စီးတီးအသင်း ပွဲကစားချိန် မိနစ် ၄၀ ၌ သွင်းယူခဲ့သည့်ဂိုးကို ဂိုးလွန်ဘောဟု သတ်မှတ်ကာ ပယ်ချက်လိုက်ခြင်းဖြစ်ပြီး ဂိုးသွင်းယူရန်အတွက် တိုက်စစ်တောင်ပံကစားသမား လီရွိုင်းဆိန်း ဖြတ်တင် ဘောပေးပို့လိုက်ချိန်တွင် ဘောလုံးမှာ ဂိုးစည်းကျော်လွန်သွားခဲ့သည်ဟုဆိုကာ ၎င်းက ဂိုးလွန်ဘောသတ်မှတ်လိုက်ခြင်းဖြစ်သည်။

သို့သော် ရုပ်သံအနှေးပြကွက်များဖြင့် စနစ်တကျ တိုက်ဆိုင်စစ်ဆေးချိန်တွင် လီရွိုင်းဆိန်း၏ဖြတ်တင်ဘောပေးပို့မှုမှာ ဂိုးစည်းကျော်လွန်၍ ဂိုးလွန်ဘောဖြစ်သွားသည့်အနေအထားမျိုး မဟုတ်သည်ကို တွေ့ရှိခဲ့ရပြီး ဖြစ်စဉ်တစ်ရပ်လုံးကို ခြုံငုံကြည့်မည်ဆိုပါက လူသားမျက်လုံးဖြင့် တဒင်္ဂအချိန်တိုအတွင်း အတိအကျ အဖြေထုတ်နိုင်ရန် မလွယ်နိုင်သည့်အနေအထားမျိုးဟု ကောက်ချက်ချရမည်သာဖြစ်ကြောင်း ဟောင်းဝပ်ဝက်ဘ်က ပြောကြားသွားသည်။

အာဆင်နယ်သည် အက်ဖ်အေဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် ဖိုလ်လုပွဲအဆင့်သို့ အကြိမ်အရေအတွက် အများဆုံး တက်လှမ်းနိုင်သည့်အသင်းအဖြစ် စံချိန်တစ်ရပ် တင်ရှိလိုက်နိုင်ပြီဖြစ်ကာ လက်ရှိတွင် အာဆင်နယ်၏အက်ဖ်အေဖလားဖိုလ်လုပွဲအဆင့် တက်ရောက်နိုင်မှုအကြိမ်အရေအတွက်မှာ ၂၀ ရှိသွားခဲ့ပြီဖြစ်သည်။

အာဆင်နယ်သည် အက်ဖ်အေဖလားဖိုလ်လုပွဲအဆင့်သို့ တက်လှမ်းရောက်ရှိနိုင်မှုအကြိမ်အရေအတွက်တွင် အနီးကပ်ပြိုင်ဘက် မန်ယူထက် တစ်ကြိမ်ပိုများသွားပြီဖြစ်ကာ ချယ်လ်ဆီးနှင့် လီဗာပူးတို့ထက် ခြောက်ကြိမ် ပိုများလျက်ရှိသည်။ ■ E-11

# မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် နာဒယ်လ် ဗိုလ်စွဲ

**မိုနာကို၊ ဧပြီ ၂၄**

စပိန်တင်းနစ်ကစားသမား ရာဖေးလ် နာဒယ်လ်သည် ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ကျင်းပပြီးစီးသွားခဲ့သည့် မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသားပြိုင်ဘက် အယ်လ်ဘတ်ရာမို့စ် ဗီနိုလတ်စ်ကို ၆-၁၊ ၆-၃ ဖြင့် ပွဲလတ်နှစ်ပွဲပြတ်ဖြင့် အနိုင်ရသွားခဲ့ကြောင်း Sky Sports က ဖော်ပြထားသည်။

အသက် ၃၀ အရွယ်ရှိ နာဒယ်လ်သည်တင်းနစ်ပြိုင်ပွဲများတွင် ဆုဖလားများနှင့် တစ်နှစ်နီးပါးကြာ ဝေးကွာနေခြင်းကို ယခုပြိုင်ပွဲတွင် အဆုံးသတ်လိုက်နိုင်ခြင်းဖြစ်ကာ လက်ရှိတွင် မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲ၌ နာဒယ်လ်ချန်ပီယံဖြစ်သည်မှာ ၁၀ ကြိမ်အထိ ရှိလာခဲ့ပြီဖြစ်သည်။

နာဒယ်လ်သည် တင်းနစ်ပြိုင်ပွဲတစ်ခုတည်းတွင် ချန်ပီယံ ၁၀ ကြိမ်ဖြစ်သည့် ပထမဆုံး တင်းနစ်ကစားသမားအဖြစ်လည်း စံချိန်တစ်ခု တင်ရှိလိုက်နိုင်ပြီဖြစ်ကာ လာမည့် မေလတွင်ကျင်းပမည့် ပြင်သစ်အိုးပင်းဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခွင့်ရနိုင်ရေးအတွက် ၎င်းအနေနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်မှုများကို ရရှိပိုင်ဆိုင်လာခဲ့ပြီဖြစ်ကြောင်းလည်း နာဒယ်လ်က ဖွင့်ဟပြောကြားသွားခဲ့သည်။

နာဒယ်လ်သည်မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်တိုင်သည်အထိ ရှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးကာ ၂၀၁၃ ခုနှစ် ဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အရေးနိမ့်ခဲ့ပြီးသည့်နောက်တွင်မှ နာဒယ်လ်၏မွန်တီကာလိုတင်းနစ်ပြိုင်ပွဲတွင် ရှစ်ကြိမ်ဆက် ချန်ပီယံဖြစ်ခဲ့မှုမှာ ရပ်တန့်သွားခဲ့ခြင်းဖြစ်သည်။

နာဒယ်လ်သည် မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့၌ နှစ်ကြိမ်ဆက် ချန်ပီယံပြန်ဖြစ်ကာ တင်းနစ်ပြိုင်ပွဲတစ်ခုတည်းတွင် ၁၀ ကြိမ် ချန်ပီယံဖြစ်သည့် စံချိန်ကို ရေးထိုးစိုက်ထူလိုက်ခြင်းဖြစ်ပြီး လက်ရှိတွင် နာဒယ်လ်၏ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဆွတ်ခူးရရှိသော အေတီပီဆုဖလားအရေအတွက်မှာ ၇၀ ပြည့်သွားခဲ့ပြီလည်းဖြစ်သည်။ ■ E-11


AP

# အော်စတင်ဂရင်းပရီပြေးလမ်းပြိုင်ပွဲတွင် မက်မားကွက်ဇ် အောင်ပွဲခံ

**နယူးယောက်၊ ဧပြီ ၂၄**

ဟွန်ဒါအသင်းကိုယ်စားပြု စပိန်ဆိုင်ကယ်စီးကစားသမား မက်မားကွက်ဇ်သည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ကျင်းပပြီးစီးသွားခဲ့သည့် အော်စတင်ဂရင်းပရီ MotoGP ပြေးလမ်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်း Sportmail က ဖော်ပြထားသည်။



လက်ရှိချန်ပီယံ မက်မားကွက်ဇ်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပပြီးစီးသွားခဲ့သည့် ဂရင်းပရီပြေးလမ်းပြိုင်ပွဲ သုံးခုတွင် ပထမဆုံးအကြိမ်အဖြစ် ထိပ်ဆုံးနေရာက ပန်းဝင်ခွင့်ကို ရယူနိုင်ခဲ့ခြင်းဖြစ်ကာ ယခုမတိုင်မီ ပြေးလမ်းပြိုင်ပွဲနှစ်ခု၌ အောင်ပွဲခံခဲ့သူမှာ ယာမဟာအသင်းကိုယ်စားပြု စပိန်ဆိုင်ကယ်စီးကစားသမား ဗီနာလက်စ်ဖြစ်သည်။

မက်မားကွက်ဇ်သည် အော်စတင်ဂရင်းပရီပြေးလမ်းပြိုင်ပွဲတွင် အနိုင်ရရှိရန်အတွက် ယာမဟာအသင်းကိုယ်စားပြုကမ္ဘာ့ချန်ပီယံဟောင်း အီတလီဆိုင်ကယ်စီးကစားသမား ဗလင်တီနိုရော့စီ၊ ဟွန်ဒါအသင်းဖော် အခြားသော စပိန်ဆိုင်ကယ်စီးကစားသမားတစ်ဦးဖြစ်သူ ပီဒရိုဆာတို့နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး မက်မားကွက်ဇ်မှာ အော်စတင်ဂရင်းပရီပြေးလမ်းစတင်ဖွင့်လှစ်သော ၂၀၁၃ ခုနှစ်မှစတင်၍ လက်ရှိ ၂၀၁၇ ခုနှစ်တိုင်သည်အထိ ငါးနှစ်ဆက်တိုက်ဗိုလ်စွဲသူ တစ်ဦးတည်းသော ကစားသမားအဖြစ်လည်း စံချိန်တင်သွားနိုင်ခဲ့သည်။

မက်မားကွက်ဇ်သည် အော်စတင်ဂရင်းပရီပြေးလမ်းပြိုင်ပွဲတွင် ၄၃ မိနစ် ၅၈ ဒသမ ၇၇၀ စက္ကန့်ဖြင့် ထိပ်ဆုံးနေရာက ပန်းဝင်ခဲ့ခြင်းဖြစ်ပြီး ဗလင်တီနိုရော့စီမှာ မက်မားကွက်ဇ်၏နောက် ၃ ဒသမ ၀၆၉ စက္ကန့်အကွာဖြင့် ဒုတိယသာ ရရှိခဲ့သည်။

ဗလင်တီနိုရော့စီသည် ကျင်းပပြီးစီးသွားခဲ့သည့် ပြေးလမ်းပြိုင်ပွဲသုံးခုတွင် ထိပ်ဆုံးနေရာက ပန်းဝင်ခဲ့ခြင်း မရှိသော်လည်း စုစုပေါင်းအမှတ်ရရှိမှုအရ MotoGP ကမ္ဘာ့ချန်ပီယံဆု အမှတ်ပေးဇယားကို ရမှတ် ၅၆ မှတ်ဖြင့် ထိပ်ဆုံးက ဦးဆောင်လျက်ရှိကာ ဗလင်တီနိုရော့စီကို ဒုတိယနေရာမှနေ၍ ရမှတ် ၅၀ ဖြင့် ဖိအားပေးထားသည်မှာ ဗီနာလက်စ်ဖြစ်သည်။

ရာသီဖွင့်ပြေးလမ်းပြိုင်ပွဲနှစ်ခုတွင် အနိုင်ရဗိုလ်စွဲခဲ့သော ဗီနာလက်စ်သည် အော်စတင်ဂရင်းပရီပြေးလမ်းပြိုင်ပွဲတွင်မူ ကံကြမ္မာဆိုးဖြင့် ကြုံဆုံခဲ့ရပြီး ဒုတိယမြောက်ပြေးလမ်းပတ်၌ပင် ဆိုင်ကယ်တိမ်းမှောက်ကာ ဗီနာလက်စ်က ပြိုင်ပွဲမှနေ၍ ထွက်ပေးလိုက်ရသည်။ ■ E-11

# အရှေ့တောင်အာ ရှုကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေတံဆိပ်တစ်ခုအပါအဝင် ဆုသုံးခုရ

**ရန်ကုန်၊ ဧပြီ ၂၄**

ထိုင်းနိုင်ငံ ခိုရတ်မြို့၌ ဧပြီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် အရှေ့တောင်အာရှတံခွန်စိုက်ကာယဗလနှင့်ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် မြန်မာအဖွဲ့က ရွှေတံဆိပ်တစ်ခုအပါအဝင် ဆုတံဆိပ် သုံးခုရရှိခဲ့သည်။

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့အနေနှင့် မျိုးဆက်သစ်ကစားသမားများ အတွေ့အကြုံရစေရန်ရည်ရွယ်၍ အဆိုပါ ပြိုင်ပွဲကို စေလွှတ်ခဲ့ရာမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်ဟု ယင်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောကြားသည်။

“ဒီပွဲအတွက် မြန်မာလူငယ်တွေကို အဓိကထား ဦးစားပေးခဲ့တာပါ။ အခုလို ဆုတံဆိပ်တွေရယူနိုင်ခဲ့တဲ့အတွက် အဖွဲ့ချုပ်အနေနဲ့ ကစားသမားတွေကို ဆုချီးမြှင့်ဖို့ စီစဉ်နေပါတယ်”ဟု ၎င်းကဆိုသည်။

၁၄ ကြိမ်မြောက်ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲကို မြန်မာကစားသမား ငါးဦးဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ၆၅ ကီလိုတန်းတွင် ဝင်ပြိုင်ခဲ့သည့် မောင်မောင်မြင့်က ရယူပေးခဲ့ပြီး ကီလို ၆၀ တန်းတွင်ဝင်ပြိုင်ခဲ့သည့် မိုးဆွေက ငွေတံဆိပ်၊ အမျိုးသမီးကာယကြံ့ခိုင်မှု ၁၆၅ ကီလိုအထက်ပြိုင်ပွဲဝင်ခဲ့သည့် နေခြည်တင့်ဝေက ကြေးတံဆိပ်ဆု ရယူပေးခဲ့ပြီး မျိုးမင်းအေးနှင့် ငြိမ်းငြိမ်းအေးတို့မှာမူ ဆုတံဆိပ် မရခဲ့ကြောင်း ဦးကျော်စိန်သန်းက ရှင်းပြသည်။

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့သည် ဧပြီလ ၂၄ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ရာ ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က ဂုဏ်ပြုပွဲကျင်းပပေးမည်ဖြစ်သည်။

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့အနေနှင့် ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာတွင်လည်း ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။ ■ J-04

# အခက်ခဲဆုံးကာလများကို အာဆင်နယ် ကျော်ဖြတ်လိုက်နိုင်ပြီဟု အာစင်ဝင်းဂါး ကြုံးဝါး၊ အသင်းတွင် ဆန်းချက်ဇ် ဆက်ရှိမည်ဟု ယုံကြည်

**လန်ဒန်၊ ဧပြီ ၂၄**

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်က မန်စီးတီးကို အချိန်ပိုသွင်းဂိုးနှင့်အတူ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူကျော်ဖြတ်၍ ဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့အပြီး၌ ၎င်းတို့အနေနှင့် အခက်ခဲဆုံးသောကာလတစ်ခုကို နောက်တွင် ချန်ထားလိုက်နိုင်ပြီဖြစ်ကြောင်း အသိပေးပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်အသင်း အက်ဖ်အေဖလားဗိုလ်လုပွဲသို့ တက်လှမ်းရောက်ရှိသွားခဲ့ခြင်းသည် အာဆင်နယ်နှင့် နည်းပြအာစင်ဝင်းဂါးအကြား၌ ၂ နှစ်သက်တမ်းစာချုပ်သစ် အကောင်အထည်ပေါ်လာနိုင်ရေးကို နီးစပ်သွားစေခဲ့ပြီဖြစ်ကာ အာစင်ဝင်းဂါးကမူ ၎င်း၏အနာဂတ်ကို လက်ရှိအချိန်တွင် ထုတ်ဖော်အသိပေးဦးမည်မဟုတ်ကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

အာဆင်နယ်သည် နည်းပြအာစင်ဝင်းဂါး၏ဦးဆောင်မှုအောက်တွင် အက်ဖ်အေဖလားကို ခြောက်ကြိမ်ဆွတ်ခူးရယူနိုင်ခဲ့ပြီးဖြစ်ကာ ဗိုလ်လုပွဲအဆင့်တွင် ချယ်လ်ဆီးကို အနိုင်ယူ၍ ချန်ပီယံဆုဖလားကို နောက်တစ်ကြိမ် ထပ်မံ ကိုင်မြှောက်နိုင်လိမ့်ဦးမည်ဟု ၎င်းအနေနှင့် အခိုင်အမာ ယုံကြည်ထားကြောင်းလည်း အာစင်ဝင်းဂါးက ကြုံးဝါး ပြောကြားထားသည်။

အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးကလည်း အသင်းသားများအနေနှင့် နည်းပြအာစင်ဝင်းဂါးအတွက် အကောင်းဆုံး ပေးဆပ်ကစားနေဆဲဖြစ်သည်ကို အက်ဖ်အေဖလားဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခြင်းဖြင့် သက်သေပြ လိုက်နိုင်ပြီဟု အသိပေးသွားခဲ့ကာ အက်ဖ်အေဖလားဗိုလ်လုပွဲသို့ရောက်ရှိခြင်းက အသင်း၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်များကို ပြန်လည်တိုးတက်လာစေလိမ့်မည်ဟုလည်း ရမ်ဆေးက သုံးသပ်ထားသည်။

နည်းပြအာစင်ဝင်းဂါးသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အာဆင်နယ်ကိုစွန့်ခွာ၍ အသင်းပြောင်းရန် ရေပန်းစားနေသည့် တိုက်စစ်မှူးဆန်းချက်ဇ်ကို စာချုပ်သစ်ချုပ်၍ အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု ယုံကြည်ထားဆဲဖြစ်ပြီး စကားအသွားအလာများအရ အာစင်ဝင်းဂါးမှာ အာဆင်နယ်နည်းပြအဖြစ် ဆက်ရှိနေရန် ရာနှုန်းပြည့်နီးပါး သေချာနေပြီဟု သတင်းမီဒီယာများက သုံးသပ်ထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် အာစင်ဝင်းဂါးက "ဆန်းချက်ဇ်နဲ့ အာဆင်နယ်အကြားမှာ တူညီတဲ့အကြောင်းအရာတွေ အများကြီးရှိပါတယ်။ အစပိုင်းမှာ အခက်အခဲတွေနဲ့ ရုန်းကန်ရပြီး အဲဒီအခက်အခဲတွေကြားကနေ သန်မာသထက် သန်မာလာတာက ဆန်းချက်ဇ်နဲ့ အာဆင်နယ်ရဲ့ တူညီမှုပါပဲ။ သူက ဘယ်ပြိုင်ဘက်ကိုမဆို အလဲထိုးပစ်လိုက်ဖို့ အမြဲတစေ အသင့်ရှိနေသူပါ။ သူနဲ့အသင်းအကြားမှာ စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိပါသေးတယ်။ ဒီတော့ လာမယ့်ဘောလုံးရာသီမှာ သူက အာဆင်နယ်ကစားသမားအဖြစ် ဆက်ရှိနေဦးမှာပါပဲ။ သူ့ကို စာချုပ်သစ်ချုပ်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ဘက်က နည်းလမ်းအားလုံးနဲ့ ကြိုးပမ်းနေပါတယ်" ဟု ပြောကြားသွားခဲ့သည်။

■ E-11




# ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကန့်တီနှင့် အယ်လ်လီတို့ ဆွတ်ခူး

**လန်ဒန်၊ ဧပြီ ၂၄**

ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန့်တီနှင့် စပါးကွင်းလယ်ကစားသမား အယ်လ်လီတို့သည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများ အစည်းအရုံး (ပီအက်ဖ်အေ)က ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများကို အသီးသီး ဆွတ်ခူးရရှိသွားခဲ့ကြောင်း BBC က ဖော်ပြသည်။

ကန့်တီသည် လက်ရှိဘောလုံးရာသီအတွက် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကာ အယ်လ်လီကမူ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

ကန့်တီသည် လက်ရှိဘောလုံးရာသီတွင် ချယ်လ်ဆီးကိုကိုယ်စားပြု၍ ပရီးမီးယားလိဂ်ပွဲစဉ်ပေါင်း ၃၁ ပွဲ ပါဝင်က စားခွင့်ရရှိခဲ့ရာတွင် သွင်းဂိုး တစ်ဂိုး၊ ဂိုးဖန်တီးမှု တစ်ကြိမ် ရယူပံ့ပိုးပေးနိုင်ခဲ့ပြီး ယင်းပွဲစဉ် ၃၁ ပွဲတွင် ကန့်တီက အသင်းအတွက် အောင်မြင်သည့် ဘောလုံးပေးပို့မှုပေါင်း ၁,၉၉၉ ကြိမ်၊ အောင်မြင်သည့်ဘောလုံးဖျက်ထုတ်မှုပေါင်း အကြိမ် ၁၁၀ ဆောင်ရွက်ပေးနိုင်ခဲ့သေးသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ကွန့်တီသည် ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ချယ်လ်ဆီး ကွင်းလယ်လူ ဟားဇတ်၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်၊ အဲဗာတန်တိုက်စစ်မှူး လုကာကုနှင့် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်တို့ကို ကျော်ဖြတ်၍ ဆွတ်ခူးရရှိသွားခဲ့ခြင်းဖြစ်ပြီး လက်ရှိ ဘောလုံးရာသီတွင် ချယ်လ်ဆီးနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဖြစ်ခွင့်ရခဲ့မည်ဆိုပါက မတူညီသည့်အသင်း နှစ်သင်းနှင့် ပရီးမီးယားလိဂ်ဆုဖလားကို ၂ နှစ်ဆက်တိုက် ကိုင်မြှောက်ခွင့်ရရှိသည့် ပထမဆုံးကစားသမား ဟူသော စံချိန်သစ်တစ်ရပ်ကိုလည်း ကန့်တီက ရေးထိုးစိုက်ထူနိုင်လိမ့်မည်ဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်ကွင်းလယ်ကစားသမားဟောင်း ဒန်နီမာဖီကလည်း ကန့်တီမှာ အစားထိုးမရနိုင်သည့်ကစားသမားမျိုးဟု ချီးကျူးပြောကြားထားပြီး လက်ရှိဘောလုံးရာသီတွင် ချယ်လ်ဆီးကွင်းလယ်ဟန်ချက်ကို ကန့်တီက အကောင်းဆုံးထိန်းညှိပေးနေခြင်းဖြစ်ကြောင်းလည်း မာဖီက သုံးသပ်ထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မာဖီက "ကန့်တီက ဥရောပအဆင့်မဟုတ်ရင်တောင် ပရီးမီးယားလိဂ်မှာတော့ အကောင်းဆုံးကွင်းလယ်ကစားသမားပါပဲ။ ချယ်လ်ဆီးမှာ ဟားဇတ် တစ်စုံတစ်ခုဖြစ်သွားရင် အဲ့ဒီနေရာအတွက် ဝီလျံကို အစားထည့်လို့ရပါတယ်။ ဒါပေမဲ့ ကန့်တီရဲ့နေရာကတော့ အစားထိုးဖို့မလွယ်လှပါဘူး။ သူဟာ ပရီးမီးယားလိဂ်ရဲ့အဖိုးအထိုက်တန်ဆုံးကစားသမားပါ" ဟု ပြောကြားသွားခဲ့သည်။

စပါးအသင်းကွင်းလယ်ကစားသမား အယ်လ်လီသည် ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ၂ နှစ်ဆက် ဆွတ်ခူးရရှိခြင်းဖြစ်ကာ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုကိုမူ မန်စီးတီးအမျိုးသမီးအသင်း ဗဟိုခံစစ်မှူး လူစီဘရွန့်ဇ်က ရရှိသွားခဲ့သည်။

ပီအက်ဖ်အေသည် ဘာမင်ဂမ်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား ဂျက်စ်ကာတာကို တစ်နှစ်တာအကောင်းဆုံး အမျိုးသမီး လူငယ်ကစားသမားအဖြစ် ရွေးချယ်ခဲ့ပြီး အင်္ဂလန်လက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းမှာလည်း ဘောလုံးအားကစားတိုးတက်ပြန့်ပွားစေရေးဆိုင်ရာလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့မှုဖြင့် ပီအက်ဖ်အေ၏ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ ■ E-11

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မြဝတီရုပ်သံ တိုက်ရိုက်ပြသမည်

**ရန်ကုန်၊ ဧပြီ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အောက်ရှိ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီက ဦးဆောင်ကျင်းပမည့် ၂၀၁၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲကို မြဝတီရုပ်သံလိုင်းက တိုက်ရိုက်ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မေလမှ အောက်တိုဘာလအထိ ကျင်းပမည်ဖြစ်ရာ တစ်ရက်တစ်ပွဲနှုန်းဖြင့် မြဝတီအခမဲ့ရုပ်သံလိုင်း (Free To Air) မှ နေ၍ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ကျင်းပမည်ဖြစ်ပြီး ပထမအဆင့် ပွဲစဉ်များအနက် မေလ ၂ ရက်နေ့တွင် ဖုန်ဂန်နှင့် GFA အသင်း၊ Silver Star နှင့် City Stars၊ မေလ ၃ ရက်နေ့တွင် Phoenix(A) နှင့် မောရဝတီအသင်း၊ မြဝတီနှင့် စီးတီးရန်ကုန်အသင်း၊ မေလ ၄ ရက်နေ့တွင် နေပြည်တော်နှင့် ဒဂုံအသင်း၊ မဟာယူနိုက်တက်နှင့် ယူနီဗာစတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းနောက် ၁၆ သင်းအဆင့်ပွဲစဉ်များကို မေလ ၁၀ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကာ ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာလ ၂၀ နှင့် ၂၁ ရက်တို့တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲပထမအကျော့ကို စက်တင်ဘာ ၂၉ နှင့် ၃၀၊ ဒုတိယအကျော့ကို အောက်တိုဘာ ၁၈ နှင့် ၁၉ တို့တွင်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ အောင်ဆန်းကွင်း၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပမည်ဟု မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲတွင် ပထမရသည့်အသင်းကို ကျပ်သိန်း ၃၀၀၊ ဒုတိယရသည့်အသင်းကို ကျပ်သိန်း ၁၅၀၊ တတိယရသည့်အသင်းကို ကျပ်သိန်း ၁၀၀ ချီးမြှင့်မည့်အပြင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်သည့်အသင်းများကို တစ်သင်းလျှင် ကျပ် ၇၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းကို မကွေးအသင်းက အနိုင်ရခဲ့ပြီး ချန်ပီယံဖြစ်ခဲ့သည်။

■ J-04

# မိုနာကိုကို မန်ယူ အပိုဆုကြေး ပေါင် ၈ ဒသမ ၅ သန်း ပေးရမည်၊ ပေါ့ဂ်ဘာနှင့် အဂူရိုတို့ မန်ချက်စတာဒါဘီပွဲစဉ် ကစားနိုင်ရန် မသေချာ

**မန်ချက်စတာ၊ ဧပြီ ၂၄**

မန်ယူတိုက်စစ်မှူး မာတီရယ်လ်သည် မန်ယူက ဘန်လေကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၂၁ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းနှင့်အတူ မန်ယူကစားသမားဘဝ ဖြတ်သန်းမှုအတွင်း သွင်းဂိုး ၂၅ ဂိုးပြည့်သွားခဲ့ပြီဖြစ်ကာ ယင်းအတွက် မာတီရယ်လ်ကို ခေါ်ယူခဲ့စဉ်၌ သဘောတူညီထားခဲ့မှုများအရ မန်ယူက မိုနာကိုကို အပိုဆုကြေးအကျိုးခံစားခွင့်ပေါင် ၈ ဒသမ ၅ သန်း ထပ်ဆောင်းပေးချေသွားရတော့မည်ဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

မန်ယူသည် ၂၀၁၅ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ မာတီရယ်လ်ကို ပြင်သစ်လီဂူးကလပ် မိုနာကိုထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အပြောင်းအရွှေ့ဖြစ်မြောက်ချိန်တွင် မန်ယူက ကနဦးအဖြစ် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃၆ သန်းသာ ပေးချေခဲ့ရသော်လည်း အခြားသော သဘောတူညီထားချက်များအရ မာတီရယ်လ်၏ပြောင်းရွှေ့ကြေးပမာဏမှာ ပေါင် ၅၈ သန်းသို့ တဖြည်းဖြည်းချင်း မြင့်တက်ရောက်သွားနိုင်ကြောင်း မန်ယူက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

မာတီရယ်လ်သည် မန်ယူက ဘန်လေကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပုံစံကောင်းတစ်ခု ပြန်လည်ပြသသွားနိုင်ခဲ့ကာ မာတီရယ်လ်မှာ အခြားသောနေရာများထက် အထောင်တိုက်စစ်မှူးအဖြစ် ကစားရပါက ပိုမိုခြေ စွမ်းပြနိုင်လေ့ရှိကြောင်း ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသည့် မန်ယူအသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဂယ်ရီနဗီးလ်ကလည်း ထောက်ခံပြောကြားသွားခဲ့သည်။

မာတီရယ်လ်သည် မန်ယူအတွက် ယမန်နှစ်ဘောလုံးရာသီ၌ သွင်းဂိုး ၁၇ ဂိုး၊ လက်ရှိဘောလုံးရာသီတွင် သွင်းဂိုးရှစ်ဂိုးရယူပေးကာ မန်ယူကစားသမားဘဝဖြတ်သန်းမှုအတွင်း သွင်းဂိုး ၂၅ ဂိုး ပြည့်သွားခဲ့ခြင်းဖြစ်ပြီး မာတီရယ်လ်မှာ ယုံကြည်မှုနှင့်ထိုက်တန်ကြောင်းကို အရေးပါသော သွင်းဂိုးတစ်ဂိုးနှင့် သက်သေပြနိုင်ခဲ့သည်ဟု မန်ယူနည်းပြမော်ရင်ညိုကလည်း ချီးကျူးပြောဆိုသွားခဲ့သည်။

မန်ယူသည် မိုနာကိုကို ပြင်သစ်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ မာတီရယ်လ်က ပွဲစဉ် ၂၅ ပွဲ ပါဝင်ကစားခွင့်ရရှိပါက အပိုဆုကြေး ပေါင်ကိုးသန်း၊ ဘာလွန်ဒီအော်ဆု (ရွှေဘောလုံးဆု)နောက်ဆုံးအဆင့် ဆန်ခါတင်ကစားသမားသုံးဦးစာရင်းတွင် မာတီရယ်လ်ပါဝင်လာခဲ့မည်ဆိုပါက အပိုဆုကြေး ပေါင်ကိုးသန်း ထပ်မံအကျိုးခံစားခွင့် ပေးရလိမ့်ဦးမည်ဖြစ်ကာ လက်ရှိတွင် မာတီရယ်လ်က ပြင်သစ်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ပွဲစဉ်ပေါင်း ၁၅ ပွဲ ကစားခွင့်ရရှိခဲ့ပြီးလည်းဖြစ်သည်။

မန်ယူကွင်းလယ်ကစားသမား ပေါ့ဂ်ဘာနှင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့သည် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေကြရသည့်အတွက် လာမည့်ဧပြီလ ၂၇ ရက်နေ့တွင် ယှဉ်ပြိုင်ရမည့် မန်ချက်စတာဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်ကို လွဲချော်ကြရဖွယ်ရှိနေပြီး ပေါ့ဂ်ဘာမှာ မန်ယူက ဘန်လေကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာကိုလည်းကောင်း၊ အဂူရိုမှာ အာဆင်နယ်က မန်စီးတီးကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သော အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာကိုလည်းကောင်း ရရှိသွားခဲ့ခြင်းဖြစ်ကြောင်း Daily Star က ရေးသားထားသည်။

■ E-11





# FOREIGN AFFAIRS






Foreign News Analysis




## မျက်နှာသစ် လစ်ဘရယ် မက်ခရွန်နှင့် အမျိုးသားရေး အစွန်းရောက် မာရင်းလာပန်း ပြင်သစ်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ ပြိုင်ရမည်

**Special Feature by ZWN**

၁၉၅၈ ခုနှစ် ချားလ်စ်ဒီဂေါလ် စတင်ထူထောင်ခဲ့သော ပဉ္စမသမ္မတနိုင်ငံတော်၏ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပင်မနိုင်ငံရေးအင်အားစုကြီးနှစ်ခုဖြစ်သော ဆိုရှယ်လစ်နှင့် ရီပတ်ဘလီကန်အုပ်စုများမှ သမ္မတလောင်းများ မပါဝင်တော့သည့် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို မေလ ၇ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဧပြီလ ၂၄ ရက်နေ့က ကျင်းပသော ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဖြစ်ရိုးဖြစ်စဉ်အတိုင်း မည်သည့်သမ္မတလောင်းမှ မဲထက်ဝက်ကျော်မရခဲ့သောကြောင့် မဲအများဆုံးရခဲ့သည့် ဗဟိုဝါဒီ လစ်ဘရယ် သဘောထားရှိသူ အီမန်နျူရယ်လ်မက်ခရွန်နှင့် အမျိုးသားရေး အစွန်းရောက် မာရင်းလာပန်းတို့ ဒုတိယအကျော့ထပ်မံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

စာ - 23

## ALSO IN NEWS

## လိင်အရုပ်မတွေနဲ့ ဖျော်ဖြေမယ့် ဗြိတိန်ရဲ့ ပထမဆုံးဆောင်ကြာမြိုင် မကြာမီ လာမည်

စက်ရုပ်လိင်အရုပ်မတွေနဲ့သာ ကာမဂုဏ်ခံစား ပျော်ပါးလို့ရမယ့် ပထမဆုံး ဆောင်ကြာမြိုင်ကို ဗြိတိန်မှာ ဖွင့်ပါတော့မယ်။ ဒါမျိုးအရုပ်တွေသာ ထားရှိပေးတဲ့ ဆောင်ကြာမြိုင်က ဗြိတိန်မှာ ပထမဆုံးဖြစ်ပေမယ့် ဘာစီလိုနာမှာတော့ ရှိခဲ့ပြီးဖြစ်ပါတယ်။ စပိန်လုပ်ငန်းရှင်တွေက ဗြိတိန်မှာလည်း အလားတူဖွင့်ဖို့အတွက် ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ ဗြိတိန်ဘက်က ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ချင်တယ်လို့ သူတို့က ပြောကြားပါတယ်။ လူသားနဲ့ ခွဲမရအောင်တူတဲ့ စက်ရုပ်အရုပ်မမျိုးကို ကြိုက်နှစ်သက်သူတွေ မြင့်တက်လာတယ်လို့ စပိန်ကုမ္ပဏီတစ်ခုက ဆိုထားပါတယ်။ ဗြိတိန်မှာ ပြည့်တန်ဆာအိမ် ဖွင့်ခြင်းဟာ တရားမဝင်တာမို့ အရုပ်မနဲ့ဆိုရင်တော့ တရားဝင်ဖြစ်ပါလိမ့်မယ်လို့ မျှော်လင့်ကြတာဖြစ်ပါတယ်။ အမျိုးသမီးတွေနဲ့ဆိုရင် လုပ်လို့မရတဲ့ လိင်ပိုင်းဆိုင်ရာ စတန့်ထွင်တာတွေက ခွင့်ပြုပေးတဲ့ စက်ရုပ်မတွေရဲ့ ကောင်းကွက်ကို လုပ်ငန်းရှင်တွေက ကြေညာကြတာဖြစ်ပါတယ်။ Lumidolls လို့ခေါ်တဲ့ ကုမ္ပဏီက လိင်စက်ရုပ်ကုမ္ပဏီတွေနဲ့ ညှိနှိုင်းနေတယ်လို့ ထုတ်ဖော်ပြောထားပြီး ဗြိတိန်ဈေးကွက်ကိုဝင်မယ်လို့ ဆိုပါတယ်။ ■ F-02




